www.burmeseclassic.com

# မရှိမကောင်းရှိမကောင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

BURMESE CLASSIC .com

ရွှေသမင်
*စာပေမှ စီစဉ်တင်ဆက်သည်။*

# မောင်ဒိုင်းခ

# မရှိမကောင်း ၊ ရှိမကောင်း

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၁၄၆/၂၀၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၅၆/၁၀၅၁၀ |
| အကြိမ် | – | ပထမအကြိမ်<br>၂၀၁၀–ခုနှစ်၊ ဇွန်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြဲ–၁၃၇၆၉)<br>ရွှေသမင်စာပေ<br>၃၇/၄၄လမ်း၊<br>ဗိုလ်တထောင်မြို့နယ်၊<br>ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဒေါ်အေးအေး (မြဲ–၀၇၄၉၀)<br>စန်းသော်တာပုံနှိပ်တိုက်<br>၀၂၁၇ (၅၃)၊ ၅၅ လမ်း<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်းခ

မရှိမကောင်း၊ ရှိမကောင်း/ ဒီနိုင်းခ၊ – ရန်ကုန်
ရွှေသမင်စာပေ၊ ၂၀၁၀။

၂၄၈ – စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။

(၁) မရှိမကောင်း၊ ရှိမကောင်း




လင်မယားအကြောင်း .....

ရပ်ကွက်ထဲကလူတွေအကြောင်း .....

ပြီးတော့ .....



www.burmeseclassic.com

www.burmeseclassic.com



## အမှာ

ဤစာအုပ်ရေးဖို့အတွက် ကျွန်တော် ရေးသားခဲ့ပြီး "ဆိုနေကျသီချင်းနဲ့ခရီးဆက်တဲ့ငှက်"ကို အခြေခံရေးသားခဲ့ခြင်း ဖြစ်ပါတယ်။ သူငယ်ချင်းမိတ်ဆွေတွေ ကျွန်တော့်စာဖတ် ပရိသတ်အချို့က "ဆိုနေကျသီချင်းနဲ့ခရီးဆက်တဲ့ငှက်" ထဲက ဇာတ်ပို့ဇာတ်ရံတွေက သဘောကျစရာကောင်းတယ်၊ ဓ ဒီဇာတ်ကောင်တွေနဲ့ မင်း ဝတ္ထုတစ်ပုဒ်ဖန်တီးပါလားလို့ အကြံ ပေးကြတာနဲ့ ကျွန်တော်လည်း ရေးဖြစ်ခဲ့ပါတယ်။ နောက်ပြီး ပရိသတ်တွေအနေနဲ့ "ဆိုနေကျသီချင်းနဲ့ခရီးဆက်တဲ့ငှက်" ဝတ္ထုထဲက ဇာတ်ဝင်ခန်းအနည်းငယ်ကို အခုစာအုပ်မှာ ပြန် လည်ပြုပြင် အသုံးပြုထားခြင်းအတွက် ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ်။

ရပ်ကွက်ထဲက မိတ်ဆွေများကို အထူးကျေးဇူးတင်ပါ သည်။

✿✿✿✿✿✿✿✿✿✿✿





BURMESE CLASSIC .com

ဦးဖေသန်းက နားသိပ်မကောင်း။ ထို့အတူ သူနဲ့စကားပြောနေတဲ့ ဦးမြင့်သိမ်းကလည်း နားထဲရောင်လို့ဆိုပြီး ဒီနေ့မှ တိုက်ပွဲတိုက် ဆိုင်ဆိုင်။

လော်စပီကာနဲ့ အသံချဲ့စက် ဆင်ပေးတဲ့ ဖိုးခွေးက ...

"ဦးလေးဖေ စက်ဖွင့်ထားပြီးပြီနော်"

ဦးဖေသန်း စိတ်ထဲမှာ ကြားနေရတာက လမ်းဖွင့်ပွဲပြီးသွားပြီ နော်လို့ ကြားလိုက်ပါတယ်။

"သြော်.. အေး၊ ဒီနေ့ ဟိုရပ်ကွက်မှာ လမ်းဖွင့်ပွဲရှိတာပဲ"

ဖိုးခွေးက ပြောပြီး လစ်ထွက်သွားတာမို့ မကြားပါ။

"ဟော့လူ ညကျရင် ခင်ဗျားပြောတဲ့ ကုလားအိုးကွဲ သွားဖူးတယ် ဒီနိုင်းခရှိအောင် သွားရအောင်ဗျာ"

"ကာရာအိုကေ လုပ်စမ်းပါ ကိုဖေသန်းရာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်သိမ်းစကားကြောင့် ဦးဖေသန်းက နားတစ်ဖက် ရွက်လှုပ်ရှုံး ဟဲဟဲဟဲနဲ့ ...

"စကားပြော လောကြီးသွားလို့ပါဗျာ"

ရပ်ကွက်ထဲကလူတွေက ကိုယ့်အိမ်ကနေ ကိုယ်နားထောင်ပြီးရယ်တဟားဟား။ ဒါပေမယ့် အဲဒီလိုမရယ်နိုင်သူတွေက ဦးဖေသန်းမိန်းမ ဒေါ်စိန်တုတ်နဲ့ ဦးမြင့်သိမ်းမိန်းမ ဒေါ်တင်အေး တို့ဖြစ်သည်။

"သေနာကျကြီး အသက်ကြီးမှ ပင်လယ်ထဲ လက်ပစ်ကူးချင်နေတယ်"

ဒေါ်စိန်တုတ် အဲဒီလိုကြိမ်းဝါးသလို ဒေါ်တင်အေးကလည်း ရေတိသီးထောင်းနေရာမှ ...

"ပြောလိုက်ရင် ဘုရား တရား၊ နောက်ကွယ်မှာတော့ ကားရှား ကားရားလုပ်ချင်နေတဲ့ကောင် တွေ့မယ်"

ရာသက်ပန်မွှာရုံထဲမှာတော့ တဏှာတရားခွေကတော့ အရှိန် ကောင်းကောင်း။

"ဟိုလူ ကပ်ရိုက်ကပ်ခွေ ဦးမြဖေ လိုက်မှာလား"

ဦးမြဖေ ဆိုတာက ဒီရပ်ကွက်ထဲမှာ သံချည်သံကွေးလုပ်ငန်း တည်ထောင်ထားတဲ့ပုဂ္ဂိုလ်။ သူ့စိတ်ထဲမှာ ဘယ်သူ့ကို ကပ်ရိုက် ကပ်ခွေလုပ်ရမလဲ တစ်ချိန်လုံး စဉ်းစားနေတဲ့ ပုထုဇဉ်လူသား။ ဦးဖေသန်းတို့ မွှာရုံလူကြီးဖြစ်တော့ အော်တိုမစ်တစ် မွှာရုံဘဏ္ဍာရေး





မှူးဖြစ်လာတဲ့သူ။ ဒီရာထူးရပြီးကတည်းက ဦးဖေသန်း သင်ပေးထားတဲ့ ...

'ပုထုဇနော ဥမ္မာတကော' ဆိုတဲ့ စကားကို ရပ်ကွက်ထဲမှာ ရေလဲပုဆိုးလို သုံးတတ်တဲ့သူ၊ ဒါမှမဟုတ် သူ့မိန်းမ ဒေါ်ဥမ္မာ က သူ့ယောက်ျားကို အခုလို ပြန်ပြောတတ်ပါတယ်။ အဲဒါက...

"ရှင့်အကြောင်းမသိရင်ခက်မယ် ကိုမြဖေရေ၊ ယီးတီးယားတား လုပ်ဖို့ မကြံနဲ့နော်၊ ဒီမှာတွေ့လား တုတ်၊ ထိပ်ဖုချင်လော ဥမ္မာ သလော ဖြစ်သွားမယ် ဟင်း ..."

အဲဒီလို တဏှာနက္ခတ်နဲ့ မွေးလာတဲ့လူ။

"ဒီလိုပွဲမျိုးကို ဒီလူ အလွတ်ပေးရိုးထုံးစံ ရှိလို့လားဗျာ"

ရပ်ကွက်ထဲကလူတွေကတော့ အသံလွှင့်ဇာတ်လမ်းနားထောင်နေရသလို သဘောတွေကျပြီးရင်းကျနေတာပေါ့။ ဦးဖေသန်းဆိုသူ ဘယ်အလှူခံမဆို မိုက်ခရိုဖုန်းကိုကိုင်နေရရင် ပြီးရော၊ ဘယ်လောက်မိုက်ကြိုက်သလဲဆိုရင် ညဘက်အိပ်ရင်တောင် လက်ထဲမှာ သခွားသီးဖြစ်ဖြစ် တစ်ခုခုဖြစ်ဖြစ် ကိုင်ပြီးမှ အိပ်လို့ရတဲ့ထုံးစံ ရှိသည်။ ဒီလူက အိမ်ခန်းတွေငှားပြီး စီးပွားရေးလုပ်စားသူ။ သူ သုံးလတစ်ခါ တရားစခန်းဝင်တတ်ပါတယ်။ အဲဒီ တရားစခန်းဝင်ပြီဆိုရင် သူ ငှားထားတဲ့အိမ်ငှားတွေ ဘုရား တရားသာ တပေတော့၊ ဘာကြောင့်လဲ လို့မေးရင် တရားစခန်းကပြန်လာရင် အိမ်လခတိုးတောင်းတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွင်း ရှိသည်။ သူ့ရဲ့ဆောင်ပုဒ်က ...

အနိစ္စ ဒုက္ခ အိမ်လခ တဲ့။

"အဲဒီအခန်းထဲမှာ ဘာလုပ်လို့ရလဲ ကိုမြင့်သိမ်း၊ ဟဲ ဟဲ ခင်ဗျား တ အတွေ့အကြုံရှိသူဆိုတော့ ပြောပါဦး"

ဒီလို လမ်းကြောင်းမှာတော့ ဦးမြင့်သိမ်းနဲ့ ကပ်ရိုက်ကပ်ခွေ ဦးမြဖေက ဆရာကြီး။

ဦးမြင့်သိမ်းက သူ့ကို ဆရာတင်တော့ ရာဂအမြှုံ့လေးကို သွား ရည်တမျှားမျှားနဲ့ အနားသတ်ရင်း ...

"ခင်ဗျားကြိုက်တဲ့မိုက်ကိုကိုင် သမီးလေးတွေစပ်ပေးတဲ့အရည် ကို သောက် ..."

"ဘာအရည်လဲဗျ။ မန်ကျည်းဖျော်ရည်လား"

ဦးမြဖေ အသံကြောင့် ဦးမြင့်သိမ်း မျက်နှာကြီးက စားခါနီးအမဲ သား ခွေးချေးပုံထဲကျသွားသလို ရှုံ့မဲ့သွားပါတယ်။

"ခင်ဗျားကလဲ တုံးရန်ကော"

"မတတ်နိုင်ဘူးဗျား သူ့ဘာသာ ဆံပင်မပေါက်တာဘဲ"

ဦးဖေသန်းက ငယ်ငယ်ကတည်းက ဆံပင်မသန်သူ၊ အမြဲ တမ်း ကတုံး။

"အဲဒါပြောတာမဟုတ်ဘူးဗျ။ ညဏ်ရည်တုံးတာကို ပြောတာ၊ အဲဒီအခန်းထဲမှာ ယမကာလေးမှိဝဲတာကိုပြောတာ"





"ဟာဗျာ အရက်သောက်ချင်တာပဲ ကိုအေးလှိုင်တို့ အသေ ...ဆိုင်မှာသောက်လဲ ရတာပဲ"

"ရေမရောအရက်ဆိုင် ပြောစမ်းပါဗျာ"

"ဟာ သူ့ဆိုင်က သောက်တဲ့သူတွေ ဗိုက်လေးပူပူပြီး လျှော ...သွားတာချည်းပဲဗျ။ အဲဒီမှာ သွားသောက်ပေါ့"

ဦးဖေသန်းစကားကြောင့် ဦးမြင့်သိမ်းက ရုပ်ရှင်ကားထဲက လု ...ကြမ်းဗီလိန်အခန်း အရမ်းပိုင်တဲ့ စိုင်းအောင်တင့်မျက်နှာပေးနဲ့ ...

"ဟင်း ဟင်း မတူဘူး ကိုဖေသန်း။ ဟိုအခန်းမှာက အေးစက်နေ တဲ့လေထု၊ အိစက်နေတဲ့ကောင်မလေးကို ရင်ထဲမှာပိုက်၊ ယမကာ လေးကို တစ်ငုံစုပ်၊ သမီးလေးတွေခွံ့ကျွေးတဲ့ အာလူးကြော်လေးကို ...ား။ အဟွတ် အဟွတ်"

ပြောရင်းနဲ့ ဦးမြင့်သိမ်းက သီးနေပါသည်။ ဦးဖေသန်း စိတ်ကူး ယဉ်မိပါတယ်။ စိတ်ကူးထဲမှာ သူက ဟာဝေယံရုပ်နဲ့ ဆိုဖာအိအိကြီး ပေါ်မှာ ဒူးချိတ်ထိုင်လို့ တစ်ဖက်တစ်ချက်စီမှာ စကတ်တိုတိုနဲ့ ခေတ် ပေါ်အချောအလှလေးတွေ တစ်ဖက်စီနဲ့ စိတ်ကူးထဲမှာတော့ နတ် သုဓာဒ်ပေါက်ကို ထန်းပင်ထိပ်တက်ပြီး စားနေရတဲ့အရသာလိုပါပဲ။

ဦးမြင့်သိမ်း ဆိုတဲ့သူက ရပ်ကွက်ထဲမှာ အပေါင်ဆိုင်ဖွင့်ထား သည်။ ဘယ်လောက်စီးပိုးသလဲဆိုရင် ကပ်စေးနဲ့ကို ပိုးလောက် လန်းတွယ်သလောက်ကို စီးပိုးတဲ့သူ၊ ကြွယ်သီးတပ်၊ ဂျင်းဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



အသစ်ကြီးတစ်ထည် နှစ်သောင်း၊ သုံးသောင်းပေးရတဲ့ ဘောင်းဘီ ကို သူ ဈေးဖြတ်ပုံက ဖာစ်မပါလို့ဆိုပြီး ငါးရာသာပေးတတ်တဲ့သူ သူ့ရဲ့ဆောင်ပုဒ်က ...

အတိုး အစ မြင့်သိမ်းက တဲ့လေ။

"အေးဗျာ သွားရင်လဲသွားဗျာ၊ ကျုပ်ဘေးနားမှာထိုင်တဲ့ သမီး လေးတွေက အိမ်ကဟာမကြီးမဟုတ်ရင် ပြီးရော"

ရပ်ကွက်ထဲကလူတွေ တဟားဟား။

ဒေါ်စိန်တုတ်က ချက်ချင်းဆိုသလို ထဘီတိုတိုဝတ်ပြီး အိမ်ပေါ် မှ ဆင်းချလာပါသည်။ ပြီးတော့ ဘေးအိမ်က ...

နေ့လယ် ထမင်းစားနားတဲ့ ဆိုက်ကားသမား ကိုသိန်းဝင်းကို...

"ဟဲ့ ဝင်းသိန်း ..."

ကိုသိန်းဝင်းက ဓမ္မာရုံက အသံလွှင့်ဇာတ်လမ်းကို ခေးပေါ့လိပ် နဲ့ အာရုံခံဖိမ်ယူရှိုက်ဖွာနေရာမှ ဖီးလင်ပျက်သွားဟန်နဲ့ ...

"ဟာဗျာ ကျုပ်က သိန်းဝင်းဗျ၊ ဟိုကောင် ဝင်းသိန်းက ဂိတ်မှာ"

"နင်တို့ဟာကလဲ ရုပ်တူနေတာပဲ၊ ငါ့ကို ဟိုသေနာကျကြီးဆီ လိုက်ပို့စမ်း"

"မအားဘူး ဒေါ်စိန်တုတ်ရ"

"ဟဲ့ကောင် နင် အခု ထိုင်နေတာမဟုတ်လား"

ကိုသိန်းဝင်းက မင်းသားကြီးဝင်းဦးစတိုင်လ်နဲ့ ခေါင်းခါရင်း ...





"ကျုပ် အခု ဓမ္မာရုံက တွံတေးသိန်းတန်ဇာတ်လမ်း နားထောင် နေတာဗျ"

ကိုသိန်းဝင်း ပြောလိုက်မှ ဒေါ်စိန်တုတ်ရဲ့ဒေါသကို ဆွပေး သလိုဖြစ်သွားပြီး ...

"တွေ့မယ် အဲဒီကောင်ကြီး"လို့ပြောရင်း ဒေါသတကြီး ထွက် သွားပါသည်။

ဓမ္မာရုံရဲ့ လော်စပီကာမှာတော့ ရာဂမီးတွေက လှိုက်လောင်လို့ တောင်းတုန်း။

"ဟေ့လူ ကိုမြင့်သိမ်း ...၊ ခင်ဗျားက ကျုပ်တို့ထဲမှာ ပိုက်ဆံ အဆင်ပြေဆုံးဆိုတော့ သွားခါနီးရင် ပိုက်ဆံလှည့်စမ်းပါဦးဗျာ"

ဦးဖေသန်းစကားကြောင့် ဦးမြင့်သိမ်းက လက်ညှိုးလေး တလှုပ် လှုပ်နဲ့ ...

"ရတယ်၊ ဒါပေမယ့် ဆယ့်ငါးကျပ်တိုး ပေးရမှာနော်"

ဦးမြင့်သိမ်းစကားကြောင့် ဦးဖေသန်း မျက်နှာကြီး ရှုံ့မဲ့ သွား ရင်း ...

"ခင်ဗျားကလဲဗျာ ဒီလူနဲ့ဒီလူ အချင်းချင်းတွေပဲဟာ ..."

"မရဘူး ကိုဖေသန်း၊ ကျုပ်က ကျုပ်မိန်းမ လာချေးရင်တောင် နှစ်ဆယ့်ငါးကျပ်က လျှော့လို့မရဘူး"

"ကဲ ကဲ ပေးမယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုရှိသေးတယ်နော်"

"ဘာတစ်ခုလဲဗျ"

ဦးမြင့်သိမ်းက မေးစေ့ကိုပွတ်ရင်း ...

"ဟိုရောက်ရင် ကျုပ်စကားကိုနားထောင်မှဖြစ်မယ်"

"ဘာလို့လဲဗျ"

ဦးမြင့်သိမ်းက ခေတ်ပေါ် ဟစ်ဟော့သီချင်းတွေထဲကလို လက်တွေလှုပ်ရင်း ...

"ဟိုမှာ အလန်းတွေရော အဝွမ်းတွေရော ရောနေတာ၊ ကျုပ်တို့က လန်းပြီး ခင်ဗျားတစ်ယောက်ထဲ ဝွမ်းနေမှာစိုးလို့ဗျ"

"သဘောပေါက်ပြီ၊ သဘောပေါက်ပြီ"

"ဒီကလဲ သဘောပေါက်ပါတယ်"

ဖြူဖြူကျော့သိန်းထက် နှစ်ဆလောက်ပိုကျယ်တဲ့အသံနဲ့ ဝင်လာသူက ဒေါ်စိန်တုတ်။

"ဟာ သောက်ကျိုးနည်းပြီ"

"အာ ..."

ဦးဖေသန်းရဲ့ အလန့်တကြားစကားကြောင့် ဒေါ်စိန်တုတ်ရဲ့ ဒေါသက အမြင့်ဆုံးဒီဂရီ။

"အဟဲ မိန်းမ"

"အဟဲရဲ့ မိန်းမ မဟုတ်ဘူး၊ ရှင့်ရဲ့ မိန်းမ၊ လုပ်ပါဦး အိမ်ကဟာမ





ကြီးမဟုတ်ရင်ပြီးတာပဲဆိုတဲ့ စကားလေး"

"ဘာပြောတာလဲ၊ မင်းပြောတာ မကြားရဘူး"

ဦးဖေသန်းက ဒေါ်စိန်တုတ်ကို အကြောင်ကွက်ရိုက်သည်။ ဒေါ်စိန်တုတ်ရဲ့လက်ထဲက ဝါးလုံးကလည်း မိုက်တီးရဲ့ရိုက်ချက်ဆိုး...

"ကဲဟယ် .. မကြားရဘူး ဟုတ်လား"

"အောင်မယ်ဇီလေးဗျ"

ဒေါ်စိန်တုတ် ဦးဖေသန်းဘေးက အသင့်ဖွင့်ထားတဲ့မိုက်ကို ကိုင်တာ ...

"ဒီမယ် ကိုဖေသန်း ..."

ဒေါ်စိန်တုတ်အာဘော်နဲ့အော်လိုက်မှ ဟိန်းထွက်လာတဲ့ လောစပီကာသံကို ဂရုပြုမိပြီး ဦးဖေသန်း နဲ့ ဦးမြင့်သိမ်း မျက်လုံးပြူးပြီး ဦးမြင့်သိမ်းက ကိုယ့်နဖူးကိုယ်ရိုက်မိပြီး ...

"သောက်ရှက်တော့ အကောင်လိုက်ထွက်ပြီ"

✿✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါက်ဝကိုရောက်ရောက်ချင်း DJ(ဒီဂျေညိုကြီး)ဘွဲ့ခံ မညိုတစ်ယောက် မျက်လုံးပြူးသွားသည်။ အချက်အလက်တွေ စာတမ်းတွေက စက္ကူစအကြီးကြီးပေါ်မှာ ရေးထားတာက အများကြီး။ အိမ်ထဲမှာ တစ်ယောက်မှမတွေ့ရပါ။

ဒီဂျေညိုကြီး အသံထွက်ကာ ဖတ်မိပါသည်။

"အတိုးသမားများသိ ရန်။

တစ်... မနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်းသာ အတိုးပေးရမည်။ မှတ်ချက် အကြွေ ယူလာပါ။ ပြန်အမ်းငွေမရှိပါက ဆေးလိပ်နှင့်သကြားလုံးသာ ပြန်ရမည်။

နှစ် ... ကမ္ဘာ့စီးပွားရေးအပြောင်းအလဲကြောင့် အတိုးနှုန်းထားအတက်အကျရှိသည်။ မှတ်ချက် (ဒေါ်လာနှုန်းထား အနိမ့်အမြင့်နှင့်ရွှေဈေးကွက်ပေါ် မူတည်သည်။)





သုံး... အပေါင်ခံထားတဲ့ပစ္စည်းများ၏ အပေါင်ခံဘောက်ချာ
ချက်သည် ခေါက်ရိုးမကျေစေရ။ ညစ်နွမ်းပေရေခြင်း မရှိရ။
ာက်ချာ၏အောက်ဘက်တွင် ကျွန်မယောက်ျား ရေဘင်၏
ာ်မှတ် ပါရှိရမည်။ လက်မှတ်အတု မဖြစ်စေရ။ မှတ်ချက် (ဤ
ာ်မှတ်ကို နောက်ဆုံးပေါ် စက်ကိရိယာ အပေါင်ဆုံးထားသော
ကြီးထွန်း၏ ကညစ်တံကို ပြန်လည်ပြုပြင်ကာ ရေးထိုးထားခြင်း
သည်။)

လေး... စ,ယူစဉ်က အချိန်ကာလထက် (၂)မိနစ်သာစွန်း၍
တ်ကျခံရမည်။ (မှတ်ချက်။ ။ ရန်သူမျိုးငါးပါး တာဝန်မယူ)

ငါး... အပေါင်ခံထားသောပစ္စည်းများသည် အတွင်းနတ်၊ အပြင်
 နတ်ကတော် ဘာသာရေးပစ္စည်းများ မပါစေရ)

ပုံ/ အော်လံခင်တင့်
အပေးအယူအကျိုးဆောင်လုပ်ငန်း
ဒါယိကာ

အိုးမိုင်ဂေါ့ ... လို့ အသံမထွက်မိအောင် ဒီဂျေညိုကြီး မျက်လုံး
မိရင်း စိတ်ထဲကနေ ကြီးကျယ်ရန်ကောလို့ ပြောမိပါသည်။
အော်လံခင်တင့်ရဲ့လုပ်ရပ်ဟာ ဒီတင်မပြီးဆုံးသေးပါ။ ခုနစက္ကူ



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပေါ် ရေးသားထားသောစက္ကူချပ်ရဲ့ဘေးမှာ ယှဉ်ကပ်ထား၀ စက္ကူလိပ်ပေါ်က နောက်ထပ်စာသားတွေကို ထပ်ဖတ်မိပါသည်

"အတိုးသမားများအတွက် အကျိုးခံစားခွင့်များ၊ အံမယ် တယ် ဟုတ်ပါလား"

မြန်မာလူမျိုးပီပီ ရနိုင်သလောက်အခွင့်အရေး ရမယ်ဆိုရ တော့ လိုချင်စိတ်ဖြစ်ပေါ်တာပေါ့။

တစ်... ပုံမှန်အတိုးယူသူဆယ်ယောက်ဟစ်စုပြည့်လျှင် အပေ ဆုံးထားသောပစ္စည်း တစ်ခုမဟုတ်တစ်ခု မဲဖောက်ပေးမည်။

နှစ်... ငွေတိုးချေးယူသူ နေ့စဉ်ပျက်ရက်မရှိ ငါးလတင်းတ ပြည့်လျှင် ပျက်ရက်မရှိ ရက်မှန်ဆုကို တခမ်းတနား ဝေဝေဆာ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် ရပ်ကွက်အတွင်းရေးမှူး ကိုလှစိန့်မှ ဆုချီး မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပုံ/ရေဘ

အပေးအယူအကျိုးဆောင်လုပ်င

တွဲဖက်ဒါယိကာ

"ဟွန်း ... တွဲဖက်ဒါယိကာဆိုတော့ မူးမူးပြီး သူ့ကိုတွဲတွဲလိ ရလို့ဖြစ်မယ်ထင်တယ်"





DJ ညိုကြီးက ရေဘင်ရဲ့ဂုဏ်ထူးဆောင်ဘွဲ့ကို နှာခေါင်းရှုံ့ရင်း စ်ယောက်တည်းပြောမိပါသည်။

DJ ညိုကြီးဆိုတာလည်း မခေတဲ့အမျိုးအစားထဲကပါ။ ဟို ဆီက အတိုးယူပြီး ဒီလူကို အကြွေးဆပ်၊ ဒီလူဆီကယူ ဟိုလူကို ကြွေးဆပ်နဲ့ ဟိုလှည့်ဒီလှည့် သိပ်တော်လွန်းအားကြီးလို့ ရေဘင် ိုယ်တိုင် ဤဘွဲ့ထူးကို ပေးထားခြင်းဖြစ်ပါသည်။

DJ ညိုကြီးတို့ ဘယ်လောက်လည်သလဲဆိုရင် ရပ်ကွက်ထိပ် ဘုန်းတော်ကြီးကျောင်းက စတိုခန်းသော့ကို ထိန်းသိမ်းရတဲ့ ပဥ္စင်း ဦးနန္ဒိယကိုတောင် ချမ်းသာမပေး။ ဦးပဥ္စင်းက အရမ်းကပ် းနဲ့တဲ့ ကိုယ်တော်ပါ။ ဦးပဥ္စင်းက DJ ညိုကြီးရဲ့ သတင်းအစအန ကြားပြီးသား။ တစ်နေ့ ဦးပဥ္စင်းဆီ အော်လံခင်တင့် ဆရာတော် ကပ်ခိုင်းတဲ့ဆွမ်းချိုင့်ကို လာပို့ပါတယ်၊ DJ ညိုကြီးဆိုတာလည်း အော်လံခင်တင့်၏လက်စွဲတော် ရပ်ကွက်သတင်းဖြန့်ဖြူးရေးအရာရှိ ကြွေးတောင်း ကိုယ်စားလှယ်။

"ဦးပဥ္စင်းဘုရား မခင်တင့် ဆွမ်းချိုင့် လာပို့ခိုင်းလို့ ဆွမ်းချိုင့် ာပို့တာပါဘုရား"

DJ ညိုကြီးက ဆွမ်းချိုင့်ကိုကပ်ပြီး ကိုရင်လေးဆီ လှမ်းပေးကာ ရားကို ရှိခိုးပြီး ဦးပဥ္စင်းကို ရိုရိုသေသေ ရှိခိုးသည်။ ပြီးတော့ ...

"ဦး ........... ပဥ္စင်း ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



DJ ညိုကြီးစကားကြောင့် ဦးပဍင်းခမျာ အောင့်သက်သက်

"ဟဲ့ -- ညိုကြီး -- နင်ခေါ်ပုံက ငါပဲ ထပျံရမလိုလို... ပိပိသ
ခေါ်စမ်း"

"တင်ပုံ့ဘုရား"

"ဒါနဲ့ နင်က ရပ်ကွက်ထဲမှာ လှုလည်ဆို"

"မလည်ပါဘူးဘုရား၊ အိမ်မှာပဲနေတာပါဘုရား"

"ဟဲ့ အဲဒါကိုပြောတာမဟုတ်ဘူး မိညို၊ နင်က မှတ်နေအော
လည်လို့ နင့်ကို DJ လို့နာမည်ပေးထားတာဆို"

"မဟုတ်ရကြောင်းပါဘုရား၊ ကောလာဟာလတွေပါဘုရာ

"နင် လှုလည်ဆိုရင် ငါ့ကို လိမ်ပြစမ်း"

"မသင့်တော်လို့ပါဘုရား၊ တပည့်တော် ငရဲကြီးပါ့မယ်ဘုရ

"ငါ ခွင့်လွှတ်ရင် နင် ငရဲမကြီးပါဘူးဟဲ့၊ နင်လိမ်တာ ငါ တွေ
ချင်လို့ ဗဟုသုတပေါ့"

DJ ညိုကြီး အခက်တွေ့နေရပါပြီ။ ခေါင်းကိုကုတ်လိုက် သ
အုပ်ချီလိုက်နဲ့ အနေရအထိုင်ရခက်နေဟန်ပုံနဲ့ ...

"တပည့်တော် မလိမ်ပါရစေနဲ့ဘုရား၊ ပြီးတော့ တပည့်တေ
လိမ်ခါနီးအကျင့်တစ်ခုရှိလို့ပါဘုရား"

"ဘာအကျင့်လဲ၊ ငါ ကူညီလို့ရရင် ငါ ကူညီမယ်လေ"

"တပည့်တော် လိမ်ခါနီးရင် ငှက်ပျောသီးစားရပါတယ်ဘုရ





"ဘာဆိုင်လဲဟဲ့"

"အရှင်ဘုရားလဲ ဗေဒင်နက္ခတ်တွေ လေ့လာဖူးတယ် မဟုတ်
ဘုရား"

"အေးလေ"

ဦးပဍင်းဦးနန္ဒိယသည် သင်္ကန်းကို ခါးမှာပတ်လိုက်ရင်း ခြေ
ထောက်တစ်ဖက်ကို ပေါင်ပေါ်တင်ရင်း စိတ်ဝင်တစားရှိကာ ခါး
င်းကာ နားထောင်မိသည်။

"ငှက်က နေ့နံအရ နှစ်ဂဏန်းပါဘုရား"

"ဟုတ်တယ်လေ"

"ပျောက ငါးဂဏန်း၊ သီးက ခြောက်ဂဏန်း၊ ပေါင်းလိုက်ရင်
ဆယ့်သုံးဂဏန်း ရပါတယ်ဘုရား"

"ဆိုစမ်းပါဦး"

"အင်္ဂလိပ်ကိုင်ရှိနည်းအရ ဆယ့်သုံးဂဏန်းဟာ အန်လပ်ကီး
ဂဏန်းပါဘုရား၊ မြန်မာအယူအဆက လေးဂဏန်းပါဘုရား"

"ဟုတ်တယ်လေ မိညိုကြီး"

"ဆယ့်သုံးဂဏန်းကိုပေါင်းလိုက်ရင် လေးဂဏန်းရတယ်ဘုရား"

ဦးပဍင်းနန္ဒိယ ခေါင်းညိတ်သည်။

"ဆယ်သုံးဂဏန်းဟာ မရဏဂဏန်းလို့လဲ ခေါ်တယ်ဘုရား"

"ဪ ..."



www.burmeseclassic.com

www.burmeseclassic.com



"ထူးခြားတဲ့ဂဏန်းပေါ့၊ စွမ်းအားရှိတယ်ဘုရား၊ အဲဒါကြောင့် တပည့်တော် လိမ်ခါနီးရင် ငှက်ပျောသီးစားပြီး လိမ်ရကြောင်း ဘုရား"

"ဩော် ... ဟုတ်လား၊ စမ်းကြည့်ရအောင်ဟာ၊ သွား ကျ သရေခန်းထဲမှာ ငှက်ပျောသီးတစ်ဖီး သွားယူ၊ နေဦး ကိုရင်ကြီး"

"ဘုရား"

ကိုရင်ကြီးက ညိုကြီးအကြောင်းသိနေသည်မို့ ပြုံးစိစိနဲ့ ဦးပ နား ရောက်လာပါသည်။

"ကျက်သရေခန်းထဲက ငှက်ပျောသီးတစ်ဖီးယူခဲ့၊ ပြီးရင် ကြီးကို ပေးလိုက် ကြားလား"

"ကြားပါတယ်ဘုရား"

ကိုရင်ကြီးက ကျက်သရေခန်းထဲကနေ ငှက်ပျောသီးတစ်ဖီး လာကာ ညိုကြီးကိုပေးသည်။ ညိုကြီးက ဦးပဉ္ဇင်းကိုဦးချကာ င ပျောသီးကိုင်ပြီး ထွက်သွားတော့ ဦးပဉ္ဇင်းက ...

"ဟဲ့ ငါ့ကို လိမ်ခဲ့ဦးလေ"

ဦးပဉ္ဇင်းစကားကြောင့် DJညိုကြီး ထွက်သွားရာမှ ပြန်လှ လာကာ လက်အုပ်လေးချီ စပ်ဖြီးဖြီးမျက်နှာလေးနဲ့ ...

"တပည့်တော်မ ဦးပဉ္ဇင်းဆီက ငှက်ပျောသီး လိမ်ယူပြီး ဘုရား၊ တပည့်တော်မကို ခွင့်ပြုပါဦး"





အဲဒီအခါကျမှ ဦးပဉ္ဇင်းက ကိုယ့်နဖူးကို ရိုက်ရင်း ...

"သေဟဲ့ နန္ဒိယ"

ဤသို့ဤလိုနဲ့ လာခဲ့တဲ့ DJညိုကြီးပါ။ မွေးထားတဲ့ကလေးက လေးယောက်၊ မျောက်လောင်းလေးတွေချည်းပဲ၊ ပေးထားတဲ့နာမည် ကလည်း အပျံစား။ ကိုလှအေး+မညိုကြီးရဲ့ သားသမီးစာရင်းက ခေတ်ပေါ်စာရေးဆရာမလေးတွေ လက်ဖျားခါယူလောက်ရပါ သည်။ အကြီးဆုံးသားက အကြင်နာဟဲ့၊ တကယ်တော့ အဲဒီကလေး က အကြင်နာတရားမရှိ ရပ်ကွက်အေးဇောကြာလန်လေ။ နောက်တစ် ယောက်က တွယ်တာတဲ့။ တွယ်တာ သလားမမေးနဲ့ တစ်ချိန်လုံး လမ်းမပေါ်မှာချည်းပါပဲ။ နောက်တစ်ယောက်က သံယောဇဉ်တဲ့၊ အဲဒီကလေးကတော့ ခွင်းချက်အနေနဲ့ တကယ် သံယောဇဉ်အမျှင် တန်းလေးပါ။ တစ်ချိန်လုံး တုတ်တစ်ချောင်းနဲ့ ပြတ်တဲ့စွန်တွေ နောက်လိုက်ဖမ်းကာ ရောင်းစားတဲ့ကလေး။ နောက်ဆုံး တစ်နှစ် ကျော်ကျော်ကလေးက မြတ်နိုးတဲ့၊ ဒီကလေးကတော့ ငယ်သေးလို့ထင်ပါ သည် ဗီဇမပြသေးပါ။

"ဟဲ့ ညိုကြီး ဘာလုပ်နေတာလဲ"

ပါးစပ်မှာ စပီကာပါတယ်ထင်ရတဲ့ အော်လံခင်တင့်ရဲ့နောက် ကအော်သံကြောင့် ညိုကြီး လန့်သွားပါသည်။

"လန့်လိုက်တာ ခင်တင့်ရယ်၊ ဒီမှာနေလ ညည်းရဲ့ကြောင်တောင်တောတ်



www.burmeseclassic.com

www.burmeseclassic.com



ကို အံ့သြတကြီး ဖတ်နေတာ"

ညိုကြီး စကားကြောင့် မခင်တင့် ရယ်သည်။

"ဟဲ့ ဒါ ငါ့ရဲ့ချစ်လင် ရောဘင် ရေးထားတာဟဲ့"

"နေပါဦး ဒါယီကာ ဆိုတာ ဘာလဲ"

ညိုကြီးစကားကြောင့် ခင်တင့်က ဒါလေးတောင်မသိရသလား ဆိုတဲ့ အကြည့်နဲ့ ဤသို့ပြောပါ၏။

"ရောဘင်က ပြောတယ်၊ ကုမ္ပဏီမှာ အကြီးအကဲဆိုရင် ရုပ်ရှင် ဗီဒီယိုတွေထဲမှာ ဒါရိုက်တာ လို့ခေါ်တယ်တဲ့၊ ငါတို့က သူတို့ထက် တစ်ဆင့်မြင့်အောင် ဒါယီကာလို့ ခေါ်ရမယ်တဲ့၊ ဘယ်လိုလဲ ဖို ယောကျ်ားအတွေးက မကောင်းဘူးလား"

"ပြော်... ဒီလိုလား"

မညိုကြီးကလည်း ရှေးရေးနောက်ရေး အကြံအဖန်တွေနဲ့ အံ့သြ တကြီး လုပ်ပြရတော့တာပေါ့။

"ဒါနဲ့ အောင်သုတလမ်းက မထူးရဲ့ခြေလှမ်းတွေကို နင့်ကို စောင့်ကြည့်ခိုင်းတာ ဘာသတင်းရလဲ"

မထူးဆိုတာက နောက်ပေါက်တဲ့ရွှေကြာပင်၊ အဲလေ နောက်မှ တစ်စင်ထောင်လာတဲ့ အတိုးပေးစားသူ။

"ဟဲ့ ဒီကောင်မက နင့်ထက် ငါးကျပ်နည်းတယ်လို့ ပြောတယ် ခင်တင့်"





"ပြော် ... ဒီလိုလား၊ ဒါဆိုရင် ငါတို့လဲ ဈေးကွက်စီးပွားရေးအရ ကြော်ငြာကပ်ရမယ်၊ နေ့လယ်ကျရင် အခု ညည်းဖတ်ထားတဲ့ ကြော်ငြာကို စမ္ပာရုံနောက်က အုတ်နံရံမှာကပ်ဖို့ နင့်သားသုံးကောင်ကို ဒီကိုလွှတ်လိုက်"

"ဘာတွေလွှတ်ခိုင်းနေတာလဲ အတင့်ရယ်"

အိမ်ပေါ်ကို လူမရောက်သေး အရက်နံ့က အရင်ရောက်လာ ကတည်းက လှည့်ကြည့်စရာမလိုအောင် မညိုကြီး သိပါသည်။ ဒါဟာ ရောဘင် ပဲ ဖြစ်ရမှာပေါ့။

"သေနာကြီး တစ်ချိန်လုံး အရက်သောက်ဖို့ပဲ စဉ်းစားနေ၊ ဒီမှာ ဘာတွေဖြစ်နေလဲ ရှင် မစဉ်းစားဘူးမဟုတ်လား"

ရောဘင်က ခါးကြားကပုလင်းကို တိုင်ထောင့်မှာထားရင်း ...

"ဘာတွေဖြစ်နေလို့လဲ အတင့်ရယ်၊ ဘာလဲ မင်း ကိုသန်းအေး ကြီးဆီက အရက်ချက်ဖော်မြူလာရခဲ့လို့လား၊ ဒါမှမဟုတ်ရင် ဖယ် သာဝိတ်တန်း အငြင်းအခုံပြိုင်ပွဲမှာ မင်း ရွှေတံဆိပ်ဆု ရခဲ့လို့လား"

"အဲဒါတွေတော့မဟုတ်ဘူး သေနာကြီးရေ၊ အပစ်အခတ်ရပ်ဆဲ ရေးစာချုပ် ဖျက်သိမ်းလိုက်ပြီလို့ ဒီနေ့ ကြားလိုက်ရတယ်၊ ကဲဟယ်"

ဘေးနားမှာ အသင့်ချထားတဲ့ဆေးဘူးက ပိုးခနဲနေအောင် လွင့် သွားပြီး ရောဘင့်ခေါင်းကို ကွက်တိ။

"အောင်မယ်လေး အတင့်ရယ် မင်းအချစ်က ရင့်ရင့်သီးသီး



www.burmeseclassic.com

www.burmeseclassic.com



ပါသား"

အော်လံခင်တင့်က အံကြိတ်ပြရင်း ...

"ဒီမှာ ယှဉ်ပြိုင်စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ပေါ်လာလို့ စိတ်ညစ်ရတဲ့အထဲ..."

"အေးလေ ရှင်ကလဲ သောက်သောက်နိုင်လွန်းတယ်"

မညိုကလည်း သူ့ဆရာ ခင်တင့်ဘက်က ပါတော့ ရေဘင်က ရယ်သည်။

"ဩော်... ငါ့မိန်းမရယ် မင်း မပြောနဲ့ ချယ်ဆီးသူဌေး မိုဗင် တောင် သူ့ရဲ့ရှက်လှေရောင်းရတော့မယ့်ကိန်း ဆိုက်နေတာ၊ ပြိုင် ဘက်ပေါ်လာလဲ ဘာဖြစ်လဲ မင်းက မူလပထမလက်ဟောင်း ခင်တင့်ပဲ၊ အတင့်ကွ အသစ်မဟုတ်ဘူး၊ ကဲ ငါ မေးမယ်"

"လုပ်စမ်းပါဦး ကြီးကြီးကျယ်ကျယ်"

မညိုက နှာခေါင်းရှုံ့ပြောတော့ ...

"အဲဒီ မထူး ဆိုတာ အတိုးလောကကို စဝင်လာတယ် ဆိုတော့ အတိုးရှင်တို့မှာရှိသင့်ရှိထိုက်တဲ့ အရည်အချင်းတွေရော ရှိရဲ့လား DJမညို"

မညိုကြီးကို ဦးတည်မေးတော့ မညိုကြီးက ...

"ဘာတွေလဲ လုပ်ပါဦး"

"တစ်အချက် နှုတ်ခမ်းတစ်လန်ပန်းတစ်လန် စွာကျယ်ကျယ်





ရန်ဖြစ်နိုင်ဖို့ အောင်မြင်တဲ့အသံ ရှိရမယ်"

"ရှိတယ်လို့ကြားတယ်"

"နှစ်အချက် ... လမ်းလယ်ကောင်မှာ ပဝါမကျရေမရှု ရန်တွေ့နပန်းလုံးရဲတဲ့သတ္တိ ရှိရမယ်"

"အဲဒါတော့ မသိဘူး"

"နောက်ဆုံးအချက်က ဘူးသီးကို ဖရုံသီးလို့ပြောင်လိမ်ရဲတဲ့ သတ္တိ ရှိရမယ်"

ရေဘင်ရဲ့ဖီလော်ဆော်ဖီတွေကြောင့် အော်လံခင်တင့် အားရှိသွားတာ အမှန်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူ့ယောက်ျား ရေဘင်ပြောတဲ့အချက်အလက်တွေက သူ့မှာ အပြည့်ရှိတာကိုး။

"ဒီရပ်ကွက်မှာ ခင်တင့်နဲ့ကင်းတာဆိုလို့ ရပ်ကွက်ဥက္ကဋ္ဌနဲ့ အပေါင်ဆိုင်ဖွင့်ထားတဲ့ စီးပွားရေးနည်းနည်းပတ်သက်တဲ့ ဦးမြင့်သိမ်းပဲရှိတာကိုကွာ"

ရေဘင့်စကားကြောင့် မညိုကြီးက တွေးတွေးဆဆ ပြောလာပါသည်။

"ရှိပါသေးတယ်"

"ဘယ်သူလဲ၊ ငါ့မိန်းမနဲ့ကင်းတာဆိုလို့ နောက်ဆုံးကျန်တာ မနိုး ရိမ်ကျောင်းတိုက်က ဆရာတော် ဦးဇာဂရပဲရှိတယ်လေ"

"ဩော် ရေဘင်ရယ် .. သိပ်မကြာခင်ကမှ တို့ရပ်ကွက်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလာတဲ့ ဟိုစာရေးဆရာမယားလေ”

မညိုကြီးစကားကြောင့် ရေဘင်က ခေါင်းညိတ်ရင်း ...

“အင် ... ဟုတ်သားပ၊ စာရေးဆရာလင်မယားက ပြောင်းလာတာ သိပ်မကြာသေးဘူးကွ၊ စာရေးဆရာဆိုတော့ အမြင်ရှိတယ်၊ ငါတို့ရဲ့ရှေ့ဆက်ရမယ့် စီးပွားရေးဈေးကွက်အတွက် စာရေးဆရာကို မိတ်ဆွေဖွဲ့ရမယ်။ ဟဲ ဟဲ နောင်ဆို ဒီစာရေးဆရာဟာ ငါတို့ကုမ္ပဏီရဲ့အကြံပေးအရာရှိဖြစ်လာမှာကွ”

ရေဘင့်စကားကြောင့် အော်လံခင်တင့်က အကျေနပ်ကြီး ကျေနပ်နေပါတယ်။ ထို့အတူ မညိုကြီးကလည်း သူ့အတွေးနဲ့သူ တပြုံးပြုံး၊ မညိုစိတ်ထဲမှာ သူ ခွင်ရိုက်ဖို့ လူသစ်ထပ်ရောက်လာပြီဆိုတဲ့ အတွေးပေါ့”

☆☆☆☆☆☆☆☆☆☆





“ကိုကို ညည်းသည်ရောက်နေတယ်”

အိမ်ရှေ့ခန်းက ခေါ်သံကြောင့် ကျွန်တော် အခန်းထဲမှာ စာရေးနေရာမှ ခါးကြောဆန့်ကာ အပြင်ကိုထွက်လာခဲ့သည်။

အိမ်ရှေ့ခန်းရောက်တော့ တစ်ဦးတည်းသော အိန္ဒိယနွယ်ဖွားကိုရွှေ က သွားတွေဖွေးဖွေးဖြူအောင် ရယ်ပြသည်။ ချဉ်ပေါင်ရွက်သင်နေတဲ့ မေခိုင့်ဘေးမှာ ကျွန်တော် ဝင်ထိုင်တော့ ...

“ကိုကို ဒါ ကိုအာမတ်တဲ့၊ နွားနို့လိုက်ပို့ပြီး စီးပွားရှာနေတဲ့သူပေါ့၊ မေခိုင်တို့ရဲ့ နှစ်ဒိတ်ကျော်မှာနေတယ်”

ရုပ်ရှင်ထဲကလို တွေ့ရတာ ဝမ်းသာပါတယ်လို့တော့ မပြောဖြစ်၊ အာမတ် ဆိုတဲ့ အသားမည်းမည်း ထိုသူက ...

“အစ်ကို ပြောင်းလာတာ အာမတ် အားကြီးဝမ်းသာတယ် အစ်ကို”



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်လဲ ဝမ်းသာပါတယ်၊ ကျွန်တော်တို့လဲ ပြောင်းလာတာ မကြာသေးတော့ အိမ်နီးနားချင်းမိတ်ဆွေ မရှိဘူးလေ”

“အဲ့ကို မပူနဲ့ လိုအပ်တာရှိတာပြော၊ ကျွန်တော် မရှိလဲ အိမ်မှာ ကျွန်တော့်အစ်ကို ဟူစိန် ရှိတယ်၊ ကျွန်တော်တို့က ညီအစ်ကို နှစ်ယောက်တည်းနေတာ အစ်ကို၊ ဟဲ ဟဲ”

ဒီလောက်ရယ်ပြနေတဲ့ အာမတ် ပုံစံကြောင့် ကျွန်တော် မေခိုင်ကို ကြည့်လိုက်တော့ ...

“ဒီလို ကိုကိုရ၊ မေခိုင် နွားနို့ကြိုက်မှန်းသိလို့ မနက်တိုင်း နွားနို့လာပို့ပေးနေကျ၊ ဟိုနေ့က ကိုအာမတ် က ပြောတယ်၊ အစ်မလေးယောကျ်ားက စာရေးဆရာဆို၊ မေခိုင် က ဟုတ်တယ်ပြောတော့ စာကြီးပေကြီး အပ်ချင်လို့တဲ့”

အာမတ် က ဖွေးဖွေးဖြူတဲ့သွားတွေပေါ်အောင် ရယ်ရင်း ...

“ကျွန်တော့်ကို ရည်းစားစာ ကောင်းကောင်းတစ်စောင်လောက် ရေးပေးပါလား စာရေးဆရာအစ်ကို၊ ကျွန်တော့်အတွက် သေရေးရှင်ရေး အရေးကြီးနေလို့ပါ အစ်ကို”

“ဗုဒ္ဓေါ”

ကျွန်တော် အံ့သြတသင့် ရေရွတ်တော့ မေခိုင် က ရယ်သည်။

“အာမတ်နော် တိတ်တိတ်လေးချစ်နေတဲ့စွန်နတီးကို ဟိုဘက်ရပ်ကွက်က မူဆာ ဆိုတဲ့ ငနဲက လိုက်ကြောင်နေတယ်လို့ သတင်းကြားတယ် အစ်ကို”





“မင်းလဲ ဖွင့်ပြောပေါ့ အာစွတ်ရယ်၊ အဲလေ အာမတ်ရဲ့”

အာမတ် က ရှုရွတ်ခန့်အမူအရာနဲ့ ဝမ်းနည်းပက်လက်သရုပ်ကို ပြင်အောင်ဖော်ကျူးပြီး ...

“အာမတ်နော် မပြောရဲဘူး အစ်ကို၊ စွန်နတီးရှေ့ရောက်ရင် ကျွန်တော် ခြေတွေလက်တွေတုန်နေတာ အာမတ်ပဲသိတယ်အစ်ကို၊ ဘာက လက်သွက်ခြေသွက်ကောင်း၊ ကျွန်တော်နဲ့ ဒီကောင်က အနဂ္ဂနဲ့ဘာဘူပဲ”

“ဘာလဲကွ”

“ပြိုင်ဘက်လို့ပြောတာ အစ်ကို”

ဒီကောင်နဲ့တွေ့မှ ကိုယ်ပါ ခေါင်းကုတ်ရတဲ့အဖြစ်။

“ဒီကောင်နော် ကျွန်တော့်ထက် ချမ်းသာတယ်”

“ဘယ်လောက်ချမ်းသာလို့လဲ”

“ဒ်အိုးဒ်ခွက်လိုက်ဝယ်ရင် ကိုယ်ပိုင်လက်တွန်းလှည်းနဲ့ အစ်ကို”

“ဩော်.. တော်တော်ချမ်းသာတာပဲ”

“ဒီထက်ရှိသေးတယ် စာရေးဆရာအစ်ကို၊ ဒီကောင့်မှာ ဂျော်ဒါးနီး ဆိုတဲ့ အင်္ကျီပေါင်းကို ဘေထုပ်ထဲက ရထားတာ၊ ဒီကောင် စွန်နတီးဆီ ညနေတိုင်း လမ်းလျှောက်ထွက်ရင် အဲဒီအင်္ကျီ ဝတ်ဝတ်ပြီး လိုက်စကားပြောနေတာ ကျွန်တော် အခံရခက်ဆုံးပဲ”



www.burmeseclassic.com

www.burmeseclassic.com



"သြော်...ချမ်းသာတာပဲ ပြောပါဦး"

ကိုယ်ကိုယ်တိုင်ကလဲ စာရေးရင် စိတ်မပါတာနဲ့ ဒီကောင်နဲ့ စကားပြောရတာ စိတ်အပန်းဖြေတာမို့ ဆက်ဆွေးနွေးမိပါသည်။

"ကျွန်တော့်အတွက် အခုချက်ချင်း ရည်းစားစာရေးပေးပါ အစ်ကို"

"ဟ မမြန်လွန်းဘူးလား"

"အစ်ကိုနော် သတိဝီရိယဆိုတာ ရှိမှကောင်းမှာ၊ ဟို နရသီရ ပိုလီယံ ဆိုတဲ့ ဘုရင် ..."

"နပိုလီယံ ဆိုလဲ နပိုလီယံ၊ နရသီဟပတေ့ ဆိုလဲ နရသီဟ ပတေ့ တစ်ခုခုလုပ်ကွာ"

ကျွန်တော့်စကားကြောင့် သွားဖြဲလေးနဲ့ ...

"အဟီး အာမတ် နည်းနည်းလောသွားတယ်၊ ဘာလဲ နပိုလီယံ အဲဒီဘုရင်ကြီးဆိုရင် ရုရှားကို စစ်တိုက်ဖို့ ပိုကာခေါင်းရင်း နောက်ကျ လို့ စစ်ရှုံးသွားတယ်လေ"

"ဒီကောင်ပြောမှ နပိုလီယံလဲ ဖဲသမားဖြစ်ရပြီ"

"စာရေးဆရာအစ်ကိုလဲ ကြားဖူးမှာပါ၊ သဗ္ဗေသတ္တာ အလုံးစုံ သောသတ္တဝါတို့သည် အဝေရာဟောန္တု ရန်ကင်းကြပါစေတဲ့၊ ကျွန်တော် ဒီကောင်ရဲ့ရန်ကို ကင်းဖို့ အစ်ကို့ဆီက အားကြီးအရေး ကြီးတယ်"





တမ္ဗူဝါများ ဖတ်တော့မလားမသိပါ။ အိန္ဒိယသားကတော့...

"ကဲ ကဲ အခုချက်ချင်း ငါ ရေးပေးပါ့မယ်"

အာမတ်မျက်နှာ ဝင်းခနဲ။

"ကျေးဇူးအရမ်းကြီးသွားပြီ အစ်ကို၊ အာမတ် သေတ္တာရှိပါ ယ်"

"ဘာလဲကွ"

"အာရေး ... စကားပြောမှားသွားတယ်၊ သစ္စာရှိတယ်ပြောတာ ကို၊ အစ်ကို့အတွက် မနက်ကျရင် ကျွန်တော် နွားနို့မလိုင်များများ ကောင်းကောင်းလက်ဆောင်ပေးလိုက်မယ်၊ စွန်နတီးနော် အား ှိသတယ်၊ ဗိုက်ခေါက်လေးထူတာကလွဲရင် အိန္ဒိယမင်းသမီး ကရို တာပူး ပဲ"

"အေးပါကွာ၊ ခဏစောင့်"

မေခိုင် က ကျိတ်ရယ်ရင်း သင်ထားပြီးသား ချဉ်ပေါင်ရွက်ဆန်ခါ ကာ နောက်ဖေးမီးဖိုဆောင်ထဲ ဝင်သွားပါသည်။

ကျွန်တော် အခန်းထဲက စာရွက်နဲ့ဘောလ်ပင်ကိုယူလာရင်း မတ်ရှေ့မှာပဲရေးဖို့ စဉ်းစားနေရပါတယ်။ နောက်တော့ အခုလို ချလိုက်ပါတယ်။

နွားနို့ကုလား ကိုအာမတ် အောက်ဖါမှာထား ချစ်ရပါသော အိန္ဒိယ င်းနဲ့ အစဉ်ကခုန်တတ်သော ချစ်သူ .....



www.burmeseclassic.com

www.burmeseclassic.com



အဆန်းတကြယ် လမ်းဖယ်ခိုင်းမှာစိုးတဲ့ ဒန်းဆိုးထားတဲ့ ထ
ဖဲပ်ိအစုံကို နှိုင့်တဲ့လက်နဲ့ အသာလေးဆုပ်ကိုင် မှုဆာကို အနိ
မင်းရဲ့ အပြုံးလေးတွေလိုတယ်။

စမိုင်ရနံ့မွှေးတဲ့ မင်းရဲ့ ပါးပြင်မှာ ထားရစ်ခဲ့ချင်တဲ့ ငါ့ရဲ့ နှုတ်
မွှေးအစအနကို မင်း ရင်ခုန်ရင် အာမတ်အစ်ကို ကျေနပ်ပါတ

ဘယ်လောက်ချစ်သလဲဆိုရင် မနေ့က ပစ်သတ်ထားတဲ့ကြ
ကို ငါ ခုတ်မစားရတာသာကြည့်၊ အဲဒီလိုချစ်ပါသည်။

မင်းရဲ့ အာမတ်အ

"ရော့ ..."

စိတ်ထဲရောက်လာတဲ့ ပေါက်ပေါက်ရှာရှာတွေကို ထည့်ရေး

တော့ ...

"အားပါး အရမ်း အရမ်းကိုမိုက်တယ် အစ်ကို၊ ကျေးဇူး တော

ယာပုံတင်တယ် အစ်ကို၊ သွားပြီ အစ်ကို"

အာမတ်က အကျေနပ်ကြီးကျေနပ်နေကာ အိမ်ပေါ်က ဆ
သွားတော့ ကျွန်တော့်အနားကို မေခိုင် ရောက်လာပါတယ်။

"ဘာတွေရေးလွှတ်လိုက်တာလဲ ကိုကို"

ကျွန်တော်က ရယ်ရင်း ...

"ဒူ ခရေနဲ့ကိုက်ညီမယ့် စာသားတွေ ပါကွာ"





"ကိုကိုနော် ပေါက်တတ်ကရတွေ သွားလုပ်လို့ အာမတ် အိန္ဒိယ
ဘန်းပြေးရမယ့်ဘဝ ရောက်ဦးမယ်"

မေခိုင့် စကားကြောင့် နှစ်ယောက်သား ရယ်ကြတော့ ...

"ဒီလင်မယား ဘာတွေရယ်နေကြတာလဲဗျ"

"သြော်... ကိုလှစိန်၊ လာလေဗျာ"

"မတက်တော့ပါဘူး၊ လိုက်ခဲ့ပါလား"

"ဘယ်လဲဗျ"

"လမ်းထိပ် လက်ဖက်ရည်ဆိုင်"

"ကိုကို ခဏလိုက်သွားဦးမယ် မေခိုင်"

"အင်း ... လိုက်ချင်ရင်လိုက်သွားလေ ကိုကို၊ မေခိုင်လဲ ဟင်း
ချီးမယ်"

ကျွန်တော် တန်းမှာချိတ်ထားတဲ့အကျႌကို ကောက်ယူပြီး ဝတ်
တဲ့ ဇွပ်ကျယ်အကျႌပေါ်ကနေ ထပ်ဝတ်လိုက်ပါတယ်။

"ဘယ်လိုလဲ၊ ဒီမှာနေရတာ အဆင်ပြေရဲ့လား စာရေးဆရာ"

"ပြေပါတယ် ကိုလှစိန်၊ ခင်ဗျားကို သိပ်ကျေးဇူးတင်တယ်ဗျာ"

ကျွန်တော့်စကားကြောင့် ကိုလှစိန်က ရယ်သည်။

"မလိုပါဘူးဗျာ၊ ကျုပ်အဆောင်ကို ခင်ဗျား ကိုဝေညိုနဲ့ ပါလာ
တည်းက ခင်ဗျားကို အခင်သားဗျ၊ ဒါနဲ့ ခင်ဗျားနဲ့ မေခိုင် အိမ်ထောင်
ကျတာ ဘယ်လောက်ကြာပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခြောက်လ"

"ဟ သိပ်မကြာသေးဘူး၊ ဒါနဲ့ ခင်ဗျား မေခိုင့်အိမ်မှာ လိုက်နေ
သေးတယ်ဆို"

ကိုလှစိန် စကားကြောင့် ကျွန်တော် ခေါင်းညိတ်ပြမိပါသည်။

"ဘာလို့ ဆက်မနေတာလဲ စာရေးဆရာ"

"ကမ္ဘာဦးခေတ်ကတည်းက အစဉ်အဆက်သယ်ဆောင်လာ
ယဉ်ကျေးမှုကြောင့်ပေါ့ဗျ"

ကျွန်တော့်စကားကြောင့် အကင်းပါးတဲ့ ကိုလှစိန် က ...

"သိပြီ စာရေးဆရာ၊ ယောက္ခမနဲ့သမက် အချိုတ်အဆက်မမိ
ကစားကွက်ထဲကလိုပေါ့"

"ဒါပေါ့ဗျာ၊ ယောက္ခထီးနဲ့က အဆင်ပြေပါတယ်၊ ယောက္ခ
ခယ်မနဲ့က ကျွန်တော်နဲ့ ဘယ်လိုမှ လမိုင်းမကပ်ဘူးဗျ"

ကိုလှစိန် ခေါင်းညိတ်လာရင်း လမ်းမှာ စက်ဘီးပြုပြင်သ
ဆိုဝဲ့ ဆိုင်းဘုတ်ကို တိုင်မှာရိုက်နေတဲ့ ကောင်လေးကို ပခုံးပုတ်ပြီ

"စိုးဇော် အဲဒီဆိုင်းဘုတ်ကို မင်း တစ်နေကုန်ရိုက်နေ၊ နေ
သွားလိမ့်မယ်"

စိုးဇော် ဆိုတဲ့ ကောင်လေးက လှည့်ကြည့်သည်။

"ဘာဖြစ်လို့လဲ လူပိုကြီး၊ အဲလေ ယောင်လို့ လူပျိုကြီး"

ကောင်လေးစကားကြောင့် လူပျိုကြီး ကိုလှစိန် မျက်နှာရှုံ





—

"မင်းတို့ ဒီဂုဏ်သိက္ခာလေးပဲ ခလုတ်တိုက်နေရလားဟ"

"ခင်လို့ စတာပါဗျာ၊ လုပ်ပါဦး ခုနစကားလေး"

"အေး ... မသေမချင်း မှတ်ထား၊ ပျဉ်းကတိုးကိုရိုက်တဲ့သံရယ်၊
ယောက္ခမကိုချေးတဲ့ပိုက်ဆံရယ် အတူတူပဲ၊ ပြန်မရဘူး၊ မင်း ပျဉ်း
ကတိုးသားကို သံရိုက်မယ်ဆိုရင် ရှောရှောရှူရှူဖြစ်အောင် ပလတ်
စ်နဲ့သံကိုပတ်ပြီးရိုက်"

"ဩော်... အဲဒီလို၊ ကျေးဇူးပဲ လူပိုကြီး"

ကောင်လေးစကားကြောင့် ကျွန်တော်က ရယ်သည်။ ရှေ့ဆက်
လျှောက်လာရင်း ကျွန်တော်က...

"ထားပါတော့၊ ပျဉ်းကတိုးသားကိုသံရိုက်ချင်ရင် ပလတ်စတစ်
ပတ်ပြီးရိုက်၊ အဆင်ပြေတာဟုတ်ပါပြီ၊ ယောက္ခမကိုရော ပလတ်
စတစ်နဲ့ပတ်မှာလား ကိုလှစိန်"

"ခင်ဗျားကလေ စာရေးဆရာပီပီ ယောက္ခမကိုတော့ အသပြာ
နဲ့ပတ်သက်မှ သူ့သမီးကို ရှောရှောရှူရှူ ..."

"ဟော့လု ..."

"အဆင်ပြေပြေပေါင်းရမယ် ပြောတာပါဗျာ"

နှစ်ဦးသားရယ်မိကြပါသည်။ အဲဒီအချိန် ကျွန်တော်တို့သွားမယ့်
နေရာပေါ်မှာ ရုတ်စုရုတ်စု ဖြစ်နေကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရေဘင်တဲ့ကွ.ဘာမှတ်လဲ ဟော့ကောင် ပေစ်၊ မင်းလိုကောင် အကောင်သေးတယ်, ရုပ်ဆိုးတယ်, သရုပ်ဆောင်ကောင်းတ ဂျက်စပယ်ရီးရုပ်နဲ့ကောင် ထွက်ခဲ့စမ်း"

အပေါ် အင်္ကျီမပါ အောက်မှာ ဘောင်းဘီတိုတစ်ထည်နဲ့ ခပ် ပိန် အရုပ်ပုပုနဲ့လူက အရောင်တလက်လက်စားကြီးကို (သူ့အရ မလိုက်စွာ)ကိုင်ရင်း မာလကာပင်ကိုခုတ်ပြကာ စိန်ခေါ်နေပါသ

"လုပ်ပါဦး ကိုလှစိန်ရယ်၊ ရှင့်လူ ရေဘင် ပေစ်နဲ့ ရန်ဖြစ်နေ

မိန်းမတစ်ယောက်က ကိုလှစိန်ကို အားကိုးကြီးနဲ့ ေ သည်။ ကိုလှစိန်က ရေဘင်ဆိုတဲ့လူကို ခပ်မာမာလှမ်းပြောသ

"ဟော့ကောင် ရေဘင် ဘာဖြစ်တာလဲ၊ မင်း သောက်ထားလ

ရေဘင် ဆိုတဲ့လူက ကိုလှစိန်ကိုကြည့်ပြီး ...

"ကျွန်တော့်ကိုမဆွဲနဲ့ ကိုရင်လှစိန်"

"ဟ... ငါ ဘယ်မှာဆွဲလို့လဲ"

ကိုလှစိန် စကားကြောင့် ရေဘင် က ဘင်နနဖြစ်သွားရင်

"ဟာဗျာ ဒေါ်သထွက်တာတောင် ဘယ်ရောက်သွားမှန်း ဘူး"

"အစက ပြန်ထွက်ပေါ့ကွာ၊ ဘာဖြစ်နေကြတာလဲ"

ကိုလှစိန် ဆိုတဲ့လူအမေးကြောင့် ရေဘင် ဆိုတဲ့လူ ဒေါ် မိုင်ခြောက်ဆယ်နှုန်းလောက် ပြန်တင်ရင်း ...





"ကျွန်တော်နဲ့ ပေစ် အရက်သောက်တယ် ကိုလှစိန်"

"အေးလေ၊ မင်းတို့နှစ်ကောင် သောက်ဖော်သောက်ဖက် သူငယ်ချင်းအရင်းကြီးတွေပဲကွာ"

"အဲဒါကို ဒီကောင် တောက်...၊ ဟော့ကောင် ပေစ် မင်း သဂ္ဂုဏ်ရှိ ရင် ထွက်ခဲ့စမ်းပါ၊ ရေဘင် ရှိတဲ့ကောင်က အချေအတင် စကား များချင်ဘူး၊ ဟောဒီဓါး နဲ့ ..."

"ဒုတ်"

ရေဘင် ဒေါ်သဖြင့် မာလကာပင်ကို ခုတ်ပြနေပါသည်။

"ဒေါ်သကို ထိန်းစမ်းပါဦးကွာ၊ ဘာဖြစ်တာလဲလို့"

ကိုလှစိန် အမေးကြောင့် ရေဘင်က မျက်စောင်းထိုးအိမ်ကို ဒေါ်သနဲ့ကြည့်ပြီး ...

"အရက်ကို အမြည်းမလိုအောင် ဘယ်လိုသောက်ရင် ကောင်း လဲ ငြင်းခုံရင်းက စတာ ကိုလှစိန်"

ဝိုင်းအုံကြည့်နေတဲ့လူတွေက ရေဘင့်အကြောင်း သိနေပြီမို့ သွားစိစီ။

ရေဘင်က မာလကာပင်ကို တဒုတ်ဒုတ်ခုတ်နေရင်း ...

"ကျွန်တော်က ပြောပါတယ်၊ ဆေးရုံကလူနာတွေလို ပိုက်လေး တွယ်ပြီး လက်မောင်းကနေသွင်းရင် အမြည်းမလိုပါဘူးလို့ ပြောတဲ့ ဟာ ဒီကောင် ပေစ်က မဟုတ်ဘူး ဆေးထိုးအပ်နဲ့စုပ်ယူပြီး ဖင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထိုးမယ်တဲ့"

"ဟာကွာ မင်းတို့ဟာက အရည်မရ အဖတ်မရကွာ"

ကိုလှစိန် စကားကြောင့် ရောဘင် က...

"အရည်ရောအဖတ်ရောချချင်ရင် အမြည်းစားပြီးသောက်မှ

ကိုရင်လှစိန်ရာ"

ရောဘင့်စကားကြောင့် ကျွန်တော် မရယ်မိအောင် ကျိတ်

နေနေရပါတယ်။ ရောဘင်က တဒုတ်ဒုတ်နဲ့ မာလကာပင်ကို ခုတ်

တော့ ကိုလှစိန် မနေနိုင်တော့ဘဲ ...

"ဟေ့ကောင် မင်း ငပစ်ကို ဓားနဲ့ခုတ်ချင်ရင်လဲ သွားခုတ်တော

ကြာရင် ကိုမြဦး မာလကာပင် မင်းခုတ်တာနဲ့ သေတော့မယ်"

ခုတ်နေရာမှာ ကိုလှစိန် စကားကြောင့် ရောဘင် တွန့်သွား

တယ်။ ဒီရပ်ကွက်မှာ သူ အလေးစားဆုံးဟာ ကိုလှစိန်ဆိုတော့ နည်

နည်းတွန့်သွားရတာပါ။

"ဟေ့ကောင် ငပစ်၊ မင်း သတ္တိရှိရင် ထွက်ခဲ့၊ ငါ့ဓားက သာမန်

ဓား မဟုတ်ဘူးကွ"

"သမ္ဘာန်ဓားမဟုတ်ရင် မော်တော်ဓားလား"

ကိုလှစိန် ဖြတ်မေးတော့ ရောဘင် က ...

"ဟာဗျာ ဒီမှာ ခင်ဗျားကြောင့် ဒေါသက သေ့သေသွားတယ်

ဟေ့ကောင် ငပစ် မင်း ဒီနေ့ အုပ္ပင့်စေရမယ်"





ကျွန်တော်က ရောဘင့် ကြုံးဝါးသံကြောင့် ...

"လုပ်ပါဦးဗျ၊ ခင်ဗျားက ရပ်ကွက်အတွင်းရေးမှူးဖြစ်ပြီး..."

ကျွန်တော်က ကိုလှစိန်ကို တိုတိုပြောတော့ ...

"နေစမ်းပါဦး စာရေးဆရာရယ်၊ ဒီကောင်တွေအကြောင်း ကျုပ်

သိဆုံးပါ၊ ကြည့်နေ"

"ဟေ့ကောင် ရောဘင်၊ မိုးကြိုးငပစ် ဆိုတာ လာပြီ၊ ရောဘင်

သေချင်ရင် ရှောင်ထား၊ ကျား ..."

မျက်စောင်းထိုးအိမ်ကနေ လွှားခနဲခုန်ဆင်းလာသူက နံရိုး

ပြိုင်းပြိုင်းနဲ့လူတစ်ယောက် သူ့လက်ထဲမှာ ငါးဖမ်းမှိန်းကြီး တစ်

ချောင်းနဲ့။ ရောဘင် က ...

"ဟေ့ကောင် သတ္တိရှိရင် ရှေ့တိုးခဲ့လေကွာ"

ငပစ် ရောဘင့်စကားကြောင့် ရောဘင့်လက်ထဲကဓားကိုကြည့်ပြီး

ဘဲတွေးမျိုချကာ ...

"မင်း တိုးခဲ့၊ ငါက ဘာလို့တိုးရမှာလဲ"

"အေး လာပြီ"

ရောဘင် က တိုးမလိုလုပ်ပြီးမှ ငပစ်လက်ထဲကမှိန်းကြီးကို ကြည့်

ကာ ...

"ဟေ့ကောင် မင်းပြောတိုင်း ငါက တိုးရမှာလား"

အဲဒီအခါမှာ ဘေးမှာဝိုင်းအုံကြည့်နေတဲ့ DJညိုကြီးရဲ့ သားထွက်



www.burmeseclassic.com

www.burmeseclassic.com



လာကာ နှာရည်ရွှဲ့ရင်း ...

"လုပ်မနေပါနဲ့ဗျာ၊ ထိုးလဲထိုးရဲတာမဟုတ်ဘူး"

တွယ်တာ့ စကားကြောင့် ရောင် က ဓားကိုချကာ ...

"ဟော့ကောင်လေး ငါတို့က အတွင်းအားနဲ့ချမှာ၊ ဟော့ကောင်မင်းရဲ့မှိန်းကို ချလိုက်"

"ချမယ်ကွာ"

ငပစ်က မှိန်းကိုချပြီး တရုတ်သိုင်းကားထဲက သိုင်းဆရာလို အတွင်းအား ကီသွင်းသည်။

"ကြည့်မနေနဲ့ စာရေးဆရာ၊ ခဏနေရင် နပန်းဖက်လုံးမယ်မောလို့ အမူးပြေရင် နှစ်ဦးသား ပခုံးဖက်ပြီး အရက်ဆိုင်သွားလိမ့်မယ်"

"ဩော်... ဒီလိုလား"

တကယ် ပရမ်းပတာနှစ်ယောက်ပဲလို့ ပြောရင်း ရှေ့ဆက်ထွက်လာခဲ့ရပါသည်။ ကိုရွှေထူးရဲ့ ရပ်ကွက်ထဲမှာဗျာလို့ ညည်းလိုက်ချင်ပါသည် သြကာသလောကကြီးရယ်.....။

✿✿✿✿✿✿✿✿✿✿✿





"ဒီရန်ရဲ့ခြေလှမ်းတွေကို အမေရိကန်က စောင့်ကြည့်နေပြီကိုလှစိန်"

"အီရန် ဆိုတဲ့ကောင်က နံပါတ် ဘယ်လောက်စီးလို့လဲ ကိုရွှေဖျင်းကြီး"

ထူးထူးခြားခြားနာမည်နဲ့လူက တွန့်သွားသည်။ အမှန်က အစ်ကိုဖြစ်သူ ရွှေဖျင်းကြီးရဲ့နာမည်က ရွှေကျိုးညိုပါ၊ အငယ်ဖြစ်သူနာမည်ရင်းက ရွှေဝါထွန်း။ ညီအစ်ကိုနှစ်ယောက်က ညီမနှစ်ယောက်ကိုယူထားသည်။ အစ်ကိုဖြစ်သူ ရွှေဖျင်းကြီး ယူထားသူက အငယ်မမနီကွတ်၊ အငယ်ဖြစ်သူ ရွှေဖျင်းလေး ယူထားတာက အကြီးမ မမြီးတို၊ ဒါပေမယ့် မျက်နှာချင်းဆိုင်နေကြပြီး ကုန်စုဆိုင် အပြိုင်ဖွင့်ထားမတည့်ကြ။



www.burmeseclassic.com

www.burmeseclassic.com



"အိရန်နိုင်ငံရဲ့အကြီးအကဲတွေက သိပ်မကြာခင် ဓာတုလက်နက်ဆန်းတစ်ခု ဖော်မြူလာအတွက် မြန်မာပြည် ရောက်လာမယ်တဲ့"

"ဟာကွာ မကြားမိပါဘူး ရွှေပျင်းကြီးရယ်"

ရွှေပျင်းကြီး ဆိုသူက အထင်သေးတဲ့မျက်လုံးနဲ့ ကိုလှစိန်ကို ကြည့်သည်။ ကျွန်တော်ကိုယ်တိုင်လည်း အံ့အားသင့်ရပါတယ်။

"ဓာတုလက်နက်ဆန်းအတွက် ဒီကိုလာမှာ"

"သိပ်ဟုတ်တာပေါ့ စာရေးဆရာ၊ ဒီလိုဗျ၊ အဲဒီ အင်အားပြင်းထန်တဲ့ ဓာတုလက်နက်ဆန်း ဖော်မြူလာကို ဘယ်ကရတယ်ထင်လဲ"

"ဘယ်ကရလဲ"

အားလုံး ရွှေပျင်းကြီးကို စိတ်ဝင်တစားကြည့်မိသည်။ ရွှေပျင်းကြီးက သူ့ကိုယ်သူ ဂုဏ်ယူဝံ့ကြွားပုံနဲ့ ရင်ဘတ်ကိုကော့ပြီး ...

"တောင်ငူဘုရင် နတ်သျှင်နောင်ရဲ့မိန်းမ ဓာတုကလျာရဲ့ နတ်သျှင်နောင်ကို ရေးဖွဲ့တဲ့ သီချင်းထဲမှာ စကားဝှက်နဲ့ဝှက်ရေးထားတာတဲ့"

"ဟာဗျာ ခင်ဗျားကလဲ မဟုတ်တာ"

ကျွန်တော်က စိတ်ပျက်လက်ပျက် ပြောတော့ ...

"ဘာလို့မဟုတ်ကမှာလဲ၊ အဲဒီ လက်နက်ဆန်းကို အိရန်က စစ်ဖက်အရာရှိတွေက ကလျာ(ဝိဇ္ဇာ–သိပ္ပံ)ဆိုပြီး ပေးထားပြီးပြီ"





ကျွန်တော် ခေါင်းခါရင်း တော်သေးတာပေါ့၊ လွန်းထားထား
ဆားတက္ကသိုလ်)လို့ မပေးမိတာ ကံကောင်းထယ်လို့ တွေးမိပါ
သည်။

"ကမ္ဘာ့နိုင်ငံရေးအကြောင်းကို လက်လှမ်းမီသလောက် ကျွန်တော်
ဆေ့လာတယ် စာရေးဆရာ"

"ဘယ်လိုလေ့လာလဲ လုပ်ပါဦး"

ဒီလူနဲ့ စကားပြောရတာ ရယ်ရသည်မို့ ကျွန်တော် နည်းနည်းပို့
ဆေးလိုက်ပါသည်။

"ကမ္ဘာ့နိုင်ငံရေးကို လက်လှမ်းမီသလောက် လေ့လာဖို့ ကိုရင်
အေးရဲ့ဂျာနယ်ဆိုင်မှာ သွားထိုင်ပြီး လက်နဲ့လှမ်းမီလို့ရတဲ့ဂျာနယ်
တွေ ယူဖတ်တယ်"

"ပြောစမ်း ပေါက်တတ်ကရ"

ကိုလှစိန် အမြင်ကတ်ကတ်နဲ့ပြောတော့ ရွှေပျင်းကြီးက ကိုလှစိန်ကို ဘုကြည့်ကြည့်သည်။

"သွားမယ်ဗျာ၊ ခင်ဗျားတို့နဲ့စကားပြောရတာ အသိပညာ မတိုးဘူး"

ရွှေပျင်းကြီး ထွက်သွားတော့ စိတ်အေးလက်အေး ဖြစ်သွားပုံနဲ့ ကိုလှစိန်က ရေနွေးကြမ်း ငုံ့သောက်ပါသည်။ ဘေးဝိုင်းက လူတစ်ယောက်က ကိုလှစိန်ကို လှမ်းပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ နားအတော်ပူသွားပြီလား ကိုကြီးလှစိန်"

"ဟုတ်တယ် ထွန်းရေ၊ ဒီညီအစ်ကိုနဲ့တွေ့မယ့်အစား ဟစ်တလာကို ဂျူးဝတ်စုံဝတ်ပြီး လက်ဆွဲနှုတ်ဆက်လိုက်ချင်တယ်"

"စိတ်ချ ကိုကြီးလှစိန်၊ နောက်တစ်ယောက် ဝင်လာပါပြီ"

"ဟေ ..."

ကိုလှစိန် မျက်လုံးပြူးသွားပြီး ကမန်းကတန်း နောက်လှည့်ကြည့်၏။ ခုနလူနဲ့ ခပ်ဆင်ဆင်လူတစ်ယောက်။

"ဟာ ကိုလှစိန် အတော်ပဲ၊ ညက ဘောလုံးပွဲကြည့်ရလား"

လက်ဖက်ရည်တစ်ခွက် လှမ်းမှာပြီး ဝင်ထိုင်ရင်း ကျွန်တော့်ကို ပြုံးပြကာ ...

"ဒီက ဟိုတစ်လောကပြောင်းလာတဲ့ စာရေးဆရာ ကိုကိုကြီး-မင်းတုန်း ဆိုတာလား"

"မင်းကွန်းပါဗျ"

"အဟဲ ဆောရီးဗျာ၊ ကျုပ်က လောသွားလို့"

"လော မသွားနဲ့ လာအို သွား"

ကိုလှစိန် က အမြင်ကတ်ကတ်နဲ့ပြောတော့ တဟဲဟဲ။

"ညာက ရှုနီ အီးဂဲလ်အိုင်စ်နဲ့ တစ်ချက်လှမ်းကြည့်ပြီး ဂိုးဘောက်စ်ကို ပါဝါအပြည့်နဲ့ ကန်လိုက်တာဗျာ"

မြန်မာလိုရော အင်္ဂလိပ်လိုရော ညှပ်ပြောတဲ့စကားက နှစ်လုံး





ဒါကို ရှာရခက်တဲ့တွက်နည်းနဲ့ တွက်ပြသလို ဒီလူ့အပြောကြောင့် ခေါင်းတော်ညစ်ရပါသည်။

"မန်ချက်စတာအသင်း အလယ်တန်းက နာဂစ် ဆိုတဲ့ရှာတိတ်"

"နာနီ လုပ်စမ်းပါဗျာ"

"အဲ နာနီ... နာနီ၊ သူနဲ့ ဒိုလေး ဝမ်းတူရိုက်ပြီး ဒိုလေးကို ဘောလုံးအတိုး အဲယားစ်ကစ်နဲ့ ကန်ထည့်လိုက်တာ ပရိသတ်တွေအတွက် ခိုင်းတာပေါ့"

"မင်း ဘာတွေပြောနေတာလဲ ရွှေပျင်းလေး"

ကိုလှစိန် ခေါင်းကုတ်ပြီးမေးတော့ ...

"အို ဆောရီး၊ ကျွန်တော့်ရဲ့စပီကင်က အရမ်းမြင့်လို့လား၊ ဆော-ရီးဗျာ၊ ကဲ ကဲ ကျုပ်လဲ သွားဦးမယ်ဗျို့"

ပြောချင်တာတွေပြော၊ ရှုတ်ချင်တာတွေရှုတ်ပြီး ထွက်သွားတဲ့ ရွှေပျင်းလေးကိုကြည့်ပြီး ...

"ခင်ဗျား နောက်ထပ်ကြုံရဦးမှာပါ စာရေးဆရာ"

ကျွန်တော် ရယ်စရာကောင်းတဲ့ ဒီရပ်ကွက်ကြီးထဲက ဘာတွေများ ကုန်ကြမ်းတွေထွက်လာမလဲ စဉ်းစားမိပါသည်။

✿✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"စာရေးဆရာကတော်လေး ဝယ်သွားပါဦး ငါးတွေ လတ်တယ်နော်၊ ခေါင်းတွေဖြတ် ကလီစာတွေနုတ်ထားတာတောင် ငါးတွေက အိုးလေးလှုပ်ပါဟော့နဲ့ ကနေလို့ အိပ်ဆေးထိုးထားရတာ"

ငါးသည်အဒေါ်ကြီးရဲ့ ဈေးခေါ်ကောင်းမှုကြောင့် မေခိုင် ပြုံးမိရင်း ...

"ဘယ်ဈေးလဲ အဒေါ်"

"စိတ်ချ၊ သိရီမင်္ဂလာဈေးက သယ်လာတာ"

"မဟုတ်ဘူးလေ အဒေါ်"

"ဟုတ်ပါတယ် ငါ့တူမရယ်၊ မနက်အစောကြီးကတည်းက ဈေးကားနဲ့သယ်လာတာ"





"ဟို ကျွန်မပြောတာက ငါး ဘယ်ဈေးနှုန်းလဲလို့ မေးတာ"

အကြောင်းရင်းစုံကို ခုလိုသိပါမှ ရှေ့သွားနှစ်ချောင်းကျိုးနေတာ မြင်ရအောင် ငါးသည်အဒေါ်က ရယ်ပြရင်း ပိဿာဈေးနှုန်းကို ပြောသည်။ မေခိုင် က ပိုင်းဘားတဲ့ငါးအပိုင်းတစ်ပိုင်းကို ချိန်ဖို့ပြော တဲ့ရှိပါသေးတယ် အမျိုးသမီးတစ်ဦးက သူ့မဘေးမှာ ဝင်ထိုင်

"ဒေါ်မြင့် အဲဒီအပိုင်းကို ချိန်ကြည့်လိုက်"

ငါးသည်အဒေါ်ကြီးက အမျိုးသမီးညွှန်ပြတဲ့အပိုင်းကို ချိန်ခွင်ထဲ ထည့်ပြီး ...

"ဟဲ့ ခင်တင့် ဒီနေ့ နင့်လင်ကို ဈေးမဝယ်ခိုင်းဘူးလား"

မေခိုင် အမျိုးသမီးကို မသိမသာကြည့်တော့ အမျိုးသမီးက ခိုင့်ကို ပြုံးပြရင်း ...

"ဒီက ငါ့ညီမက ဟိုတစ်လောကပြောင်းလာတဲ့ စာရေးဆရာ ...မယားဆိုတာနဲ့တူတယ်"

"ဟုတ်ကဲ့"

"အားမနာနဲ့နော်၊ အကူအညီလိုရင် ပြော"

"နင့်အကူအညီက ငါ သိပါတယ် ခင်တင့်ရယ်၊ အစိတ်တိုး အတူ... ...သိကြီးပါအေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်မြင့်နော် ခင်တင့်တို့က အဲဒီလောက် လူမှုရေး မခေါင်းပ

ဖါဘူး"

ဒေါ်မြင့်က ဘာမှဆက်မပြောတော့ဘဲ နှုတ်ခမ်းမဲ့ပါသည်။

"ဒေါ်မြင့် အလေးပြည့်ရဲ့လား"

ဒေါ်မြင့်က ငါးထည့်ထားတဲ့ချိန်ခွင်ကို အပေါ် မြှောက်ပြပြီး –

"အို ... ပြည့်လား မပြည့်လား မသိဘူး၊ ဒီချိန်ခွင်ကို ဟိုတ

လောက ကပ်စေးနဲစိန်တိုက်က စစ်တယ်မှန်တယ်ဆိုပြီး အတင

လာဝယ်နေလို့"

"ကက်တီးယားစိန်တိုက် ပြောစမ်းပါ ဒေါ်မြင့်ရယ်"

မေခိုင် ငါးရွေးရင်း ပြုံးမိပါသည်။

"အပြောသိပ်ကောင်း၊ ချိန်ခွင်လျှာက မထွက်"

မခင်တင့်က ချိန်ခွင်လျှာကိုကြည့်ပြောပြန်သည်။

"လျှာကထွက်လွန်းလို့ ဟိုနေ့က ငါ့ကိုပြောင်ပြရလားဟဲ့လ

ပါးရိုက်ပြီး ဆုံးမထားရသေးတယ် အော်လံခင်တင့်ရေ"

"ဒေါ်မြင့်တို့ ပြောလိုက်ရင်တော့ ဘုရားစောင်းတန်းက ခြင်္သေ

ကြီးတွေ မျက်ရည်တောင်ကျသွားမယ်"

"ဟဲ ဟဲ ဘာတဲ့ ကလေးတွေဆိုနေတာ၊ အင်္ဂလန်က ဘုရင်

ကြီးတောင် ငါးလာဝယ်ဦးမယ် ဆိုတာလေ"

မခင်တင့်က မေခိုင် ဝယ်တာကို စောင့်ပေးပါတယ်။ ပြီးတော





အတူ ကျန်တဲ့ တိုလီမိုလီတွေကို လိုက်ဝယ်ပေးပြီး အတူပြန်

ပါတယ်။

"ညီမလေး ပျင်းရင် အိမ်ဘက် ထွက်လာခဲ့လေ၊ အစ်မကတော့

စီးပွားရေးကိစ္စနဲ့ လုံးချာကိုလိုက်နေတာပါပဲအေ"

ဟုတ်ကဲ့ မခင်တင့်"

ခင်တင့်က လမ်းတစ်လျှောက်လုံး ရပ်ကွက်ထဲကအကြောင်း

သူ့ယောက်ျား ရေဘင်ရဲ့အကြောင်းတွေ ပြောလာပါသည်။

တွေ့တဲ့လူတိုင်းကိုလည်း ...။

"ဟဲ့ အေးမိစံ နင် ပြီးခဲ့တဲ့လက အတိုးပေးမယ်ဆိုပြီး ဘာလို့

ပေးတာလဲ"

အေးမိစံ ဆိုတဲ့ အမျိုးသမီးက သုံးနှစ်သား ကလေးလေးကိုချီ

မလည်သေးလို့ပါ အတင့်ရယ်"

ပြော် မပြေလည်လို့ဆိုပြီး ပိုက်ဆံချေးတယ်၊ ပြန်ပေးဖို့ကြ

မလည်သေးလို့ ညည်းတို့တွေလည်ဖို့ ငါက မော်တာတစ်လုံး

ဖင်မှာတပ်ထားပေးရမှာလား"

အဲလိုလဲ မဟုတ်ပါဘူး အတင့်ရယ်"

အေး... ညနေကျရင် ဒီလ အတိုးလာပေးထား၊ လာမပေးဘူး

တော့ အော်လံခင်တင့်အကြောင်း သိတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သိ...သိပါတယ် အတင့်ရယ်"

မခင်တင့်က ဆက်လျှောက်လာရင်း ...

"အဲဒါပဲကြည့် ညီမရေ၊ ပိုက်ဆံချေးတုန်းကတော့ မိုးပြည့်ြ
မောင် မျက်နှာနဲ့ သနားကမား လာချေးကြတယ်၊ အတိုးပေးခ
တော့ အောင်ပိုင်မျက်နှာနဲ့ အကြောတင်းချင်ကြတယ် ညီမရဲ့၊
အစ်မလဲ ချက်ရပြုတ်ရဦးမယ်၊ သွားပြီ ညီမရေ"

မေခိုင် က အိမ်ရှေ့ရောက်နေပြီမို့ ခေါင်းညိတ်ပြကာ အိမ်
ဝင်ခဲ့ပါသည်။

✿✿✿✿✿✿✿✿✿✿





ကိုကြီး မျက်နှာသုတ်ပဝါနဲ့ ခေါင်းသုတ်နေရင်း ရယ်ပါသည်။

"မေခိုင်လဲ အားနာလို့သာ နားထောင်နေရတာ ကိုကိုရယ်၊ နား
နေတာပဲ"

နက်က ဈေးမှာ အော်လံခင်တင့်နဲ့ဆုံခဲ့ပုံကို မေခိုင် က ကိုကို
ို ပြောပြတော့ ကိုကိုကြီးခမျာ ရယ်လို့မဆုံးနိုင်။

ရေလဲပုဆိုးကို ပြင်ဝတ်ရင်း ...

"တဲ မိန်းမ၊ ဘာဟင်းတွေချက်တာလဲ၊ မြို့ထဲမှာကွာ ဗိုက်က
လိုက်တာကွာ၊ ဒီကြားထဲ မြင်းမူကလဲ ပြောလိုက်တဲ့စကား"

"တစ်ခုခုဝယ်စားထားပါလား ကိုကိုရယ်"

"စာအုပ်က မပြီးသေးတော့ ဘတ်ဂျက်က လိုငွေပြလာပြီ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



မခိုင် က ကိုကို့အတွက် အိမ်နေရင်းဝတ်စုံကို လှမ်းပေးရ

"မခိုင်လဲ ထိုင်နေရမယ့်အတူတူ အလုပ်လေးလုပ်ချင်တ ကိုကို"

"ဘာတွေများလုပ်ချင်လို့လဲ ပြောပါဦး"

"အစိုးရဝန်ထမ်းက အလွယ်တကူ ဝင်လုပ်ဖို့ဆိုတာ မလွယ် ကိုကို၊ မခိုင် ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားနေတာ"

"အင်းလေ၊ မခိုင် အရမ်းလုပ်ချင်တယ်ဆိုရင်တော့ ကို စဉ်းစားပေးပါ့မယ်"

မခိုင် က ကျေကျေနပ်နပ် ခေါင်းညိတ်ပြပါသည်။ ဟုတ်ပ လည်းဟုတ်ပါတယ်။ မခိုင်က ဘွဲ့ရပြီးသား၊ ပြီးတော့ သူ့ အလု စာရေးဆရာဆိုပေမယ့် အလုပ်အကိုင်ကိုစွန့် မြို့ထဲ စာပေအ အဝိုင်းကို နေ့စဉ် မဟုတ်ပေမယ့် အမြဲသွားနေရတော့ မ ရုပ်ကွက်ထဲမှာ တစ်ယောက်တည်း ပျင်းကျန်ခဲ့မှာ သေချာသ

"ကဲ ... ကိုကို မခိုင် ထမင်းပွဲပြင်ပြီးပြီ၊ ကိုကို ကြိုက်မှ မခိုင် ဒီနေ့ ကိုကိုကြိုက်တဲ့ ငါးဖယ်ငါးဆုပ်နဲ့ ခရမ်းချဉ်သီးသုပ် ထားတယ်"

"ဟ စားကောင်းဦးမှာ သေချာတယ် မိန်းမရေ"

မခိုင် က အသင့်ပြင်ထားတဲ့ ထမင်းပွဲအုပ်ဆန်ခါကို ဖွင့် ပြင်ဆင်ထားပုံက ဝမ်းကို တကြုတ်ကြုတ်ဖြစ်စေပါသည်။ မ





ာ လက်ဆေးရေပန်းကန်ကို ကိုကိုကြီးကို ထိုးပေးတော့ ကိုကိုကြီး က်ဆေးနေရုံရှိပါသေးတယ် ...

"ဟာ ထမင်းပွဲနဲ့တိုးနေတာ အတော်ပဲ"

အိမ်ပေါ်ကို ဆိုင်းမဆင့်ဗုံမဆင့် FBI တွေလို အတင်းဝင်ရောက် ာတဲ့ သူစိမ်းအမျိုးသမီးနှစ်ဦး။ သူတို့ကို ကိုကိုကြီး မသိ၊ အဲဒါ ကြောင့် ကြောင်တောင်တောင်ဖြစ်နေပြီး မိန်းမဖြစ်သူ မခိုင်ကို ကြည့်တော့ မခိုင် က ကျွန်တော့်ကို အားနာသနဲ့ရှိပြီး ထိုမိန်းမနှစ်ဦး ကို ...

"လာ လာ မမြွတ်၊ နှစ်ယောက်တည်းလား၊ အငယ်မရော ..."

မမြွတ်ဆိုတဲ့ အမျိုးသမီးက ထမင်းပွဲကို မသိမသာကြည့်ရင်း...

"အငယ်မ သိမ်ကြီးဈေးသွားတယ် မခိုင်ရေ၊ ဒါနဲ့ ထမင်းစား ပြင်နေတာလား"

"ထမင်းစားကြပါဦး"

ကျွန်တော်က ထမင်းစားခါနီးမို့ လောကွတ်ချော်မိပါသည်။ မြွတ် မဟုတ်တဲ့တစ်ယောက်က ...

"ဟင်း ဟင်း စားကြပါ"

"အစ်မတို့ ထမင်းစားပြီးကြပြီလား"

"ဘယ်စားရဦးမလဲ အခိုင်ရယ်၊ အငယ်မ လာမှပဲ ချက်တော့ မယ် ဆိုပြီး... ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



လေယူလေသိမ်းကတော့ မီးစိမ်းပြနေပြီမို့ ...

"ကဲ ကဲ တစ်ခါတည်းစားသွားကြပါလား"

"ကျွန်တော့်စကားကြောင့် မမြတ် က ...

"ဟယ် အားနာစရာဟယ်"

မလုပ်ပါနဲ့လို့မငြင်းကတည်းက ကျွန်တော် သိပါသည်။ ကျွန်တော်
မခိုင့်ကို မျက်ရိပ်ပြကာ ထမင်းချိုင့်ပြင်ခိုင်းပါတယ်။

ထမင်းချိုင့်ပြီးတော့ အားနာသလိုနဲ့ ထမင်းဝိုင်းကို ဝင်ထိုင်က
ပါတယ်။

"ကိုကို ဒါ လမ်းထိပ်က ညီအစ်မတွေလေ၊ မမြတ်မြတ်ဆွေက
အကြီးဆုံး။ သူပြီးရင် ဒီက မလတ်က မခင်ဥမ္မာ တဲ့၊ အငယ်မက
အေးကြည်မ၊ ဈေးသွားတယ်ဆိုတာလေ၊ ကိုကို့ပရိသတ်တွေပေါ့"

မြတ်မြတ်ဆွေ ဆိုတဲ့ အမျိုးသမီး မျက်လုံးက ငါးဖယ်ဟင်း
ပန်းကန်မှာ တဝဲလည်လည်။

"ဟုတ်တယ်၊ ကျွန်မတို့ညီအစ်မတွေက ဆရာ့ရဲ့ပရိသတ်တွေ
လေ၊ ဟိုစာအုပ် ..."

ပါးစပ်ကလည်းပြော၊ ဖျတ်ခနဲဆို ငါးဖယ်ဟင်းကို ခပ်ပြီးသား

"ဆရာ့ရဲ့ ငါးဖယ်ငါးဆုပ်နဲ့ နှလုံးသားဝတ္ထုက ..."

"မဟုတ်ဘူးလေ မမြတ်ရဲ့၊ ရင်ဘတ်တစ်ဆုပ်စာနှလုံးသားပါ"

"အဟီး နည်းနည်းလောသွားတယ်"





"ဟုတ်တယ်၊ အဲဒီစာအုပ်က အရမ်းကောင်းတယ်"

ခင်ဥမ္မာကလည်း ဖျတ်ဖျတ်လတ်လတ်ပါ။ ကျွန်တော်နဲ့ မခိုင်
စားရသေးခင် သူမပန်းကန်ထဲကို ငါးဖယ်နှစ်တုံးလောက် ပစ်
ပြီးပြီ။

"အဲဒီစာအုပ်မှာ ဩော် ... ဒါနဲ့ မမိုးအကြောင်း သိပြီးပြီလား
ရေးဆရာ"

"ဗျာ ..."

အကြောင်းအရာမရှိဘဲ ခေါင်းစဉ်ပြောင်းသွားတဲ့စကားကြောင့်
ကိုကြီး ဘာပြောရမှန်းမသိ။ ခင်ဥမ္မာက ရေတစ်ခွက်ကို ကောက်
သောက်ပြီး နင်နေတာကို ဖြေရှင်းလိုက်ပါသေးတယ်။

"မမိုးလေ မမိုး လမ်းဆုံမှာ မုန့်ဟင်းခါးရောင်းတဲ့ မိန်းမလေ၊
ခိုင် သိပါတယ်"

ကျွန်တော် မိန်းမကို ဘယ်တုန်းကတည်းက ဘယ်လောက်
ောင်ရင်းနှီးသွားသည်မသိပါ၊ အခိုင်တွေ အကြိုင်တွေ ဖြစ်ကုန်
ပြီ။

"ဩော် ... မခိုင် မနက်တိုင်း သွားသွားဝယ်နေတဲ့မုန့်ဟင်းခါး
ဆိုင်က အစ်မလား"

"ဟုတ်တယ် ဟုတ်တယ်"

"ဘာဖြစ်လို့လဲ မဥမ္မာရဲ့၊ အဲဒီအစ်မကြီးက သဘောကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

ခင်ဥမ္မာက ထမင်းထပ်ထည့်ရင်း ...

“လူများအကြောင်းလဲ မပြောချင်ပါဘူး၊ ကွယ်ရာမှာပြောတေ
အတင်းလို့ပြောလဲ ပြောကြပါစေတော့၊ ဥမ္မာတို့က အမှန်တရားေ
ကို ဆွေးနွေးကြတာပါ၊ မမိုးယောကျ်ားကို ချစ်တာကတော့ လွန်လွ
ပါတယ်၊ မမိုးပုံစံကိုကြည့် ကလေးက တွဲလောင်း၊ ဘယ်လိုမှ မလှ
ရုပ်၊ အဲဒါကို သူ့ယောကျ်ား ဈေးလာဝယ်တဲ့ ကောင်လေးတွေ
သမုတ်ပြီး ဆော်ပလော်တီးတာ အမြဲငြိမ်ခံနေရတယ် စာရေးဆ
ရယ်”

“ဗျာ ဟုတ်ကဲ့”

ကျွန်တော်တို့လင်မယားကတော့ ငါးဖယ်ဟင်းကို မကိုင်နိုင
သေး။ ခရမ်းချဉ်သီးသုပ်နဲ့ နှစ်ပါးသွားနေရပါသည်။

“လူများအကြောင်းလဲ မပြောချင်ပါဘူး၊ ပြောရင် အတင်းလ
ပြောမှာပဲ”

“ဟုတ်ပါ့ ဥမ္မာရယ်၊ ဒီမိန်းမက နိဘယ်လ်ဆုပေးသင့်တယ
ယောကျ်ားကို ချစ်တဲ့နေရာမှာတော့”

မြတ်မြတ်ဆွေက ပန်းကန်ထဲကဟင်းကို အပြတ်ရှင်းရင်း ပြေ
တော့ လှမ်းနှိုက်ဖို့ပြင်နေတဲ့ ခင်ဥမ္မာက မြတ်မြတ်ဆွေကို ဘုကြည
ကြည့်သည်။





“ဒါနဲ့ ပြောရဦးမယ်၊ အခိုင် သိမှာပါ၊ အလုပ်မရှိအကိုင်မရှိ
ဆုပ်ကွက်ထဲမှာ လမ်းသလားနေတဲ့ ချစ်မင်းဆိုတဲ့ကောင်လေးလေ”

“ဘယ်သူလဲ မမြတ်”

မေခိုင် သိပုံမရ။

“နောက်တော့ ပြပါဦးမယ်၊ အဲဒီကောင်လေးနဲ့ ဟို တက္ကသိုလ်
တက်နေတဲ့ ယုယုလှိုင် ဆိုတဲ့ ကောင်မလေးလေ ဖြစ်နေကြတယ်
တော်၊ တို့ကလဲ ချစ်မင်းလာရင် ကြာအောင်လို့ ကိုချစ်လှိုင်၊ ကိုချစ်
လှိုင်နဲ့ နောက်တော့ ချစ်မင်း မျက်နှာကိုပျက်ပြီး မစဖို့ ငါတို့ကို မုန့်
ဝယ်ကျွေးသွားသေးတယ် အခိုင်ရဲ့”

“ဘာလဲ ကိုချစ်လှိုင်”

“သြော်... တုံးပါ အခိုင်ရယ်၊ ချစ်မင်းက သူ့ကောင်မလေးကို
ချစ်စနိုးနဲ့ လှိုင်လို့ခေါ်တာ၊ ကောင်မလေးက ချစ်မင်း ကို ချစ်လို့ခေါ်
တာလေ”

“သြော်... ဘယ်သူများလဲလို့ ပွဲတိုင်းကျော်တဲ့ ညီအစ်မသုံးဖော်
ပါလား၊ ဘာတွေများ အတင်းအဖျင်းပြောပြီး ဝိုင်းနွှာနေကြတာလဲ”

ပြောလည်းပြော အိမ်ပေါ်တက်လာကြသူတွေက ကိုလှစိန်နဲ့
လူ တစ်ယောက်။ ညီအစ်မနှစ်ယောက်က ကိုလှစိန် မြင်တော့
မျက်စိမျက်နှာ ပျက်ချင်နေပါပြီ။

“လူပိုကြီး ထမင်းစားပါဦး”



www.burmeseclassic.com

www.burmeseclassic.com



"အလှူလက်ဖက်နဲ့ မျက်နှာလုပ်ချင်နေသေးတယ် စာရေးဆရာရေ ဒီညီအစ်မတွေက ရပ်ကွက်ထဲမှာ လှဆိုးစာရင်းထဲမှာ ထိပ်သီးပိုင်းကပါတဲ့သူတွေဗျ။ သတိသာထား၊ အိမ်ပေါ်တက်လာရင် ကမ္ဘာပျက် နှင်လွှတ်မှရတာ"

"အံမယ် လှပိုကြီးနော်၊ လှကိုများ ..."

"ဟဲ့ ငါပြောတာ မဟုတ်လို့လား၊ ဟိုတစ်လောက နှင် ဈေးသည် မသိုးနဲ့ ရန်ဖြစ်ကြပြီးပြီ၊ ဒီလို စာရေးဆရာရေ၊ နားလေးတဲ့ ဦးရှင်ကြီးတင်တဲ့ ဦးလေးချို လာတော့ ဒီညီအစ်မသုံးဖော်က ဦးလေးချိုကို ခဏခဏ ရှင်းပြရလွန်းလို့ 'မသိချင်ယောင်ဆောင်နေ' လို့ ညီအစ်မအချင်းချင်း ပြောပါရော၊ ဒါကို ဦးလေးချိုက 'မသိုးခြင်ထောင်ထောင်' တယ်ကြားပြီး ပြဿနာတွေရှုပ်ကုန်လို့ မသိုးနဲ့ ဒီညီအစ်မသုံးဖော် ရန်ဖြစ်ကြပါရောလားဗျ"

ကိုလှစိန်နဲ့ပါလာသူက အားရပါးရရယ်တော့ အကြီးမ မမြတ်မြတ်ဆွေက...

"ဟိုလူကြီး ရှင်က ဘာရယ်တာလဲ"

"ဟဲ့ ငါဘာသာရယ်တာ နင့်အပူပါလား၊ ကိုလှစိန် သိပြီးပြီလား"

ညီအစ်နှစ်ယောက်က လက်ဆေးပြီးလို့ ပြန်ဖို့ဆိုင်းပြင်းနေပါ၏။ ကိုလှစိန် က ...

"ဟဲ့ စားပြီးပြီးချင်း ပြန်မလို့လား ပြောပါဦး ကိုမိုး"





ကိုမိုး ဆိုသူက ရေနွေးငှဲ့ရင်း ...

"ဒီအစ်မကြီးနဲ့ ရပ်ကွက်စာရေး သာဒွန်းက ဘာလိုလို"

"ကိုမိုးကြီး ရှင်နော် မဟုတ်တာတွေ"

မြတ်မြတ်ဆွေက ခင်ဥမှာ သိမှာစိုးရိမ်ပုံနဲ့ ရှက်ရမ်းရမ်းတော့ ကိုမိုးကြီးဆိုသူက ညီမသုံးဖော်လေသံနဲ့ ...

"လှများအကြောင်းလဲ မပြောချင်ပါဘူး ကိုလှစိန်ရယ်၊ ကွယ်ရာမှာပြောရင် အတင်းပေါ့၊ ဟိုနေ့က ကျွန်တော့်မိန်းမရဲ့အမေ လာလို့ ကျွန်တော် ဧည့်စာရင်းသွားတိုင်ပါလေရော၊ မြတ်မြတ်ဆွေက နောက်မှရောက်လာပြီး သာဒွန်းကို ဘာပြောလဲဆိုရင် ..."

"ကိုမိုးကြီး ရှင် မဟုတ်တာတွေ မပြောနဲ့နော်"

"ဟဲ့ ကိုမိုးက နင်တို့လို အားအားရှိ အတင်းပြောနေတာမဟုတ်ဘူး၊ ဖြည်းဖြည်းပြောလိုက် ကိုမိုး"

ကိုမိုးကြီးဆိုသူက ပြုံးစိစိနဲ့ အခုလိုပြောပါတယ်။

"ကျွန်တော် မကြားဘူးဆိုပြီး ပြောနေတာ၊ ကိုသာရေ သန်းခေါင်စာရင်းအသစ်ပြန်လုပ်ဖို့ ကိုသာ့ကိုပဲ အားကိုးရမှာပဲတဲ့။ ဟိုက ဘာပြောလဲဆိုရင် မြတ်ရယ် မြတ်အတွက်ဆိုရင် ကိုသာ ဘာလုပ်ပေးရပေးရ မိုင်နာပါတဲ့၊ မြတ်မြတ်ဆွေက ဘာပြောလဲဆိုရင် အပိုတွေတဲ့၊ သာဒွန်းက ပြန်ပြောတာပေါ့၊ အပိုတွေမဟုတ်ပါဘူး အချစ်ရွှေပါတဲ့၊ ဟိုတစ်နေ့က ကန်ကြီးထောင့်မှာ ကိုယ် အချိုကျွေးပြီးပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ သူ သကြားလုံးကျွေးတာ"

မြတ်မြတ်ဆွေ ပြောမှ ပိုဆိုးသွားပါသည်။

"ဟင်... နင် အဲဒီကောင်နဲ့ဖြစ်နေတယ်၊ အေး နင့်ကို အမေနဲ့တိုင်မယ်၊ မမြတ် သိမယ်"

ခင်ဥမ္မာက သူ့အစ်မကို စိတ်ဆိုးမာန်ဆိုးနဲ့ပြောပြီး ထွက်သွား၊ တော့ မြတ်မြတ်ဆွေ မျက်လုံးပြူးကာ ...

"မဟုတ်ဘူး၊ ငါနဲ့သာဒွန်း ဘာမှမဖြစ်ဘူး။ ဟို ပျင်းလို့ ချိန်းပြီး စကားပြောတာ၊ ဟဲ့ ဥမ္မာ ..."

မြတ်မြတ်ဆွေ သူ့ညီမ ခင်ဥမ္မာနောက်ကို ကမန်းကတန်း လိုက်ရပါတော့သည်။

အိမ်ထဲမှာတော့ ပွဲကျလို့မဆုံး။ မေခိုင် က ထမင်းပွဲသိမ်းပြီး ကိုလှစိန်တို့အတွက် ရေနွေးကြမ်း ငှဲ့ပေးသည်။

"ဩော်... ဒါနဲ့ စာရေးဆရာကို မိတ်ဆက်ပေးရဦးမယ်၊ သူက လမ်းထိပ်မှာ ပန်းချီဆိုင်းဘုတ်ရေးတဲ့ ကိုမိုးကြီး တဲ့၊ စာရေးဆရာကိုတော့ ကိုမိုး သိပြီးသား"

"တွေ့ရတာ ဝမ်းသာပါတယ် ကိုမိုး"

လက်ဆွဲနှုတ်မဆက်ကြပေမယ့် အပြုံးချင်း ဖလှယ်မိကြပါသည်။

"ခင်ဗျား ဘယ်လိုကနေဘယ်လို ဒီညီအစ်မတွေနဲ့ ရင်းနှီးရတာ





တကယ်စပ်စုမတွေဗျ"

မေခိုင်က လက်ဖက်သုပ်ပန်းကန်ကို လာချပေးရင်း ...

"စာအုပ်သွားငှားရင်းနဲ့ စာအုပ်ဆိုင်က မပြုံး မိတ်ဆက်ပေးလို့ တစ်ခါပဲ စကားပြောဖူးတာ ကိုလှစိန်"

"အင်း ဖြစ်ရမယ်၊ ကဲ ဒါနဲ့ လာရင်းအကြောင်းလေး ပြောရဦးမယ်"

"ဘာများလဲ ကိုလှစိန်"

"ကျွန်တော်တို့ရပ်ကွက် နှစ်စဉ်ကျင်းပတဲ့ ဘုံကထိန်ပွဲလေး အတွက် ညကျရင် ဘုန်းကြီးကျောင်းမှာ အစည်းအဝေးရှိတယ် စာရေးဆရာ"

"ဟာ တက်ရမှာပေါ့ဗျ"

"အဲဒါက အရေးမကြီးဘူးဗျ၊ ကထိန်ဆိုပေမယ့် ဟိုဘက်သွပ်ပိုး ရပ်ကွက်နဲ့ ကျုပ်တို့ မီးပွားလေးရပ်ကွက်က အပြိုင်အဆိုင်လေ၊ တို့ရပ်ကွက်က ဒီနှစ် တစ်ရပ်ကွက်လုံးရဲ့ဘုံကထိန်တွေရှေ့မှာ ကက်တင်တဲ့ပလတ်ကားကြီးထားပြီး အဲဒီကားပေါ်မှာ ကျွဲရုပ် ကြီးတင်ပြီး အံ့သြသွားအောင် လုပ်မယ်တဲ့ဗျ"

ဒီမလေ့ကို ကျွန်တော် မသိလို့ ထပ်မေးကြည့်ပါတယ်၊ ကိုမိုး က ကျွန်တော့်ကို သေချာရှင်းပြသည်။

"ကျွန်တော့်မြို့နယ်မှာ သူ့အပိုင်နဲ့သူ ဘုံကထိန်ရက်ကို တစ်



www.burmeseclassic.com

www.burmeseclassic.com



ရက်တည်းသတ်မှတ်ပြီး တစ်မြို့လုံး လှည့်ကျတာဗျာ၊ ပြီးရင် မြို့န
ရုံးရှေ့ကိုသွားရပ်ကြပြီး ဒီဇိုင်းအပြင်အဆင်ပြိုင်ပွဲဝင်ရတယ် စာရေး
ဆရာ၊ အဲဒီ ရတဲ့ဆုက ကျွန်တော်တို့အတွက် ဂုဏ်ယူစရာတန်ဖိုး
အဲဒီအတွက် ခင်ဗျားက စာရေးဆရာဆိုတော့ အကြံကောင်းဉာဏ်
ကောင်းလေး ထွက်လာမလားလို့ အကူအညီတောင်းတာဗျ"

"အင်း ကျွန်တော်လဲ စဉ်းစားကြည့်ပါဦးမယ်"

"သိပ်အချိန်ရှေးမနေနဲ့ဗျ၊ ကထိန်ရက်က နီးနေပြီ"

"အေးပါဗျာ"

"ကဲ ဒါဆို ညကျရင် ကျုပ် လာခဲ့မယ်"

ကျွန်တော် စောင့်နေပါ့မယ် ကိုလှစိန်"

ကိုလှစိန်နဲ့ ကိုမိုးကြီးက သူ့ကို နှုတ်ဆက်ကာ ထွက်သွားကြ
ပါသည်။

☆☆☆☆☆☆☆☆☆☆





"ခင်ဗျားမိန်းမပါခေါ်လာလေ စာရေးဆရာ"

ကိုလှစိန် စကားကြောင့် မခိုင် က ရယ်ပြီး ...

"မလိုက်တော့ဘူး အစ်ကိုလှစိန်"

"ဟဲ့ ဘာဖြစ်လို့လဲ လိုက်ခဲ့ပါ၊ ဟိုမှာ မိန်းမအဖော်တွေ ရှိပါတယ်

ကိုလှစိန် အတင်းဖွတ်ခေါ်နေတော့ ကျွန်တော်က မခိုင်ကို
ရပါတယ်။ မခိုင်က ကြည့်ကောင်းအောင် အဝတ်အစား နည်း
ပါးလဲပြင်ဆင်ပြီး သုံးယောက်သား ထွက်ခဲ့ကြပါသည်။ လမ်း
ကိုမိုးကြီးနဲ့သူ့မိန်းမ မငွေးမြင့်နဲ့တွေ့တော့ အဆင်ပြေသွားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျွန်တော်တို့သုံးယောက်က ရှေ့၊ နောက်က မိန်းမသားနှ...ည်။ မြဝတီဓာတ်လမ်းတွဲကို ဆွေးနွေးကြပြီး လိုက်လာကြပါတယ်။

ဘုန်းကြီးကျောင်းဝင်းထဲရောက်တော့ လူငယ်တစ်ယော... က...

"နောက်ကျလိုက်တာ ကိုကြီးလှစိန်ရာ၊ ကျောင်းပေါ်မှာ ... နေပြီ၊ ခုန ဆရာတော်ကတောင် ကိုကြီးလှစိန်ကို မေးနေတယ်"

"ဥက္ကဋ္ဌ ရောက်ပြီလား သာဒွန်း"

"ရောက်ပြီ ကိုကြီးလှစိန်"

သူတို့အားလုံး ကျောင်းပေါ်တက်ကြပါတယ်။ ဘုန်းကြီးကျော...ရဲ့ ခန်းကျယ်ကြီးထဲမှာတော့ လူစုံတက်စုံပေါ့။

"ဒီကိုလာဟေ့ မောင်လှစိန်"

"ဟုတ်ကဲ့ ဥက္ကဋ္ဌ"

ခပ်ဝဝ နှုတ်ခမ်းမွှေးပြောင်ပြောင်နဲ့လူကြီးက လှမ်းခေါ်၏။ ကိုမိုးမိ... နဲ့ မေခိုင်က အမျိုးသမီးအုပ်စုဆီမှာ နေခဲ့ပြီး ကျွန်တော်တို့က လူ... ဝိုင်းကို ဦးတည်သွားကြတယ်။

"ကြာလိုက်တာကွာ၊ ဘာလဲ ခြောက်နာရီဆို ဆိုင်လာ... အစ်ကိုဆိုလို့ မင်း ဆိုင်ကိုသွားရလို့လား မောင်လှစိန်"

"ဟာဗျာ ဥက္ကဋ္ဌကလဲ ..."

ကိုလှစိန် ရှက်ကိုးရှက်ကန်းဖြစ်ပုံကို ကျွန်တော် အံ့ဩ...





"ဟော့ကောင် ရှက်ရှက်နဲ့ လုံချည်တွေ စွတ်ချေမနေနဲ့ ပြဦးမယ်"

"ဟာဗျာ ..."

ကိုလှစိန် ဖြစ်ပုံကို ကျွန်တော် မသိတော့ ကိုမိုးကြီးက ခပ်တိုး ပြောပြပါတယ်။ ကိုလှစိန် ကြိုက်နေတဲ့ကောင်မလေးတစ် ...ာက်ရှိကြောင်း၊ ထိုကောင်မလေးမှာ တစ်ဖက်ရပ်ကွက် သွပ်ပုံး ...ရပ်ကွက်က မေရီဆိုတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း၊ ...ပ်ကွက်မှာ သူတို့ မီးပွားလေးရပ်ကွက်နဲ့ ဘယ်တော့မှတည့် ...ည်မရှိကာ ဖရဲသီးနဲ့ဘဲဥလို့ သူစိမ်းဆန်နေကြပါသည်။ ပိုဆိုးသည် ... မေရီရဲ့အစ်ကို သတ္တု(ခေါ်) တက်ပုမှာ ကိုလှစိန်နဲ့ ကျောင်း ...က ရန်စရှိခဲ့သည်။

"ဟော ဆရာတော် ကြွလာပြီ"

ဆရာတော် ကြွလာတော့ အသံတိတ်သွားကြသည်။ ဒါပေမယ့် ...ုံးတန်းရဲ့ ညာဘက်ထောင့်က ဦးမြင့်သိမ်းရဲ့မိန်းမ ဒေါ်တင် ... ဦးဖေသန်းမိန်းမ ဒေါ်စိန်တုတ်၊ ကပ်ရိုက်ကပ်ခွေ ဦးမြဖေ မိန်းမ ...ဥမ္မာတို့က အလုအယက်စကားပြောနေကြတော့ ဆရာတော်က ...ရောက်တော့ ရပ်၍ သူတို့ပြောတဲ့စကားကို နားစွင့်နေပါသည်။

"အိုး... မဥမ္မာငယ် ဒီနေ့ ကိုရီးယားကားမရှိတော့ ပျင်းခြောက် ...က်ရယ်၊ ဒါနဲ့ပဲ ဘုန်းကြီးကျောင်းလာရင် အအေးသောက်ဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုပြီး လာခဲ့လိုက်တာအေ့"

"ဟုတ်ကဲ့တာပေ့ါ မတင်အေးရယ်၊ ဥမ္မာလဲ မနေ့ညနေက တ

သာထိုင်နေရတယ်၊ မျက်လုံးထဲမှာ 'ရိမ်း'ရဲ့ပုံရိပ်က ဝင်ဝင်လာ

တရားမှတ်ရင် တစ်ရက်တော့ မှားမိတာပေ့ါ"

"ဟဲ့ မှားချင်ဦး"

ဆရာတော် လက်ထဲကကြိမ်လုံးက စိန်စတင်းလို ခေါင်းသုံး

ကို ဆတ်ခနဲ... ဆတ်ခနဲ။

"ရိန်း ... အဲ ... ဆရာတော်"

"ကြည့်တော့ ယောဂီထဘီ အင်္ကျီအဖြူနဲ့ အသက်အရွယ်

မီးစာကုန်ချင်နေပြီ၊ နင်တို့က လက်ကျန်ဆီငွေ့လေးနဲ့ မီးကတော

ချင်တုန်း"

"အစွဲအလမ်းပေ့ါဘုရား"

"တယ် ငါလုပ်လိုက်ရ"

ဒေါ်တင်အေး က အဲဒီလို ဦးမြင့်သိမ်းမိန်းမပိပိ ဗီဇလေးကအ

နည်းနည်းပါချင်သည်။ ဆရာတော်က ပရိသတ်ကို ဝေ့ကြည့်

တစ်နေရာရောက်တော့ ...

"ဟိုကောင် ရေဘင် မင်းက ကျောင်းကို ဘာလာလုပ်တာ

ဘုရားမကြိုက်တဲ့အရည်လေးများ သုံးဆောင်ပြီးပြီလား"

"ဝိနည်းနဲ့အညီ တပည့်တော် သောက်လာပါတယ်ဘုရား"





ရေဘင့်စကားကြောင့် ရယ်သံတွေ ကြားရသည်။

"တယ် ငါ လုပ်လိုက်ရ ဒီအရက်သမားတော့ ..."

"မန်ပါဘုရား၊ ထားရင်လဲနေ သက်ရင်လဲ သေရပါမယ်ဘုရား၊

ပည့်တော် ပိုက်ဆံမရှိလို့ ပုလင်းတွေကိုကျင်းပြီး အနံ့ထွက်ရုံသာ

ောက်လာရသည်မို့ ဝိနည်းနဲ့အညီလို့ ပြောတာပါဘုရား"

"ဒီကောင်ကတော့ ချွတ်လည်း ကျွတ်မယ့်ကောင်မဟုတ်ဘူး"

ဥက္ကဋ္ဌက စိတ်ပျက်လက်ပျက် ပြောတော့ ရေဘင် က...

"မူးရင်တော့ ကျွတ်ပါတယ် ဥက္ကဋ္ဌရယ်"

"ဟော့ကောင် ဘာပြောတာလဲ"

ရေဘင့်ဘေးက ငပစ်ရဲ့အသံကြောင့် ဥက္ကဋ္ဌက လှမ်းဟောက်

ည်။ ငပစ် က ...

"လုံချည်မနိုင်ကြောင်းပါ၊ ငှက်ကဋ္ဌကြီး အဲလေ... ဥက္ကဋ္ဌကြီး"

"ကဲ ကဲ ဒီမူးနှစ်ကောင်ကို ပြောမနေနဲ့တော့၊ ကဲ အစည်း

ဝေးပွဲလေး စတော့ ဆယ်ပြား"

"တင်ပါ့ဘုရား"

ဥက္ကဋ္ဌ ဦးဆယ်ပြားက မတ်တတ်ရပ်ဖို့ပြင်ဆင်နေတုန်းမှာ မိုက်

ုန်း သိပ်ကြိုက်တဲ့ ဦးဖေသန်းက မိုက်ကိုကိုင်ပြီး ...

"ဟလို တက်စတီ၊ ရှိ ... အော် ..."

ဥက္ကဋ္ဌတောင် ကြောင်တောင်တောင်ဖြစ်သွားပါတယ်။ ဦးဖေ



www.burmeseclassic.com

www.burmeseclassic.com



သန်းကတော့ မိုက်ကိုခဲပြီး ...

"မြန်မာမှန်ရင် သဒ္ဓါသန်ရမယ်ဆိုတဲ့စကားနဲ့အညီ ထမင်း ချောင်းစီး ဒီအလှူပွဲကြီးက စတော့မယ်မဟုတ်လား ကိုမြင့်သိ ရေ"

နဘောလိုလို၊ ဓာတ်စကားလိုလိုနဲ့ ဦးဖေသန်းက ဆိုပြီး မိုက် ဦးမြင့်သိမ်းပါးစပ်နား ကပ်ပေးတော့ အတွဲညီတဲ့ ကိုမြင့်သိမ်း လည်း...

"မှန်တာပေါ့ ကိုဖေသန်းရေ"

ဆရာတော်က ဘုကြည့် ကြည့်နေပါသည်။ ဒါပေမယ့် မပြော သေး။

"ဟောဒီ ဇမ္ဗူတစ်ခွင်မှာ မြန်ပြည်လုံးဟိန်းစေဖို့ တစ်နှစ်မှာ တ ရက် ဘုံကထိန်ရက်မြတ်ကြီးကို ပျော်မဆုံး စတင်ရတော့မှာမို့ လို ကာမကာ အရောက်လာပါ။ မြို့တော် ဆယ်ပြား အဲလေ... ဥက္က ရေ ..."

ဥက္ကဋ္ဌ က ဦးဖေသန်းကို မျက်နှာနီရဲပြီး ဒေါသထွက်နေပါပြီ ဒီကြားထဲ ရေဘင်ရဲ့ အောင်မြင်တဲ့အသံကြီးက ...

"ဥက္ကဋ္ဌ ကပြပါမျိုး"

"ရှိ... ရှိ"

ပေစ်ရဲ့ လက်ခေါက်မှုတ်သံက တစ်မျိုး။





"ဖေသန်း"

"ဗျာ... အဲလေ ဘုရား"

"နင် အခုထိ ရူးကြောင်ကြောင်နိုင်တုန်းပဲလား"

"အကျင့်ပါသွားလို့ပါဘုရား"

ဥက္ကဋ္ဌ က ဦးဖေသန်းရဲ့လက်ထဲကမိုက်ကို ဆတ်ခနဲဆွဲယူပြီး ည်ချောင်းတစ်ချက်ရှင်းသည်။

"အဟမ်း"

ဒါတောင် ဦးဖေသန်းက 'အဟွန်း' လို့ လိုက်ပြီးချောင်းဆိုးတော့ ဥက္ကဋ္ဌ က မျက်ထောင့်နီနဲ့ကြည့်တော့ ဦးဖေသန်း ခေါင်းပုသွားပါ သည်။

"ခင်ဗျားတို့လဲ သိပြီးတဲ့အတိုင်း ..."

"ဘာမှမပြောရသေးဘူးလေ ဥက္ကဋ္ဌ"

ကိုလှစိန် အောက်ကနေ ခပ်တိုးတိုးပြောတော့ ဥက္ကဋ္ဌ အမ်း တမ်းတမ်းဖြစ်သွားပြီး ...

"အဲ ဟုတ်သားပဲ၊ ဒီလိုဗျ ...၊ ကျုပ်တို့ နှစ်စဉ်ကျင်းပတဲ့ ..."

"ဖဲဝိုင်း"

ဦးမြင့်သိမ်းက ဦးဖေသန်းကို ခပ်တိုးတိုးပြောပေမယ့် အသံက ကျယ်သွားသည်။ အားလုံး ပြုံးစိစိဖြစ်ကုန်သည်။

ဆရာတော်က...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနှစ်ယောက်ကို ငါ့ရှေ့မှာ ထိုင်ခိုင်းစမ်း ဆယ်ပြား"

"တင်ပါ့ဘုရား၊ ကဲ နှာဝိစ္စာနှစ်ပါး ထွက်တော်မူပါ"

ဥက္ကဋ္ဌစကားကြောင့် ကုပ်ကုပ်ကုပ်ကုပ်နဲ့ ဆရာတော့်ရှေ့ နှစ်ယောက်သား ငြိမ်ငြိမ်လေးသွားထိုင်နေရရှာပါတယ်။

"ခင်ဗျားတို့လဲ သိပြီးသားအတိုင်းလေ..."

"လုပ်ပြန်ပြီ"

"အဲလေ ယောင်လို့ ဒီလိုဗျ ..."

"ဟာဗျာ"

ဥက္ကဋ္ဌ ခေါင်းကိုကုပ်မိပြန်ကာ ဘာပြောရမှန်းမသိ။ မထူးတော ပြီမို့ သူ့လက်ထဲကမိုက်ကို အနားမှာထိုင်နေတဲ့ ကိုလှစိန်ကို ထိုးပေ ကာ ...

"ကဲ မင်းပဲ အဆင်ပြေပြေ ဆက်ပြောတော့ မောင်လှစိန်"

ကိုလှစိန် မပါရင် ပွဲမစည်ဘူးဆိုတဲ့စကား ကိုကိုကြီး ကြားရတာ တကယ်မှန်ပါသည်။

"ကျွန်တော်တို့ နှစ်စဉ်ကျင်းပတဲ့ ဘုံကထိန်ပွဲ ဒီနှစ် ထူးထူးခြား ခြားလုပ်ဖို့ အားလုံးကို ဖိတ်ခေါ်ရတဲ့အကြောင်း ပထမ ပြောချင်ပါ တယ်"

"ဟုတ်တာပေါ့"

ပရိသတ်တွေ ရုံးစုရုံးစု ပြောကြတော့ ရုံးစာရေး သာဒွန်း က





ပြီး ...

"ငြိမ်ငြိမ်နေပေးကြပါ။ ကျွန်တော်တို့ လူပိုကြီး ဆက်စကားပြော ပါ"

ကိုလှစိန် က သာဒွန်းကို ဘုကြည့်ကြည့်သည်။

"အခါက ကတော့ ဟိုဘက်ရပ်ကွက် သွပ်ပုံးလေးက ဒီနှစ် ကျွဲ ချိုးပြီး ကားပေါ်တင်ကာ ပြိုင်ပွဲဝင်မယ့်သတင်း ကြားတယ်ဗျ။ ပ်တို့ ဘာလုပ်ကြမလဲ"

"မူးနေကြမှာပေါ့"

ရေဘင်ရဲ့အသံ၊ ပရိသတ်က ပြုံးစိစိ၊ ကိုလှစိန် ဒေါသဖြစ်ကာ...

"ဟေ့ကောင် ရေဘင် မင်း ဘာစကားပြောတာလဲ"

ရေဘင်က ရယ်ကျဲကျဲနဲ့ ...

"အစ်ကိုကြီး ကိုလှစိန်ကလဲ ကျွန်တော်က အရူးအမူး အလုပ် ပ်ကြမယ် ပြောတဲ့ဟာကို..."

"မင်းတော့ကွာ ..."

"ဆက်ပြောစမ်းပါ ကိုလှစိန်ရာ၊ ဒီငမူးကို အရေးလုပ်မနေနဲ့"

ဥက္ကဋ္ဌစကားကြောင့် ဆက်ပြောဖို့ ကိုလှစိန် ပြင်စဉ်မှာ ဦးရှင်ကြီး တင်တဲ့ နားလေးတဲ့ ဦးလေးချိုက ထပြီး ...

"မောင်လှစိန် ကျုပ် ခုန ဥက္ကဋ္ဌပြောတဲ့စကားကို မရှင်းလို့ ပါ မေးပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကဋ္ဌ က ထိုင်နေရာမှ ...

"ပြောလေ ဦးလေးချို၊ ဘာမေးချင်လို့လဲ"

ဦးလေးချို က အသေအချာစဉ်းစားနေတဲ့မျက်လုံးတွေနဲ့ အခု ပြောပါတယ်။

"ဆက်ပြောစမ်းပါ ကိုလှစိန်ရာ၊ သီတာဦးကို အကြွေးလုပ်မနေ ဆိုတာ ဘာကိုပြောတာလဲဟင်"

အထည်ရောင်းတဲ့ ဒေါ်သီတာဦးက ချက်ချင်း မတ်တတ်ရ ပြီး ...

"ဦးလေးချို ရှင် ဘာစကားပြောတာလဲ"

ဦးလေးချိုက ဘုမသိဘမသိပုံစံနဲ့ ...

"ဟဲ့ကောင်မလေး ငါပြောတာမဟုတ်ဘူး၊ ဥက္ကဋ္ဌ ပြောတာ"

ဥက္ကဋ္ဌ ခေါင်းဗျင်းဗျင်းကုတ်ပြီး ...

"ဥက္ကဋ္ဌတောင် အမှုထဲ ဆွဲထည့်နေပြီ၊ ဒီလူကြီးတော့ကွာ ..."

ကိုလှစိန် မနေသာတော့။

"ကဲ ကဲ ဒေါ်လေးသီ အဒေါ်လဲ ဦးလေးချိုအကြောင်း သိရဲ့သာ နဲ့"

ဒေါ်လေးသီတာက ဆောင့်ဆောင့်အောင့်အောင့်ထိုင်ရင်း...

"ဟိုတစ်ခါလဲ ငါ့အစ်မ မသီးကို 'မသီးခြင်ထောင်' ထောင်တယ် ဆိုပြီး နားလေးပါးလေးနဲ့ လိုက်ဖွလို့ ပြဿနာတက်ပြီးပြီ၊ ဒီလူကြီ





တော့လေ ..."

"စိတ်ကိုလျှော့လိုက်ပါ ဒေါ်လေးရယ်"

"ဘာ ဝိတ်လျှော့ရမယ် ဟုတ်လား မောင်လှစိန်"

ရယ်သံတွေက မဆုံးတော့။ ဆရာတော် မနေသာတော့ဘဲ ...

"ဒကာကြီး ပါးစပ်ပိတ်ပြီး အေးအေးဆေးဆေး ထိုင်နေလိုက် တော့"

ဦးလေးချိုက ထိုင်တော့ထိုင်ပါတယ်၊ ဒါတောင် ဘေးက အတို့ အထောင် ကိုအုန်းမောင်ကို ...

"ဆရာတော်က ဇရုပ်မိတ်ပြီး အကျွေးအမွေးနဲ့ထိုင်နေဆိုတာ ဘာလဲ အုန်းမောင်"

အတို့အထောင် ကိုအုန်းမောင်ကလည်း သူ့ရဲ့ဗီဇကို ပြပါပြီး ဦးလေးချိုကို ခပ်တိုးတိုးပြောသည်။

"ပြီးရင် ဆရာတော်ကို အသာကပ်ပြီးမေးပေါ့ ဦးလေးချို"

"ယော့ကောင် ဆရာတော်ကို ကပ်ရအောင် ငါ့မှာ ဘာမှမပါတာ"

အုန်းမောင် ကိုယ်ရှူးကိုယ်ဖတ်ပါပြီ။

"ကဲ ကျွန်တော်တို့ ပွဲဖြစ်မြောက်ရေးကော်မတီလေး တစ်ခု လောက် ဖွဲ့လိုက်ကြရအောင်"

ကိုလှစိန် စကားဆုံးတော့ ဥက္ကဋ္ဌက မတ်တတ်ရပ်ပြီး ...

"ကျုပ် တစ်ခုပြောချင်တာက ..."



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုပြောပါ"

"ဟော့ကောင် ရှောင် ..."

"သားက စေတနာပါ"

ဥက္ကဋ္ဌ က လက်ညှိုးထောင်ပြီး ရှောင် ကို သတိထားလို့ အသံတိတ်အချက်ပြပါတယ်။ ပြီးတော့ ပရိသတ်ဘက်လှည့်ကာ ...

"ဒီအစီအစဉ်မှာ ကျုပ်တို့လူကြီးတွေက ထိန်းသိမ်းလမ်းညွှန်ရုံလမ်းညွှန်မှာ၊ ကိစ္စအဝဝကို လူငယ်တွေသာ ဦးစီးလုပ်ဆောင်ကြဖို့ အစီအစဉ်ဆွဲပေးထားတယ်။ ကျုပ်ရယ် ဂေါပကအဖွဲ့ဝင်လူကြီးတွေကတော့ နည်းယကပေါ့၊ ကဲ ပွဲဖြစ်မြောက်ရေးကော်မတီအတွက် ဥက္ကဋ္ဌနေရာကို ဘယ်သူ့ထားမလဲ၊ ကဲ ရွေးကြပါ"

ပရိသတ်တွေ တွတ်တွတ် တွတ်တွတ်နဲ့ ဆွေးနွေးကြပြီးနောက် အသံတွေထွက်လာပါကယ်။

"ကိုလှစိန် ကို ဥ...ကဋ္ဌတင်ပါတယ်"

"ဟော့ကောင် အုန်းမောင် ဥက္ကဋ္ဌ ပြောစမ်းပါ"

"ဟုတ်တယ်၊ ကိုလှစိန်နဲ့ အဲသင့်တော်ဆုံးပါ၊ လက်ထိပ်"

ရှောင့် အသံကြီးကလည်း ခုံခုံညားညား။ ဥက္ကဋ္ဌက လက်ကာတားပြီး ...

"အားလုံးရဲ့တောင်းဆိုချက်အရ ကိုလှစိန် က ဥက္ကဋ္ဌအဖြစ် ရွေးလိုက်ပါပြီ"





"ရွေးလိုက်တယ်ဆိုတော့ ဘယ်လောက်နဲ့ဆုံးသွားလို့လဲ"

ပေစိရဲ့အသံက ညှောင်နာနာ။ ရှောင် က ...

"ငါ့မိန်းမ မေးကြည့်မှ သိမှာပေါ့ဟ"

ဒီကောင်နှစ်ကောင်ကတော့ ရပ်ကွက်ကမနိုင်တဲ့ကောင်။

"ကဲ ... အတွင်းရေးမှူးရွေးကြရအောင်"

ဥက္ကဋ္ဌ စကားဆုံးတော့ ရှောင်နဲ့ ပေစိ က ထပြီး ...

"ကျွန်တော်တို့နှစ်ယောက်ကိုရွေးကြပါ"

ရှောင့် စကားကြောင့် ဆရာတော်က လှမ်းမေးပါတယ်။

"မင်းတို့ကို ဘာအကြောင်းကြောင့်ရွေးရမှာလဲ ရှောင်"

ရှောင် က မျက်နှာစပ်ဖြဲဖြဲနဲ့ လက်အုပ်ချီပြီး ...

"တပည့်တော်တို့က အတွင်းမှာတင်မူးတာမဟုတ်ဘူးဘုရား၊ အပြင်မှာပါ လျှောက်လဲပြီးမူးကြလို့ ဒီရာထူးက ဒီကမ္ဘာမှာ တပည့်တော်တို့ကလွဲပြီး ဘယ်သူမှမဖြစ်နိုင်ပါ"

"ရှောင် ပြောတာ မှန်ကြောင်းပါဘုရား"

"တယ်... ဒီနှစ်ကောင် ငါ ထဆော်လိုက်ကတော့ ...၊ ကဲ နင်တို့ ပါးစပ်ပိတ်မလား၊ ငါ ပိတ်ပေးရမလား ပြောစမ်း"

ရှောင် တို့နှစ်ကောင် ပါးစပ်ကို လက်ဝါးနဲ့ပိတ်ပြီး ပြန်ထိုင်ကြပါတယ်။

ကိုလှစိန် က ...



www.burmeseclassic.com

www.burmeseclassic.com



"ဥက္ကဋ္ဌနဲ့ အစုရောက်လာတဲ့လူထုအပေါင်းကို ကျွန်တော် တင် ပြောချင်ပါတယ်"

"ဘာများလဲကွ"

ဥက္ကဋ္ဌစကားကြောင့် ကိုလှစိန် က ကျွန်တော့်ကို ပြုံးကြ ကာ ...

"အခုပြောင်းလာတဲ့ ကျွန်တော့်မိတ်ဆွေ စာရေးဆရာကိုကို ကို ကျွန်တော် အတွင်းရေးမှူးတင်ချင်ပါတယ်"

အောက်က ပွစိပွစိနဲ့တိုင်ပင်သံတွေကြားရပါတယ်။

"စာရေးဆရာဆိုတော့ အမြင်ရှိတာပေါ့ကွာ၊ ရွေးသင့်တယ်"

"အမြင်ရှိတာပေါ့ကွ၊ သူက မျက်မှန်တပ်ထားတာကို"

"ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ရွေးလိုက်ကွာ၊ မြန်မြန်ပြီးရ မြန်မြန်ပြန်ရတာပေါ့"

"တူပါတယ်၊ တူပါတယ်"

"သံပါတယ်၊ သံပါတယ်"

တစ်ယောက်တစ်ပေါင်ကြုံးအော်နေကြတော့ ဥက္ကဋ္ဌက ကြုံး အော်သည်။

"အားလုံး တိတ်"

အသံတွေငြိမ်ကျသွားတော့ ဥက္ကဋ္ဌက ...

"ဟုတ်တယ်၊ စာရေးဆရာရဲ့အကူအညီတွေ အများကြီးလိုတဲ့





တွက် အတွင်းရေးမှူးကို စာရေးဆရာကို ရွေးချယ်ပါတယ်"

ကျွန်တော်လည်း အလိုလိုကနေ စာရေးဆရာဘဝကနေ အော် စ်တစ် ဘုံကထိန် အတွင်းရေးမှူးဖြစ်ခဲ့ရပါပြီ။

နောက် စာရင်းကိုင်အဖြစ် စာရေးသာဒွန်း၊ သာဒွန်းနေရာကို င်စာရေးဟောင်း မောင်ကြည် က ဝင်အရွေးခံပေမယ့် ကိုမိုးကြီး ပ်စုက လက်မခံ။ ရေဘင် က ဆိုရင် ပေါ်တင်ကြီး အခုလိုပြော တယ်။

"ရပ်ကွက်ရုံးစာရေးဟောင်းမောင်ကြည်ကို ကန့်ကွက်ပါတယ်"

ဆရာတော်က ရေဘင့် စကားကြောင့် ...

"ဘာလို့တုန်းကွယ့် ရေဘင်"

ရပ်ကွက်ရုံးစာရေးဟောင်းမောင်ကြည်က ရေဘင်ကို မကြည် ည့် ကြည့်သည်။

(မှတ်ချက် ... ဟိုဘက်လမ်းက မကြည်တို့ မဦးတို့ရဲ့ ဗြိတိ ကြည့်မဟုတ်ပါ၊ မကြည်လင်သည့်အကြည့်ကို ပြောခြင်းဖြစ်ပါ သည်။)

ရေဘင် က ဆက်ပြောပါသည်။

"ဒီလူမှာ အကျင့်တစ်မျိုးရှိပါတယ်ဘုရား"

စာရေးမောင်ကြည် အတော်ဒေါပွနေပေမယ့် ဆရာတော်ကို ကြောက်ရ၍ ထပြောခွင့်မရပါ။ ရေဘင်ကလည်း ပေဖြစ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ပြားပြားလေးအောင့်ခံထားတာ၊ 'တူ'ဖြစ်ခွင့်ကြုံတုန်း အပေါ်က တဒိုင်းဒိုင်းနဲ့တက်ခုန်ခွင့်ရတုန်း ခုန်မယ်ဆိုတဲ့အခွင့်အရေးလေးနဲ့

"သူ့လက်က မျက်လှည့်ဆရာ ပီကိုလာ၊ စက္ကောမတို့ထက် ဆ ပါတယ်ဘုရား" ၊

"ဟော .. လုပ်စမ်းပါဦး ..ဟ"

"သူ့စားပွဲရှေ့ တစ်ခါရပ်ရင် လက်ဝါးတစ်ခါဖြန့်ပါတယ်၊ နှစ်ခါ ရပ်ရင် နှစ်ခါဖြန့်ပါတယ်၊ ဒါပေမယ့် ရုံးအတွက် အံဆွဲထဲကိုတော့ လက်ဝါးပေါ် ကပိုက်ဆံဟာ ဘယ်လိုကနေဘယ်လို အပြောင်းအလဲ ဖြစ်သွားတယ်မသိပါဘုရား ..၊ တစ်ဝက်သာရောက်ပြီး တစ်ဝက်ထ သူ့ခါးပုံစထဲရောက်ပါတယ်ဘုရား"

ဆရာတော် ပါးစပ်အဟောင်းသားဖြစ်သွားပြီး မောင်ကြည် ကို

"ဟေ .. ဟုတ်လား မောင်ကြည်"

မောင်ကြည်ကလည်း အယောင်ယောင်အမှားမှားနဲ့ ထရပ်ပြီး

"တပည့်တော် လုံချည်ပြင်ဝတ်တာပါဘုရား"

ရယ်သံတွေ ဝေါခနဲ .....၊ မောင်ကြည် ရှက်ရှက်နဲ့ ရောဘင်ကို ကြည့်ပြီး 'တောက်' ခေါက်သည်။ ရောဘင် က ဂရုတောင်မစိုက် အားလုံးကလည်း မောင်ကြည် ဆို လက်သင့်မခံနိုင်။

ဘဏ္ဍာရေးမှူးရာထူးအတွက် အပေါင်ခံစားတဲ့ ဦးမြင့်သိမ်း တွဲဖက်အတွင်းရေးမှူးအဖြစ် အတိုးပေးစားတဲ့ အော်လံခင်တင့်





ခွဲ့ဝင်အဖြစ် ကိုမိုးကြီး၊ ညှိခံကျွေးမွေးရေး ရေမရှောဆိုင်က အေးလှိုင်၊ ချစ်မင်း။ သတင်းဖြန့်ဖြူးရေး ရွှေပျင်းကြီး ရွှေပျင်းလေး။

ဒီကြားထဲ ရောဘင်နဲ့ပေစိက သူတို့ပါချင်သည့် အတင်းဖွတ်ပြော ာ ကိုလှစိန်က ရာထူးတစ်ခု ပေးခဲ့သည်။

"လုံခြုံရေးနဲ့ နေရာချထားရေး" တဲ့။

✿✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



ဤစ်ညနေ ကိုလှစိန်၊ ကိုမိုးကြီးတို့ လာခေါ်တာကြော
ကျွန်တော်တို့ လက်ဖက်ရည်ဆိုင် ထွက်ထိုင်ဖြစ်ပါတယ်။

အဲဒီဆိုင်လေးက တစ်ဖက်ကားလမ်းမှာဖြစ်ပြီး သွပ်ပုံးေ
ရပ်ကွက်ပိုင်းအခြမ်းမှာဖြစ်ပြီး ဆိုင်နာမည်က 'ရွှေလက်ရာ'လက်
ရည်ဆိုင်ဖြစ်ပြီး လက်ရာက တစ်ချက်မှမကောင်းပါ။ သို့ပေမယ့် အ
က လက်ဖက်ရည်ဆိုင်ကို ကိုလှစိန် သိပ်ကြိုက်သည်။ အဘဖြစ်လို
ဆိုတော့ 'မေရီ'ဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိသောကြောင့်ပြ
သည်။ သို့ပေမယ့် 'မေရီ'အစ်ကို သတ္တု(ခေါ်) တက်ပုကတေ
ကိုလှစိန်နဲ့ ငယ်ငယ်ကတည်းက မတည့်ကြ။

"ကိုလှစိန် တစ်ခွက်"





ရီ က ကောင်တာကလှမ်းအော်တော့ ကိုလှစိန် က ကျွန်တော်
က်အတွက်ပါ ထပ်မှာသည်။

သတ္တု က ကိုလှစိန် မြင်တာနဲ့ တံတွေးထွေးသည်။ ဒါကို
န် က မေရီ ကို လှမ်းပြောပါတယ်။

"ရီ ... နင်တို့ဆိုင်မှာ ဗိုက်ကြီးနာခွဲတဲ့လူ ရှိလား"
ားဝိုင်းက ကိုလှစိန် နဲ့ သတ္တု အကြောင်းကို သိနေသည်မို့
ကြသည်။

သတ္တု က မျက်နှာကြီးမည်းကာ ...

"ဟေ့ကောင် မုန့်ကြိုးလိမ် ..."

"ဟေ့ကောင် တက်ပု ငါ့နာမည် လှစိန် ကွ"

သတ္တု က တအစ်အစ်ရယ်ရင်း ...

"အမှလှတဲ့ရုပ်မရှိတဲ့ ကုလားအုပ်လိုအရုပ်နဲ့ကောင်၊ မင်း တစ်
ုံး လိမ်နေတာ၊ မုန့်ကြိုးလိမ်ပဲ ဟေ့ကောင်"

"ဩ... တက်ပုရယ် မင်းရဲ့တြိဂံမျက်နှာနဲ့ လူစဉ်မမီတဲ့အရုပ်၊
ရင် မင်း ဖိနပ်ချွတ်လိုက်ပါလား"

"ား ဟား၊ သတ္တု က သတ္တိရှိပါတယ်၊ ကဲ ချွတ်ပြီကွာ ဖိနပ်"

သတ္တု က ဖိနပ်ချွတ်ကာ လုံချည်ပြင်ဝတ်တော့ ကိုလှစိန် က
ဖိနပ်ကိုညွှန်ပြပြီး ...

"ား ဟား ကလေးဖိနပ်လေးနဲ့ကောင် ... မင်းအတွက် လူကြီး



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းဘီ မရှိတော့ ကလေးဘောင်းဘီ ဝယ်ဝတ်ရတာ ငါ သိတ
တက်ပု"

သတ္တူ ကိုလှစိန်ဗျူဟာထဲ ရောက်သွားတော့ ...

"တောက် ... မင်း ငါ့ဆိုင်မလာနဲ့ မုန်ကြိုးလိမ်"

"မင်းဆိုင်လာတာမဟုတ်ဘူး၊ မေရီလေးရဲ့ဆိုင်ကိုလာတာ
ဖြစ်လဲ၊ မကျေနပ်လဲ မတတ်နိုင်ဘူး"

"တော်ပါတော့ ကိုလှစိန်ရာ"

ကျွန်တော်က ကိုလှစိန်ကို တားရပါသည်။

မေရီ ကလည်း ကောင်တာပေါ်ကဆင်းပြီး သူ့အစ်က
တားပါတယ်။

"တော်ပါတော့ ကိုကိုရယ်၊ လူကြားလို့မကောင်း၊ သူငယ်
အချင်းချင်းတွေပဲဟာ"

မေရီ့ စကားကြောင့် ကိုလှစိန် က လှမ်းပြောပါတယ်။

"ဒီက ကိုကိုက မပြောနဲ့ဆို မပြောပါဘူး"

"ဟေ့ကောင် လှစိန်"

"မထူးဘူးကွာ"

ကိုလှစိန် စကားကြောင့် သတ္တူ ကြောင်သွားပါတယ်။
တော့ သတ္တူ မေရီ ဆိုင်ထဲအတင်းဆွဲခေါ်သွားတော့ အထဲဝင်
ပါတယ်။





"ခင်ဗျားတို့က ဘာကြောင့်မတည့်ရတာလဲ ကိုလှစိန်"

ကိုလှစိန် က လက်ဖက်ရည်တစ်ငုံ သောက်ပြီး ...

"ဒီကောင်နဲ့ ကျွန်တော်က ငယ်ငယ်က သိပ်ခင်ကြတဲ့ သူငယ်
တွေဗျ"

"လုပ်ပါဦး"

ကိုလှစိန် က အဖြစ်အပျက်တွေကို ပြောပြပါတယ်။ လူပျိုပေါက်
ယ်တုန်းကပေါ့တဲ့၊ သူတို့နှစ်ယောက် ကောင်မလေးတစ်ယောက်
ှိုင်တူချစ်မိကြပါသည် တဲ့။ အဲဒီကောင်မလေးက သတ္တူ တို့
ွက်ကပါ။ ကောင်မလေးကလည်း နှစ်ယောက်လုံးကို ဦးစား
သည်။

သတ္တူ နဲ့ ကိုလှစိန်ကလည်း တစ်ဦးနဲ့အဆင်ပြေရင် တစ်ဦး
ာ်ဆုတ်ပေးရမယ်လို့ ကတိခံပြီး အခင်မင်မပျက်ကြ။
ဒါပေမယ့် မထင်မှတ်ဘဲ ကောင်မလေးက အခြားတစ်ယောက်
ာနောက်လိုက်ပြေးသွားပါတယ်။ အဲဒီမှာ အသည်းကွဲခန်းက
ာ့တာပေါ့။ နှစ်ယောက်သား ကိုလှစိန်အိမ်မှာ ရေဘင်နဲ့ အတူ
သောက်သား အရူးအမူးသောက်ကြပါတယ်။ ကိုလှစိန် မိဘတွေ
ယ်ပြန်သွားသည်မို့ မရှိကြ။ ဘီယာပုလင်းတွေ၊ အရက်ပုလင်း
လှုပျံအောင်သောက်ကြပါတယ်။ ပြီးတော့ မူးမူးနဲ့ အိပ်ပျော်
ာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက အဲဒီမှာ စ,တော့တာပေါ့။ တစ်ရေးနိုးတော့ ကို
စိန် ခေါင်းမထူနိုင်။ ဒါပေမယ့် ဆီးက အရမ်းသွားချင်နေသည်။ ကို
စိန်လည်း မထူးတော့ပြီမို့ လက်နဲ့ ဘေးဘီစမ်းကြည့်ပြီး ဘီယာ
ကျန်ပုလင်းထဲ အဆင်ပြေသလို ဆီးသွားလိုက်ပါတယ်။ ပြီးေ
အိပ်ပျော်သွားတာပေါ့။

ကိုလှစိန် အိပ်ပျော်သွားပြီး မနက်လင်းတော့ သတ္တု က အ
နိုးပြီး ခေါင်းတွေအရမ်းကိုက်တာမို့ ပြန်ဖြေမယ်လို့စဉ်းစားမိပြီး 
စိန် ဆီးသွားထားတဲ့ပုလင်းကို စိန်ပြေနပြေ သောက်လိုက် အ
ဟိုစမ်းကြည့်လိုက် ပြန်သောက်လိုက်ဖြစ်နေရင်း ကိုလှစိန်နဲ့ 
ကိုနှိုးပါတယ်။ ပြီးတော့ ဒီဘီယာက တစ်မျိုးပဲလို့ပြောတော့ 
စိန် က သူ ဆီးသွားထားတဲ့ပုလင်းမှန်းသိပြီး ပြောပြမိလို့ ကိုလှ
သတ္တု ကမ္ဘာမကျေ ဥဒါန်းမကျေတဲ့ အငြိုးအတေးတွေ စ,ဖြ
ခဲ့ပါသည်တဲ့လေ။ အဲဒီကစပြီး သတ္တု အရက်ဆိုရင် လုံးဝမသော
ပိုဆိုးသည်က ဘီယာပုလင်းမြင်ရင် သူ့စိတ်တွေ ဒေါသပိုပိုဖြစ်
ပါသည်။ ဘီယာကြော်ငြာတဲ့ကောင်မလေးတွေဆို ဒေါသဖြစ်သ
ဘာလားမသိ၊ မျက်လုံးပြူးကြီးနဲ့ စိုက်ကြည့်နေတတ်ပါတယ်

ကိုလှစိန် ပြောပြတော့ သူတို့ ရယ်လိုက်ကြတာ။

"နေပါဦး ကိုလှစိန်၊ မနှင်းအေး ဆိုတဲ့ ကောင်မလေးနဲ့ယူ
မလိုဖြစ်ဖူးတယ်ဆို ..."





ကိုလှစိန် မျက်နှာက ပြုံတော့မယ့်မိုးလို ရှာရန်ရာနှုန်းပြည့်။

"အနှင်း ကို ငါ သိပ်ချစ်တာ တကယ်ပါပဲ"

"ဘာဖြစ်လို့ ကွဲသွားကြတာလဲ ကိုလှစိန်"

ကိုလှစိန် က သက်ပြင်းချသည်။ စီးကရက်တစ်လိပ်ကို မီးညှိပြီး မျက်ကာဖွာထုတ်ရင်း သူ့ကိုယ်သူ ကျော်ရဲအောင်လိုလို၊ ခန့်စည်သူ သိုလို စတိုင်နဲ့ ဆွေးဆွေးမြည့်မြည့်ပြောပြသည်။

"နှင်းပျောက်တဲ့နွေသီချင်းသံကြားတိုင်း၊ နှင်းကလေးတွေမှ ဘုတ်ရဲ့လား စာသားကိုကြားတိုင်း အရိုင်းဆန်ခဲ့တဲ့ ငါ့ရင်ခုန်သံကို ဒီ ရင်နာနေမိတယ်"

"ငိုတော့ငိုမချလိုက်ပါနဲ့ ကိုလှစိန်ရယ်"

"တစ္ဆေနဲ့စခဲ့တဲ့ ထူးဆန်းတဲ့ ငါတို့ဇာတ်လမ်း အဆုံးသတ်မှာ တော့ ငါကိုယ်တိုင် တစ္ဆေရင်ကွဲ ဖြစ်ခဲ့ရတယ်"

"ဆသားတွေကတော့ လေးစားလောက်တယ်ဗျာ"

ကျွန်တော့်စကားကြောင့် ကိုမိုးကြီးက ရယ်သည်။

"သူနဲ့ငါ ဘာကြောင့်ကွဲသွားရတာလဲဆိုတော့ ဗေဒင်ကို ယုံတဲ့ အစွဲအလမ်းပေါ့ကွာ"

"ဗျာ"

ကျွန်တော်တို့ အံ့သြရပါသည်။ ကိုလှစိန်ခမျာမှာတော့ အံ့ဩ တင်းတင်းကြိတ်ရင်း အလွမ်းအဆွေးကို ခံစားရပုံကမြင်၍မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဟို မသာမ ထွင့်ထွင့်လှိုင် ကြောင့် ..."

"ဘယ်သူ ..."

ကျွန်တော်က ဘာမှမသိတော့ နားမလည်။ ကိုမိုးကြီးကတော့ သိပုံရသည်။

"ဟို နတ်ကတော်အခြောက်က အောင်ဇေယျ(၁)လမ်းက အခြောက်လေ"

"သိပ်ဟုတ်တာပေါ့ မိုးကြီးရာ၊ အဲဒီအခြောက်ကို မသင်္ကာမှုနဲ့ အချုပ်ထဲပို့ကတည်းက ငါ့ကို အငြိုးထားတာ ငါမသိဘူး။ တစ်နေ့ အနှင်း သူ့ဆီ နတ်မေးသွားတယ်"

ကိုလှစိန် က ခဏနားလိုက်ပြီး ရေနွေးသောက်လိုက်သေး သည်။

"ထွင့်ထွင့်လှိုင် ဆိုတဲ့အခြောက် ပြောလိုက်ပါလေရော"

"ဘယ်လိုပြောလိုက်လို့လဲ"

"မနှင်းအေးနဲ့ ရည်ငံနေသူက မနှင်းအေး ထက် အသက်ကြီး တယ်တဲ့၊ မနှင်းအေး သူ့ကိုယူလို့မဖြစ်ဘူးတဲ့၊ ယူရင် ကိုယ်တော်ကြီး တွေက မကြိုက်ဘူးတဲ့"

"ဘယ်က ကိုယ်တော်ကြီးလဲ"

ကျွန်တော်က ယောင်ဝါးဝါးနဲ့မေးတော့ ကိုလှစိန် က ...

"သူ့အမေလင် ဖြစ်မှာပေါ့ကွ"





ကိုလှစိန် ဒေါသကြောင့် ကျွန်တော်တို့ ရယ်မိကြပါသည်။

"ငါ့ကို ဝက်သားမစားရဘူးတဲ့၊ အမဲသားဆို ဝေလာဝေးတဲ့၊ ဒါဆို ဘာ အနှင်းကိုပြောတယ်၊ ဝက်သားနဲ့အမဲသား မစားရတဲ့နတ်က ဘာနတ်လဲလို့မေးတာပေါ့"

"အေးလေ မကြားဖူးပါဘူးဗျာ၊ တစ်မျိုးဆိုတစ်မျိုးပေါ့"

"ဒါပဲ၊ ဒီအခြောက်က လည်တယ်ကွ၊ တာလီပန်နတ် တဲ့"

"ဗျာ တာလီပန်"

နှစ်ယောက်သား အဲဒီနတ်ကို မကြားဖူးကြပါဘူး။

"အဲဒီနတ်က ခေတ်သစ်နတ်တဲ့၊ နာမည်ကြီးတာ မကြာသေး ဘူးတဲ့၊ ငါလဲ ရွံ့ပြီး ဆိုမာလီနတ်တို့၊ အာဖဂန်နတ်တို့ရော ရှိသေး လား ဆိုတော့ အနှင်း က သူ့ယုံကြည်မှုကို စော်ကားရမလားဆိုပြီး သနာတက်ကြသေးတာပေါ့။ ဒါနဲ့ မပြီးသေးဘူး စာရေးဆရာ ထွင့်ထွင့်လှိုင် ဆိုတဲ့ အခြောက်က နောက်ထပ်စည်းမျဉ်းတစ်ခု တ်သေးတယ်၊ ငါ အဆိုးတွေဝင်နေတယ်တဲ့၊ ငါ့ကိုယ်မှာ ပူးဝင် တဲ့နတ်ဆိုးက တစ်ဖက်က နံချပ်ကူကိုင်ပြီး တစ်ဖက်က စမူဆာ င်ထားတဲ့ မရှောက်ဖုံနတ်ဆိုးတဲ့"

"တရုတ်သိုင်းဝတ္ထု သိပ်ဖတ်တဲ့ နတ်ကတော်လားမသိဘူး"

ကိုမိုးကြီးက အရွဲ့တိုက်ပြီးမေးသည်။

"နံချပ်ကူကိုင်ထားတဲ့အတွက် နံရိုးအသစ်ရှတ်ချွတ်ဝပြီး



www.burmeseclassic.com

www.burmeseclassic.com



လုလဲတာတောင် မရနိုင်လောက်တဲ့ တိုက်ခိုက်မှုတွေကြုံမယ်
စမှုဆာရဲ့အဓိပ္ပာယ်က ပြဿနာဟာ သုံးဖက်သုံးတန်ကလာ
မြင်လို့ ရပ်ကွက်ရုံးခန်းတရားရုံးအချုပ်ခန်းကို ဘယ်လိုမှ သွား
မဖြစ်ဘူးတဲ့"

"အဲဒီတော့ ..."

ကျွန်တော် စကားထောက်ပေးတော့ ကိုလှစိန် သက်ပြင်း
သည်။

"ငါ့အလုပ်က ရပ်ကွက်အတွင်းရေးမှူးလေ၊ ရပ်ကွက်ရုံး
အချုပ်ခန်းတို့ဆိုတာ ငါ မသွားလို့မဖြစ်တဲ့အလုပ်ပဲ"

"ဟုတ်တာပဲဗျ"

"ငါက မဖြစ်နိုင်ဘူးလို့ငြင်းတော့ အနှင်းနဲ့ငါ ပြဿနာတ
တယ်၊ ပြီးတော့ ငါ ဒေါသဖြစ်ဖြစ်နဲ့ အဲဒီအခြောက်ရဲ့အိမ်ပေါ် တ
ပြီး ပွဲကြမ်းတော့ ငါ အချုပ်ခန်းရောက်သွားသေးတယ်"

"ဘာတွေဆက်ဖြစ်ကြလဲ"

"အကျိုးဆက်က ငါ နတ်ကတော်အခြောက်ကိုလုပ်မိလို့
အဖေက ကားတိုက်ခံရတာပါလို့ စွပ်စွဲတယ်"

"ဟာဗျာ မဖြစ်နိုင်တာ"

"အနှင်း က တစ်ယူသန်ဗျ စာရေးဆရာ၊ ပြီးတော့ အခြော
ရဲ့အာဘော်ကလဲ သူ့ခေါင်းထဲကို သံမှိုတစ်ခုလို ရိုက်သွင်းပြီး





ကျွန်တော် အချုပ်ကထွက်လာတော့ အနှင်း ဒီမှာမရှိတော့ဘူး၊ သူ့
ဦးလေးရှိတဲ့ မန္တလေးလိုလို၊ ရှမ်းပြည်နယ်ဘက်လိုလို ပြောင်းသွား
ပြီတဲ့"

စကားဆုံးတော့ ကိုလှစိန် မျက်ရည်ဝဲချင်နေပါသည်။

အခြောက် ပါးစပ်ကြောင့် ယောက်ယက်ခတ်သွားတဲ့ ကိုလှစိန်
ရဲ့နှလုံးသားဝေဒနာကို ကိုယ်ချင်းစာမိပါသည်။

✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

"ဒါလို .. ဘုရားရဲ့တံခါး ..."

ရေဘင်စကားကြောင့် ကိုလှစိန် မရယ်မိအောင်နေရပါသည်။ သူတို့ဆီ ဦးတည်လျှောက်လာတဲ့ ဦးမြင့်သိမ်း ရှုသိုးသိုးနဲ့ ရေဘင်ကို အခုလိုတုံ့ပြန်ပါတယ်။

"ဟော့ကောင် ဘာပြောတာလဲ"

ရေဘင်က ရေချိန်မကိုက်သေးပါ။ ဘယ်သူကိုရစ်ရမလဲ စဉ်းစား လျှောက်လာရင်း ကိုလှစိန်နဲ့တွေ့တော့ ပိုက်ဆံချေးနေရာမှ အခုလို ပေါင်ခံစားတဲ့ဦးမြင့်သိမ်း သူတို့ဆီလာတော့ ခရီးဦးကြိုစကား ဆို လိုက်ခြင်းပါ။

"ကန်တော့ .. ဘုရားတကာလို့ ပြောတာပါ"

ဦးမြင့်သိမ်း ဒေါသကို ပြန်သွတ်သွင်းလိုက်ရင်း ...

"ဘာလုပ်နေတာလဲဗျ"





"ဘာရယ်မဟုတ်ပါဘူးဗျာ၊ ဒီကောင်နဲ့ လမ်းမှာတွေ့တော့ ဒီ ကောင် ရေချိန်မကိုက်သေးဖူးဆိုလို့ ..."

ကိုလှစိန်က ရေဘင်ကို ငါးရာတန်တစ်ရွက် ထုတ်ပေးတော့ ဦးမြင့်သိမ်းက ရေဘင်ကို နှိပ်ကွပ်ချင်တာနဲ့ ...

"လူပျိုကြီးကတော့ လူမိုက်အားပေး လုပ်နေပြန်ပြီ၊ ရပ်ကွက် အတွက်လည်း အကျိုးမပြု၊ မိန်းမအတွက်လည်း အကျိုးမပြုတဲ့ ဒီလိုကောင်မျိုးများဗျာ ..."

"အဟာသ် .. ဟာစ် ..ဟာစ်"

ရေဘင်က စိတ်မဆိုးတဲ့အပြင် ရယ်တောင်ရယ်နေပါသေး သည်။

"ဘုရားရဲ့တံခါးကြီးကရော ဘာလုပ်နေတာလဲ၊ အပယ်မလား အောင် အငယ်မယားလေးနဲ့ ကာရာအိုကေဆိုင်ထဲမှာ ဂူအောင်း နိဗ္ဗာန်ထိုင်နေတယ်ဆို ..."

"ဟာကွာ ... ကျုပ်သွားဦးမယ် လူပျိုကြီး .. တောက်"

ဦးမြင့်သိမ်း 'တောက်'ခေါက်ပြီး ထွက်သွားတော့ ရေဘင်က ဟာစ်ဟာစ်ရယ်ပါသည်။ ဒီကောင့်ရယ်သံက သိတဲ့အတိုင်း လူအမြင် ကတ်တဲ့ရယ်သံ ...။

"မင်းကွာ .. လူကြီးကို ....."

"အာစရိက ဘာသိလို့လဲ၊ ပုတီးစိပ်တဲ့လက်ဆိုပြီး ရပ်ကွက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ သူ့ကိုယ်သူ ကြွားလုံးထုတ်နေပေမယ့် ကောင်မလေးတွေမြင်ရင် လက်ညှိုးနဲ့လက်မက ဂနာမငြိမ်ဖြစ်ပြီ"

"မင်းကွာ ပုတီးစိပ်ပါများလို့ အကြောလိုက်နေမှာပေါ့"

ကိုလှစိန် စကားကြောင့် ရေဘင်က မကျေမနပ်ဟန်နဲ့ ...

"ဘာမှ အကြောလိုက်နေတာမဟုတ်ဘူး။ သူ့ရဲ့တဏှာအာရုံကိလေသာတွေ ထကြွနေတာဗျ"

ကိုလှစိန် ဒီတစ်ခါတော့ ခွက်ထိုးခွက်လန်ရယ်ပါသည်။ ရေဘင်က ကိုလှစိန်ကို ပြုံးစိစိနဲ့ ...

"ဒါနဲ့ ခင်ဗျားကရော ဟိုနေ့က ဘုန်းကြီးကျောင်းကွေ့မှာ ညနေစောင်းကြီး မေရီနဲ့စကားပြောနေတာ ကျုပ်တွေ့တယ်နော်၊ ဘာလုပ်နေတာလဲ"

ကိုလှစိန်က ရှက်ကိုးရှက်ကန်းနဲ့ တဟဲဟဲရယ်ရင်း ခါးပုံစကို လိမ်နေတော့ ရေဘင် က ....

"သြော် ... အလိမ်ခံရလို့ကိုး ..၊ မေရီကို ဘယ်သွားလိမ်တာလဲ"

"ဟာ မဟုတ်ပါဘူး။ ဘာလို့လိမ်ရမှာလဲ .. ဟဲဟဲ"

ကိုလှစိန် က လိုရင်းကိုမပြော၊ လက်ဝါးချင်းပွတ်နေတော့...

"သြော်... သိပြီ၊ မေရီကို ပွတ်သွားလို့ ...၊ ဘာပွတ်သွားတာလဲ ကားလား .. စက်ဘီးလား ..."

"ဒီကောင်ကွာ ..."





ကိုလှစိန် စိတ်ပေါက်ပေါက်နဲ့ ခေါင်းကုတ်တော့...

"သြော် ... သိပြီ ..၊ မေရီက မယ်သီလရှင်ဝတ်မလို့ ဘုန်းကြီးကျောင်းကို လူပျိုကြီးက လိုက်ပို့ပေးတာထင်တယ်၊ ငယ်ပါသေးသယ်ဗျ"

"ဟေ့ကောင် ဘာတွေလျှောက်ပြောနေတာလဲ"

"မဟုတ်ဘူးလား"

ရေဘင့်စကားကြောင့် ကိုလှစိန်က စိတ်ပျက်ပျက်နဲ့ ...

"မင်းပြောတာတွေ တလွဲစီပဲ ရေဘင်၊ မေရီ ဘုန်းကြီးကျောင်းအပြန် လမ်းမှာတွေ့လို့ သူ့အစ်ကို သတ္တုနဲ့ပတ်သက်ပြီး ဟိုတစ်စကားများတာတွေ ခွင့်လွှတ်ဖို့ ..."

မေရီ့အစ်ကို သတ္တုနဲ့ ကိုလှစိန်က ကျောင်းတော်ကရန်စရှိခဲ့ပါသည်။

အမှန်က ကိုလှစိန် မေရီအကြောင်း ပြောချင်နေတာ ရေဘင် သိတာကြောင့် တမင်ကလိနေခြင်းပါ။

ရေဘင် က ရယ်ရင်း...

"ကျွန်တော်သိပါတယ် လူပျိုကြီးရယ်၊ လူပျိုကြီး မေရီကို ဟာစ် .. ဟာစ် .. ဟာစ်"

ရေဘင့်စကားသံကြောင့် လူပျိုကြီး ရှက်ပြီး ခေါင်းငုံ့ကာ မေရီ့ ခိုပ်လေးကို မြင်ယောင်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါလေ အဲဒီကောင်မလေးကို ဘယ်လိုပြောရမလဲ၊ ရင်ထဲ

ပြောမပြတတ်အောင်ချစ်ခဲ့မိပြီ ရေဘင်၊ အဲဒါ ငါ ဘာလုပ်ရ .. ရေ

ရေဘင်ကို ရင်ဖွင့်တိုင်ပင်ဖို့ လှည့်ကြည့်တော့ ရေဘင် မရှိတေ

ပါ။

ရေဘင် အဝေးရောက်နေပါပြီ။

"ခွေးမသား .. သေချင်းဆိုး .. ဖီလင်တောင်ပျက်တယ်"

✿✿✿✿✿✿✿✿✿✿✿





ပြီ စာရေးဆရာ"

င်အယားနှစ်ယောက် နေ့လယ်ခင်း အေးအေးဆေးဆေးလေး

ိုက်မယ်လို့ကြံပြီး ဖျာလေးခင်းရုံပဲရှိပါသေးတယ်။

ဘယ်သူလဲ မေခိုင်"

သိဘူး ကိုကို"

န်တော် အိပ်ခန်းထဲကထွက်ပြီး အပြင်ကိုကြည့်တော့ ခြံထဲ

င်လာတဲ့ ရွှေပျှင်းလေး ...

ဪ.. ကိုရွှေပျှင်းလေး၊ လာထိုင်"

ခိုင် က အလိုက်တသိနဲ့ ရေနွေးကြမ်းဖြင့် ညှော်ခံပေးပါတယ်။

ဘာရှိလို့လား ကိုရွှေပျှင်းလေး"



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေပျင်းလေးက အခန်းကို ဝေ့ဝဲကြည့်ရင်း ...

"ရှိတာမှ သိပ်ရှိ ဆရာရေ၊ ဒီလိုဗျ၊ ကျုပ်အစ်ကိုနဲ့ ကျုပ်နဲ့ အ
အခုံဖြစ်နေလို့"

"ဘာကိုလဲဗျ"

"မာရာဒိုနာဆိုတာ ဘယ်သူလဲ၊ ဘာကောင်လဲလို့ ငြင်းခုံကြ
သိတဲ့လူ ဓာတ်ပုံရတဲ့လူ ဆိုပါတော့၊ အဲဒီလူက ဓာတ်ပုံမရတဲ့
ကြိုက်တာဝယ်ကျွေးကြေး လောင်းထားတယ်ဗျ၊ ဒီကောင် အ
အဲဒီဓာတ်ပုံရဖို့ ကိုလှစိန်ဆီပြေးပြီ၊ ဟား ဟား ဒီကောင် ထ
ဒီဓာတ်ပုံမျိုးက စာရေးဆရာတွေမှာသာရှိတာ ဒီကောင် မသိဘူ

စွတ်ဆက်အထင်ကြီးတဲ့ ရွှေပျင်းလေးကြောင့် ...

"မရှိပါဘူးဗျ ကျုပ်မှာ ..."

ကျွန်တော့်အငြင်းစကားကြောင့် ရွှေပျင်းလေး မျက်နှာ
သွားပါတယ်။

"ဟာဗျာ မပေးချင်ရင် မပေးချင်ဘူး ပြောပါဗျာ"

"တကယ်မရှိတာပါ ကိုရွှေပျင်းလေးရယ်"

"အဲဒီလိုလုပ်ဖို့တော့မကောင်းပါဘူး စာရေးဆရာရယ်၊ ခင်
မှာရှိတယ်လို့ ကျုပ် သတင်းရထားတယ်"

"ဘယ်သူပြောတာလဲ"

"အတို့အထောင်အုန်းမောင် ကိုယ်တိုင် ပြောတာဗျ၊ လုပ်ပါ





အုန်းမောင်တို့ကတော့ နာမည်နဲ့လိုက်ပါပေသည်။ မထူးတော့

"ဆောဗျာ ကျုပ် ရှာကြည့်လိုက်ဦးမယ်"

"ကျေးဇူးအရမ်းတင်တာပဲ စာရေးဆရာရယ်"

ကျွန်တော်လည်း မီးစင်ကြည့်ကရတော့မှာမို့မာရာဒိုနာ ဆိုတဲ့
သုံးသမားပုံကို ရှာရန် ကျွန်တော့်စာအုပ်စင်ဆီ သွားပြီး ဖိုင်တွဲ
အောင်းတွေထဲမှ ဓာတ်ပုံတွေကို ရှာကြည့်မိသည်။

ဓာတ်ပုံတွေထဲမှာ မာရာဒိုနာရဲ့ပုံက တစ်ပုံမှမတွေ့၊ ဒါပေမယ့်
ကျော်ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုးရဲ့ပုံကို တွေ့မိပါသည်။
ပုံကို ကိုင်ရင်း စိတ်ကူးတစ်ခုရမိသည်။ ဒီလူနှစ်ယောက် မာရာ
ဆိုတာ အထီးမှန်း၊ အမမှန်း သိပုံမရသလို ဘာကောင်မှန်း
င်သိပုံမပေါ်။

ဒီနှမရှိ၊ ဓာတ်ပုံတစ်ပုံဖြစ်ဖို့သာ အရေးကြီး သည်။ ကျွန်တော်
ကောင်းတဲ့ မာရီလင်မွန်ရိုးရဲ့ပုံကိုယူလာပြီး ကိုရွှေပျင်းလေး
မ်းပေးကာ ...

ခင်ဗျား ကံကောင်းသွားတယ် ကိုရွှေပျင်းလေး၊ ကံကောင်းချင်
ဖိုင်တွဲထဲမှာ တစ်ပုံတွေ့တယ်"

ဓာတ်ပုံကိုကြည့်ပြီး ဝမ်းသာအားရနဲ့ ...

သွတ် ... အားကြီးလှတဲ့မိန်းမပါလား၊ ဒါကြောင့် မာရာဒိုနာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ နာမည်ကြီးတာကိုး၊ ကျေးဇူးအရမ်းကိုတင်တယ်ဗျာ၊ သွား
မယ်ဗျာ"

"လက်ဖက်သုပ်လေး စားဦးလေ"

"မစားတော့ဘူးဗျာ ကျုပ် ဟိုကောင်ကို သွားကြွားရဦးမယ်"

ကိုရွှေပျင်းလေး ထွက်သွားတော့ မေခိုင် က ...

"ကိုကို ခုနပေးတာ မွန်ရိုးပုံ မဟုတ်ဘူးလား"

"ဟုတ်တယ်လေ"

"ဒါဆို ..."

ကျွန်တော်က ရယ်ရင်း ပခုံးတွန့်ကာ ...

"မတတ်နိုင်ဘူး မေခိုင်ရေ"

"ကိုကိုဟာလေ ..."

ဒီဟက်အခြမ်းမှာ ဒီလိုဖြစ်နေသလို ...

အခြားတစ်ဖက်မှာလည်း...

"လုပ်ပါဗျာ ကိုလှဝိန်၊ ခင်ဗျား မကူညီလို့မဖြစ်ဘူး၊ ဒီကော
စာရေးဆရာဆီ ပြေးပြီ"

"မာရာဒိုနာပုံမှ ကျုပ်မှာမှမရှိတာ ရွှေပျင်းကြီးရယ်"

"ရှိပါတယ်ဗျာ၊ ကျုပ် အသိဆုံးပါ၊ ကျုပ်ကို သတင်းပေးတဲ့သူ
သတင်းပေးပြီးပြီ"

"ဘယ်သူလဲ"





"ဟဲ ဟဲ အုန်းမောင်"

ကိုလှဝိန် စိတ်ပျက်လက်ပျက် ခေါင်းခါရင်း ဒီလူကတော့ကွာလို့
ည်းမိပါသည်။

ရွှေပျင်းကြီးက မကျေနပ်ဟန်ရှိသည်။

"ဘာလဲ ခင်ဗျားက မပေးချင်ဘူးလား"

"တကယ်မရှိတာပါဗျ"

"ရှိပါတယ်ဗျာ"

"အဟုတ်မရှိတာဗျ"

"ရှိပါတယ်ဗျာ"

ကိုလှဝိန် မနေသာတော့ ပြောင်မရတဲ့အဆုံး တစ်ခုခုတော့
ထိုးပေးလိုက်မယ်တွေးပြီး သူ့စာဖတ်ခန်းထဲ ဝင်သွားပါသည်။
ာတ်ခန်းမှာရှာတော့လည်း မာရာဒိုနာပုံ မတွေ့။ ဪ ... တစ်ခု
တွေ့တယ်၊ အိန္ဒိယရဲ့ငြိမ်းချမ်းရေးတိုက်ပွဲဝင်သူ့ရဲ့ကောင်း
တမဂန္ဒီ ပုံ။

စထူးဓာတ်ခင်းပြီမို့ အဲဒီပုံပဲ ယူလာခဲ့ပါတယ်။

"ရော့ ခင်ဗျား လိုချင်တဲ့ပုံ"

"ဟင် ကုလားကြီး"

ကိုလှဝိန် က ဖြီးဖြန်းရပါတော့သည်။

"ဟ... အဲဒါ ပေါ့သေးသေးမဟုတ်ဘူး၊ အိန္ဒိယနိုင်ငံရဲ့ သူရဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဗျ”

“ဩော် ဒီလိုလား၊ ကျေးဇူးဗျာ၊ ကျုပ် သွားဦးမယ်”

ရွှေပျင်းကြီး လစ်ပြီး၊ ကိုလှစိန် သက်ပြင်းချရင်း ခေါင်းခါ[...] သည်။ ဘယ်လိုတွေ ဆက်ဖြစ်နေမည်မသိ။

ရွှေပျင်းကြီးလည်း ခေတ်ပုံကိုကိုင်ရင်း အားရဝမ်းသာနဲ့ သူ့[...] ရှိရာကို ပြန်လာပါသည်။

အိမ်ရှေ့ရောက်သည်ဆိုရင်ပဲ တစ်ဖက်က အားရဝမ်းသာ[...] ပြေးလာတဲ့ ရွှေပျင်းလေးကို တွေ့မိသည်။

“ဟောကောင် ရွှေပျင်းလေး မင်း ရှုံးပြီ ငါ မာရာဒိုနာပုံ ရခဲ့ပြီ[...] မင်း ငါကြိုက်တာ ဝယ်ကျွေးတော့”

ရွှေပျင်းလေးကလည်း ယုံကြည်ချက်အပြည့်နဲ့ ရင်ကော့ပြီး[...]

“ဘယ်ရမလဲ ရွှေပျင်းကြီးရာ၊ ငါလဲ ခေတ်ပုံရခဲ့ပါတယ်ကွ[...]

“ဟာကွာ ...”

ရွှေပျင်းကြီး သူနိုင်တယ်ထင်ပြီးမှ သရေပွဲဖြစ်သွားတဲ့အတွ[...] မကျေနပ်နိုင်ပုံဖြစ်ကာ ...

“ဟောကောင် မင်း ကလိမ်ကကျစ်မကျနဲ့နော်”

“ဘာ ကလိမ်ကကျစ်ကျရမှာလဲ၊ ငါ့ဆီမှာ မာရာဒိုနာပုံအစ[...] အစစ်၊ ရေမရောဘူး။ ကိုအေးလွင် ဆိုင်က အရက်လို မဟုတ်[...] ပြစမ်း မင်းပုံ”





ရွှေပျင်းလေးက ရွှေပျင်းကြီးလက်ကပုံကို ယူကြည့်ကာ ဟက် [...]ဟက်ပက်ရယ်သည်။

“ဟား ဟား ဟား ဟား၊ မင်း ရှုံးပြီ ရွှေပျင်းကြီး၊ မင်းပုံက [...]ဒိုနာမဟုတ်ဘူးကွ၊ ဒီမှာ မာရာဒိုနာအစစ်က ...”

ရွှေပျင်းလေးက သူ့လက်ထဲကခေတ်ပုံကို ရွှေပျင်းကြီးကိုပြ[...] ...

ရွှေပျင်းကြီး က ခွက်ထိုးခွက်လန် ရယ်ပါတော့သည်။

“သောက်ရူး ... မင်းပုံက ဘယ်ကနိုကုလားပုံလဲ မသိဘူး၊ ဟား ငါ့ကို ဒီလိုဘာပတ်လို့ ဘယ်ရမလဲကွ”

“ဟောကောင် အဲဒါ ဘင်္ဂလားသူရဲကောင်းကွ”

အိန္ဒိယက သူ မေ့ပြီး၊ ကုလားဖြစ်ရင်ပြီးရော၊ သူ ဘင်္ဂလားလို[...]င်နဲ့ ရမ်းစွတ်ပြောပါတော့သည်။

“ဟောကောင် မင်း ရှုံးတာ”

“ငါ မရှုံးဘူး၊ မင်း ရှုံးတာ”

“ဟောကောင် မင်း မညစ်နဲ့နော်”

“ညစ်တော့ ဘာလုပ်ချင်လဲ”

“လုပ်ချင်တာက ဒီလိုကွ”

“ခွပ် ...”

လက်သီးနဲ့ထိုးကြရင်း နပန်းဖက်လုံးပါသည်။ နောက်တော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိန်းမတွေဖြစ်တဲ့ မခြိုးတို့နဲ့ မနီတွတ်တို့ပါ ရောက်လာကာ
က ကြီးကျယ်လာပါတော့သည်။

"မြိုးတို့ တဲ့ဟေ့၊ အထီးလိုလဲ ဖိုက်နိုင်တယ်၊ ပဝါမကူ ရေစ
ဟေ့၊ အာဂမိန်းမတဲ့ဟေ့"

"အေး ... ဒီကလဲ နီတွတ်တဲ့ဟေ့၊ ပွက်ခနဲ ပွက်ခနဲ က
သုံးယောက်မွေးလာတာ၊ နီတွတ်ဆိုလာရင် အလိုရှုတ်ပြီး
နီတွတ် လက်ဝါးစက်သေနတ်နဲ့မှားမယ်"

"ဗုန်း"

"ဒိုင်း"

ဖုန်တထောင်းထောင်းကြားမှာ နပန်းပွဲကြီးက ဆူဆူညံ
အကျီတွေပြတဲ့သူက ပြ၊ ထဘီ မနိုင်သူက မနိုင်။

ရေဘင် က အာလေးလျှာလေးနဲ့ ...

"ရှေ့ကလူ ဖယ်ပါဗျို့"

ငပစ်ကလည်း အားကျမခံ ...

"ဝင်ဆွဲလေ၊ နောက်ထပ် ဆယ်မိနစ်လောက်ကြာရင် ..."

"ဟာ ဒီကောင်တွေ၊ ဟိုကောင်တွေ ယောက်ျားတွေကို ဝင်
ငါတို့က မိန်းကလေးတွေကို ဝင်ဆွဲမယ်"

ဦးမြင့်သိမ်းရဲ့ အသံကြီးက တံတွေးမျိုချသံကြီးပါ။

"အရေးထဲ ခင်ဗျားကလဲ အမျိုးသမီးရေးရာ ရောက်ချင်





တယ်"

"ဟာ... မြင်လို့မှမကောင်းဘဲ"

ဦးမြင့်သိမ်း စကားကြောင့် ကိုမိုးကြီးက ...

"မြင်လို့သာမကောင်းတာ ခင်ဗျားမျက်လုံးက ခြောက်ဆယ်ဝ
မီးအားလောက်ရှိတယ်"

ရပ်ကွက်ထဲက ယောကျ်ားမိန်းမတွေ ဝင်ဆွဲပြီး ဒီနှစ်တွဲကို
ရုံးခန်းကို ခေါ်သွားပါတယ်။ ဒီကိစ္စက ကိုလှစိန် မသိသေး။ ပြဿနာ
ရဲ့ဇာစ်မြစ်အစဖန်တီးသူ ကိုလှစိန်နဲ့ ကိုကိုကြီးကို ဥက္ကဋ္ဌ က လူလွှတ်
ခေါ်ခိုင်းပါတယ်။

ကိုလှစိန်က ကိုကိုကြီးအိမ်ဝင်ခေါ်ပြီး လမ်းမှာ ...

"ဘယ်လိုလုပ်ကြမလဲ စာရေးဆရာ"

"မသိဘူးလေ၊ သူတို့ဘာသာ အတင်းပုံတွေရှာခိုင်းတာကိုး၊
ကျုပ်က ဒီလောက်မဖြစ်ဘူးထင်လို့ နားအေးရင်ပြီးရောဆိုပြီး တွေ့
တဲ့ပုံ ပေးလိုက်တာ"

"ကျုပ်လဲ ဒီလိုပဲဗျ၊ မတတ်နိုင်ဘူးဗျာ၊ ရုံးရောက်မှ မီးစင်ကြည့်
တရမှာပဲ"

ကိုလှစိန် စကားကို ကိုကိုကြီးလည်း လက်ခံမိပါသည်။ ရုံးထဲ
ရောက်တော့ ကိုယ့်လူတွေ ဖူးရောင်နေပါပြီ။

"ဘယ်သူမှန်းလဲ၊ ဘယ်သူမှားလဲ ပြောပြလိုက်စမ်းပါဗျ အား...



www.burmeseclassic.com

www.burmeseclassic.com



ကျွတ် ကျွတ်"

ရွှေပျင်းလေးက ကိုကိုကြီးကို အပိုင်ပဲဆိုတဲ့အပြောနဲ့ ပြော သည်။

ရွှေပျင်းကြီးကတော့ ကိုလှစိန် ရောက်လာတော့ အားရှိတဲ့ မျက်နှာနဲ့ ကျေနပ်နေပါသည်။

"ကဲ ... လုပ်စမ်းပါဦး မာရာဒိုနာ ဆိုတာ ဘာကောင်လဲ၊ ဗိန္ဒော ဆရာလား"

ဥက္ကဋ္ဌကလည်း အမှုကို မဆုံးဖြတ်နိုင်အား။ သူလည်း သိချင်နေ ပုံရသည်။ ကိုလှစိန် က အကြောင်းရိုက်ပြီး ...

"မသိဘူးလေ၊ သူတို့ အတင်းရှိပါတယ်ဆိုပြီး ခတ်ပုံရှာ လာ တောင်းတော့ ဂန္ဓီပုံ ပေးလိုက်တာ"

ရွှေပျင်းကြီး မျက်နှာရှုံ့မဲ့ကာ ကိုလှစိန်ကို မကျေနပ်ဟန်ကြည့် သည်။ ရွှေပျင်းလေးက သူနိုင်တယ်ထင်ပြီး ကျေနပ်နေပါသည်။ ဒါ ကြောင့် ဥက္ကဋ္ဌ ဦးဆယ်ပြားက ကိုကိုကြီးကို လှမ်းမေးသည်။

"ဒါဆို စာရေးဆရာရဲ့ပုံက အမှန်ပေါ့"

"ဒါလဲမဟုတ်သေးဘူး"

ရွှေပျင်းလေး မျက်နှာပုပ်သိုးသွားပါတယ်။ ကိုကိုကြီးက ရွှေပျင်း လေးကို မျက်နှာချိုသွေးပြရပါတယ်။

"ခင်ဗျားကလဲ စာရေးဆရာလုပ်ပြီးဗျာ ..."





ဥက္ကဋ္ဌက အောင့်သက်သက်နဲ့မေးတော့ ကိုကိုကြီးက တမင် တည်ရွှန်သည်။

"ကျွန်တော် တကယ်မသိလို့ပါ ဥက္ကဋ္ဌရယ်၊ တကယ်ဆို ရပ်ကွက် ဥက္ကဋ္ဌဆိုတာ ဗဟုသုတပြည့်စုံဆုံးလို့ထင်တာပါပဲ"

ကိုလှစိန်ကလည်း ကိုကိုကြီးအကွက်ကို သိတာကြောင့်...

"ဒါ မှန်တာပေါ့"

ကျန်တဲ့သူတွေကလည်း ဒီနှစ်ယောက်ပြောမှတော့ ဝိုင်းပို့ကြ ရပေါ့။

"ဒါ ဟုတ်တာပေါ့"

"ဟုတ်တယ်၊ ဥက္ကဋ္ဌ သိလောက်တယ်"

ရွှေပျင်းကြီးက အားရဝမ်းသာနဲ့ ...

"ဥက္ကဋ္ဌဆိုတာ မဟော်သဓာလောက် ပညာရှိတယ်ကြားတယ်၊ ဥက္ကဋ္ဌ ဖွင့်ထားတဲ့ မဟော်ဂနီပရိဘောဂလုပ်ငန်းမှာ မဟော်ပါတယ် ဗျာပါ"

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ရွှေပျင်းကြီးက လွှတ်ပါတော့ သည်။ ဥက္ကဋ္ဌ အံသွားထဲ အသားစညပ်သလို အနေရအထိုင်ရ ကျပ် နေပါပြီ။ ဥက္ကဋ္ဌက ကိုလှစိန်ကိုကြည့်တော့ ကိုလှစိန်က မျက်ရိပ်ပြ သည်။ ဆရာနဲ့တပည့် မြွေမြွေချင်း အရှည်သိတယ်မို့ ...

"အဟမ်း ကျုပ်ပြောပြမယ် နားထောင်၊ မာရာဒိုနာ ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တရားစကားနဲ့ အင်္ဂလိပ်စကားနဲ့ ပေါင်းစပ်ထားတဲ့ ဘာသာ
စကားဝှက်ဗျ'

"ဟင် ..."

"ဒီလိုလား ..."

ကိုကိုကြီး ဥက္ကဋ္ဌစကားကြောင့် မရယ်မိအောင် ချုပ်ထိန်းထား
ရပါသည်။

"မာရာ ဆိုတာ မာတာက ဆင်းသက်လာတဲ့ အဓိပ္ပာယ်
အင်္ဂလိပ်စကားမှာ မာမီဆိုတာ အမေ၊ ပါဠိစကားမှာ မာတာ ဆိုတာ
အမေ၊ တရုတ်စကားမှာ မာမား၊ မြန်မာလို မိခင်၊ ကုလားလို
အမား။ ဟုတ်တယ်နော်၊ အားလုံး မ,နဲ့ စ,တာ"

"ဟုတ်တာပေါ့"

"အခုမှပဲ ရှင်းရှင်းလင်းလင်းသိရတော့တယ်"

ရုံးခန်းဘဲက ပရိသတ်ရဲ့အသံတွေကြောင့် ဥက္ကဋ္ဌ ကိုလှစိန်ကို
အားကိုးတကြီးကြည့်ပြီး အခုမှ သွားလေးဖြဲကာ နဖူးကချွေးကို
သုတ်နိုင်တော့တယ်။

"ဒိုနာ ဆိုတာ ..."

ဥက္ကဋ္ဌက ခေါင်းညိတ်ပြပါသည်။

"ရှင်းပြပါမယ်၊ ဒိုနာ ဆိုတာ အင်္ဂလိပ်လို အလှူရှင်လို့ အဓိပ္ပာယ်
ရပါတယ်၊ ကဲ ... ခုနစကားနဲ့ ပေါင်းကြည့်တော့ ...





ကျောင်းဆရာလေသံနဲ့ ဥက္ကဋ္ဌက ပြောတော့ အားလုံး က
င်ယမ်းပြီး လက်ပိုက် ...

"အမေ့အလှူရှင်လို့ အဓိပ္ပာယ်ရပါတယ် ဆရာကြီး"

ဥက္ကဋ္ဌက သမိန်ပေါသွပ်လို တည်းညည်းရယ်ပြီး ...

"ဒါပေါ့ဗျာ၊ အမေရဲ့အလှူရှင်ဆိုတာ အဖေပေါ့ကွာ"

လက်ခုပ်သံတွေ ဆူညံသွားကြပါသည်။ "မာရာဒိုနာ" ပြဿနာ
င်းခန်းပြီးတော့ အားလုံး ထွက်သွားကြတဲ့အခါ ရုံးခန်းထဲမှာ
စိန်၊ ကိုကိုကြီး၊ သာခွန်းနဲ့ ဥက္ကဋ္ဌရယ်ပဲကျန်ပါတယ်။

ကိုလှစိန်နဲ့သာခွန်း ကိုကိုကြီး သုံးယောက်သား ခွက်ထိုးခွက်
ရယ်ကြရင်း ကိုကိုကြီးက ...

"ပိုင်တယ်ဗျာ၊ ဥက္ကဋ္ဌတို့ကတော့ ..."

"မတတ်နိုင်ဘူး စာရေးဆရာရေ၊ ဒီအရပ်နဲ့ဒီဇာတ် က,ရမှာပဲ၊
ဦး မာရာဒိုနာ ဆိုတာ ...

ကိုကိုကြီးက ရယ်သံနဲ့ပင် ...

"အာဂျင်တီးနားက နာမည်ကျော်ဘောလုံးသမားလေ"

"သြော်... ဟုတ်သားပဲ"

"ကဲ... ကျုပ် မပြောဘူးလား စာရေးဆရာ၊ ခင်ဗျားအတွက်
ကြမ်းတွေ ဒီရပ်ကွက်မှာရှိပါတယ်လို့"

ကျွန်တော် ခေါင်းညိတ်ပြမိသည်။ ဥက္ကဋ္ဌက ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ရပ်ကွက်ထဲ အလှူငွေလိုက်ကောက်တော့လေ ပြီ
တော့ မဏ္ဍပ်ထိုး၊ အသံချဲ့စက်ငှားဖို့ ပြင်ဆင်ပြီးပြီလား"

"ညနေကျရင် အလှူခံထွက်ဖို့ ကျွန်တော် ပြင်ဆင်ပြီးပါပြီ
ဥက္ကဋ္ဌ"

ကျွန်တော်နဲ့ ကိုလှစိန် ဥက္ကဋ္ဌကို နှုတ်ဆက်ကာ ရုံးခန်းထဲက
ပြန်ထွက်လာခဲ့ကြပါသည်။

✿✿✿✿✿✿✿✿✿✿✿





"ဩလှူခံ ... အလှူခံခင်ဗျာ"

"ဟေ့ အိမ်ရှင်တွေ ဘယ်ရောက်နေလဲ၊ မကုလားမ"

ကိုလှစိန် အော်သံကြောင့် ...

"လူကြီးတွေ မရှိကြဘူး ဦးကြီး"

ကလေးမလေးတစ်ယောက်က အိမ်ထဲကထွက်လာပြီး အခုလို
ပြောတော့ ကိုကိုကြီးက ...

"ဘယ်သူပြောခိုင်းလိုက်တာလဲ သမီး"

"အမေ"

ကျွန်တော် ကိုလှစိန်ကို မျက်ရိပ်ပြလိုက်တော့ ကိုလှစိန် အကင်း
သစွာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ မကုလားမ၊ ကျွန်တော်တို့ အလှူခံတွေမဟုတ်ဘူးဗျ၊ ဆရာတော်က တစ်အိမ်ထောင်ကို ဆန်သုံးပြည်ပေးခိုင်းလို့ ခင်ဗျားကို တိုကင်လာပေးတာ"

"လာပြီ"

အသံက နောက်ဖေးမှာ၊ ရုပ်က လျှင်မြန်စွာမြန်သလားမမေးနဲ့ အိမ်ရှေ့ကိုအရောက် ...

"အောင်မယ်လေး တော့ ..."

အိမ်ရှေ့ကိုအရောက် ကြမ်းပြင်ပေါ်မှာချထားတဲ့ ကလေးကစားစရာအရုပ်ကို နင်းမိကာ ချော်လဲပါတော့သည်။ ဒါတောင် ကုန်းရုန်းထပြီး ...

"ဟို ... အော်လံခင်တင့် အောက်မေ့လို့ အိမ်က အကြီးမကို ညာခိုင်းမိလိုက်တာ၊ ကန်တော့ ကိုလှစိန်၊ ဟို ခုန ကြားလိုက်ပါတယ်၊ ဆန်ပေးမယ် တိုကင်ဆို"

"ဒီအတိုင်း မရဘူးဗျ၊ တိုကင်ဖိုးငွေ သွင်းရမယ်"

"ဘယ်လောက်သွင်းရမှာလဲ"

ဒေါ်ကုလားမ က ထဘီကြားမှာညှပ်ထားတဲ့ငွေအကြွေကို ထုတ်သည်။ ကိုလှစိန်က ခပ်တည်တည်နဲ့ ...

"ဆန်သုံးပြည်ကို ငွေသုံးထောင်သွင်းရမယ်"

"သွင်းမှာ၊ ဟင် ... ဆန်တစ်ပြည်ကို ငွေတစ်ထောင်နှုန်း၊ အပြင်





ဘောင် အဲလောက်မှမရှိတာ"

"အလကားစ,တာပါ၊ ကျုပ်တို့ ဘုံကထိန်ပွဲအတွက် အလှူငွေ ကောက်တာ"

ဒေါ်ကုလားမ က ကိုလှစိန်ကို မျက်စောင်းဝဲ့ပြီး ...

"ဆောဆောကတော့ အဲလိုမပြောဘူး၊ ဆန်ဆိုလို့ ဒီကလူကို ဘားမင်းသား ဂျူမှုန်နဲ့ တန်းတွေ့လိုက်ရသလို ဝမ်းသာသွား လူဆိုး သူ သိပ်လျှို့ဝှက်တာပဲ၊ ရော ..."

ဒေါ်ကုလားမ ပြီးတော့ တစ်အိမ်တက်တစ်အိမ်ဆင်း၊ ရသည့် မရသည့်အိမ် မရနဲ့ လိုက်ကောက်ခဲ့ပါသည်။

"အော်လံခင်တင့်တို့အိမ်ရောက်ပြီ၊ ခင်ဗျား ခေါ်ဗျာ"

ဗိုးကြီး စကားကြောင့် ကိုလှစိန် က အော်လံနဲ့လှမ်းအော်

"အလှူခံဗျို့ ခင်တင့်ရေ ..."

အိမ်ထဲမှာ ဘာသံမှထွက်မလာ၊ ကိုလှစိန် ယပ်အော်တော့ အိမ် ထွက်လာသည့်ခြေသံနဲ့အတူ ရေဘင် ...။

ရေဘင် က ...

"ဪ... ကိုလှစိန်တို့၊ စာရေးဆရာပါ ပါလာပါလား၊ အလှူခံ တယ်၊ ခဏလေး ...၊ လှူရမှာပေါ့၊ ရေဘင်တို့က အရက်သာ ကောက်တာ သဒ္ဓါတရား ယက်သန်ပါတယ်၊ ခဏ ..."



www.burmeseclassic.com

www.burmeseclassic.com



ရေဘင် အိမ်ထဲဝင်သွားတော့ ကိုလှစိန် က ...

"ဒီကောင် အပြောအဆိုသာ လက်ပေါက်ကပ်တာ၊ သဒ္ဒါတ
ကတော့ အပြည့်ပဲ"

"ဟုတ်တယ်ဗျ၊ ခင်တင့်နဲ့တော့ ကွာပါ့ဗျာ"

ရေဘင် က ဆာလာအိတ်ကြီးတစ်အိတ်ကို မနိုင်မနင်း ဆ
လာပါတယ်။

ကိုလှစိန် အပါအဝင် ကျွန်တော်တို့အားလုံး နားမလည်

"ကဲ ယူသွားကြတော့ဗျာ"

ရေဘင် က ကိုလှစိန်ရှေ့ပေးတော့ ကိုလှစိန် က အိတ်ထ
ကြည့်ပြီး ...

"ဘာတွေလဲ၊ ဟင် ... အရက်ပုလင်းအခွံတွေ"

"ဟုတ်တယ်လေ၊ ကျုပ်မှာ လှူစရာမှမရှိတာ၊ ဒါကြီးထမ်း
လိုက်၊ အနဲဆိုင်မှာ ဝင်ရောင်းလိုက်၊ ဒီအိတ်ဆိုရင် အနည်းဆုံး
လေးထောင် အသာလေးရတယ်၊ ကျုပ်လောက် ဒီထဲမှာ ဘယ်
လှူနိုင်မှာမဟုတ်ဘူး"

အံ့လည်းအံ့ပါရဲ့ ရေဘင်ရယ်။ ကိုကိုကြီးက ကိုလှစိန်နား
ကပ်ပြီး ...

"ဘယ်လိုလုပ်မလဲ ကိုလှစိန်"

"မတတ်နိုင်ဘူး သယ်သွားရမှာပဲ၊ ရှေ့ရောက်မှ အနဲဆို





နဲ့လဲရမှာပဲ၊ ဖိုးနီ သယ်ခဲ့ကွာ"

အလှူခံအဖွဲ့က ဖိုးနီကို သယ်လာခိုင်းပြီး အနဲဆိုင်မှာ ဝင်ရောင်း
ဆောင့်နေလို့ မှာခဲ့ရပါတယ်။

နောက်တစ်အိမ်။ နတ်ကတော်ထွန်းထွန်းလှိုင်တို့အိမ်။ အိမ်ရှေ့
သူတစ်ယောက်မှမရှိပါ။ ဒါပေမယ့် အိမ်ရှေ့ဖိနပ်ချွတ်မှာ ဖိနပ်
တွေ အများကြီး။ ဘေးအိမ်က မိချောကို လှမ်းမေးကြည့်တော့
တာ တိုးတိုးကပ်ပြောပါတယ်။

"လေးမြို့နယ် မိန်းမလျှာများ အစည်းအဝေးဆိုလားမသိဘူး။
မှာလုပ်နေတယ်"

"ဘာကြီး ..."

မိချောက ကိုလှစိန်ဖြစ်ပုံကြောင့် ရယ်ပြီး ...

"ဒီလေးမြို့နယ်မှာ ထွန်းထွန်း က အကြီးဆုံးပဲ"

"ဘာကြီးတာလဲ"

"အခြောက်ရာထူး အခုလဲ နှစ်ပတ်လည်အစည်းအဝေးဆိုလား
လား မသိပါဘူး"

ကိုလှစိန်နဲ့ ထွန်းထွန်းလှိုင်က ဥဒါန်းမကျေတဲ့ ရန်ငြိုးတွေရှိသည်။

"ဒီမိန်းမလျှာ မဟုတ်တာလုပ်လို့ကတော့ သိမယ်၊ လာ သွား
င်းနားထောင်ကြည့်ရအောင်"

"ဟာဗျာ ကောင်းပါ့မလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးစကားကြောင့် ကိုမိုးကြီး က ...

"ဟာ်ဗျာ ကောင်းပါတယ်၊ ဘာတွေများလုပ်လဲ တာဝန်
စပ်စု ... အဲလေ လေ့လာရမှာပဲ"

အားလုံး ကုပ်ချောင်း ကုပ်ချောင်းနဲ့ အိမ်ရှေ့က သံဆန်ခါ
လိုက်ကာကို အသာဟကာ ချောင်းကြည့်ကြသည်။

ထွန့်ထွန့်လိုင် က ရင်ဖုံးအင်္ကျီ၊ သဇင်ပန်းတွေဝေအောင်
မြန်မာ့ဝတ်စုံနဲ့ ခြောက်ချင်တိုင်းခြောက်နေပါတယ်။ သူ့ကိုယ်
သတင်းကြေညာတဲ့ အမျိုးသမီးများထင်လားမသိ၊ ထွန့်ထွန့်
က လက်ထဲကစာရွက်ကိုကိုင်ပြီး စ,လွှတ်ပါပြီ။

"ဖောင်းကြွလာကြတဲ့ ... အဲ ... မဟုတ်ပါဘူး၊ ကြွရောက်
ကြတဲ့ မိန်းမလျာအပေါင်းတို့ကို ကျွန်မ ဒီနေရာက စကားပြော
ရစေ"

"ဘယ်နေရာကပြောချင်လဲမသိဘူး"

ကိုမိုးကြီးက ခပ်တိုးတိုးဆိုတော့ ကျွန်တော်က တိုးတိုးနေ
သတိပေးရပါသည်။

"နှစ်စဉ်ကျင်းပတဲ့မိန်းမလျာအစည်းအဝေးမှာ အချောတကော
တွေအနေနဲ့ အခြောက်များပြိုင်ပွဲကို ဖြေရှင်းဆွေးနွေးရ
ကိစ္စပါ။ မာမီလောကက အချောတကောက်တွေ၊ နာမ်လောက
အချောတကောက်တွေ၊ ပွဲစားအချောတကောက်တွေက စပြီး





ကုန်သီးဆေးပြား အခြောက်တွေက စပြီး အချင်းချင်း ဝီစကီ
ရေသောက်ပြီး သစ္စာဆိုရပါမယ်"

"ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်"

အခြောက်တစ်ယောက်က ကန့်ကလျ လက်သီးလက်မောင်း
ထိုးသည်။

"မိန်းမလျာများလုံခြုံရေးအတွက် မိန်းမလျာများ လုံခြုံရေး
အဖွဲ့ကို လိုက်နာဖို့နဲ့ အထူးလုံခြုံရေးမိန်းမလျာများတပ်ဖွဲ့ကို ဖွဲ့
ဖို့ အင်္ဂလန်က မိန်းမလျာကိုယ်စားလှယ် မစ္စအိန်ဂျလီဂျီ...
... လု ..."

"အောင်မယ်လေးတော့ ခေါင်းပြတ်ကြီး"

ကိုလုစိန်ရဲ့ခေါင်းက ပြတင်းပေါက်ကနေ ပေါ်လာတာကြောင့်
မလျာတွေ ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြပါသည်။

"ဟိတ် အားလုံး တိတ်"

"ဩော် ... ဒင်းကြီးကို ..."

"ဒင်ကြီးနတ်မဟုတ်ဘူး၊ မစ္စတာလုစိန်"

"လုစိန်တွေ လုဂိန်တွေ လုပ်မနေနဲ့ ရှင်... အားနဲ့တဲ့ မိန်းမလျာ
ရှိတဲ့နေရာကို ပိုင်စိုးပိုင်နင်း၊ ရှင့်ကို မိန်းမလျာများရေးရာ တိုင်
"

ကိုလုစိန် ထွန့်ထွန့်လိုင့်စကားကြောင့် ဒေါသဖြစ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ထွက်ခဲ့ကြ၊ ဒီဟာမတွေကို ရှုံးခန်းခေါ် ဆူပူမှု၊ တိုးတိုးတိတ်တိတ်ကြံစည်မှုနဲ့ ရဲစခန်းပို့မယ်"

ကိုလှစိန် စကားကြောင့် ထွင့်ထွင့်လှိုင် မျက်လုံးပြူးရပြီး မလျာတစ်ယောက်က ...

"ဟယ် ... မာမီယွင့် ကြာပြီ ... မဟုတ်ပေါင် ကြည်ပြာ ရဲကြီးနဲ့ပေးတွေ့မယ်တဲ့၊ လုပ်ပါဦး ဟင် ..."

ကိုလှစိန် လုံးဝ ကြည့်မရတော့။

"နင်တို့ကို အဲဒီရဲကြီးရဲ့ ..."

မိန်းမလျာတွေ ပြူးကုန်သည်၊ မျက်လုံး ...၊ အသကုန်အော် သည်။

"ဘာလဲ"

"လက်ထိပ်"

"တော်သေးတာပေါ့၊ နည်းနည်းပဲလွဲသွားတယ်"

ထွင့်ထွင့်လှိုင် လေသံပျော့ရပါပြီ။ ကိုလှစိန် မေးစေ့ကို ကာ ...

"စိန်စိန်ကလဲ ထွင့်တို့က အချင်းချင်း ဟာပဲ ... ဟာပဲ"

"သွား ... ငါ့အနားမကပ်နဲ့"

ထွင့်ထွင့်လှိုင် ငိုမဲ့ ငိုမဲ့ လုပ်ပြကာ ...

"စိန်စိန် ပြုသမျှနုရမယ့်ဘဝပါ စိန်စိန်ရယ်"





ကိုလှစိန် စိတ်တွေညစ်ကာ ခေါင်းတဖြင်းဖြင်းကုတ်မိပါပြီ။

"စိန်စိန် ရန်ငြိုးရန်စ ဆိုတာ မထားကောင်းပါဘူး"

"အောင်မယ် ငါက နင့်ကို အငြိုးနဲ့များဖမ်းတယ်ထင်လို့လား။ သူစိန် ဆိုတဲ့ကောင်က အမှန်တရားတွေအတွက် ဘဝပျက်ချင် ခဲ့ပါစေ ..."

"ဟယ် အတော်ပဲ ..."

"ဘာလဲ ... ဘာလဲ ..."

ကိုလှစိန် ကမန်းကတန်းပြောတော့ ...

"မဟုတ်ပါဘူး၊ ပျက်ရင် ကယ်ချင်လို့ပါ၊ ဇော်နီလိုလေ"

"မခလာ ပြောစမ်းပါ"

မိန်းမလျာတစ်ယောက်က ဝင်ဖြေရှင်းပေးရပါသေးသည်။ တော့ ထွင့်ထွင့်လှိုင်ရဲ့ တောင်းပန်မှုကြောင့် သူတို့ ပြန်ထွက် ရပါသည်။ အလှူခံထွက်လာကြရင်း လမ်းမှာ ငိုကြီးချက်မနဲ့ တက်လာတဲ့ မှုကြိုဆရာမ မစိုးမြိုင်နဲ့တိုးပါတယ်။ သူ့တင်ပါးဆုံ ကို လှုပ်တိလှုပ်ရမ်း လျှောက်လာပြီး ကိုလှစိန်ရှေ့ ရောက် တော့ ...

"အောင်မယ်လေး ကိုလှစိန် လုပ်ရက်တယ်၊ ကောင်းကြသေး လား"

"ဟဲ့ စိုးမြိုင် တိုးတိုးအော်လေ၊ အော်ရင်လဲ ငါ့နာမည် မခေါ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့အော်လေ၊ နှင်အော်ပုံက ငါ့ ခေါင်းကြိမ်းတယ်ဟဲ့"

"ကျွန်မ မခံနိုင်ဘူး"

ကိုလှစိန် မျက်လုံးပြူးကာ ...

"နှင့်ကို ဘယ်သူက ..."

"မဟုတ်ဘူး"

မစိုးမြိုင် အငိုရပ်ကာ ကမန်းကတန်းတားရပါသည်။

"ကျွန်မကို အမြဲဒုက္ခပေးတယ်၊ အိပ်ကောင်းခြင်း မအိပ်ရ၊ စား
ကောင်းခြင်းမစားရ၊ ခဏခဏဒုက္ခပေးတဲ့လူ၊ အရေးယူပေးပါ"

ကိုလှစိန် ကိုမိုးကြီးကိုကြည့်သည်။ ကိုမိုးကြီးလည်း ဘယ်သူ
ဖြစ်မှန်းမသိပါ။

မစိုးမြိုင်မှာ ရည်းစား၊ လင်ယောကျ်ားလည်း မရှိပါ။ အပျိုကြီး
တကယ့်အပျိုကြီးစစ်စစ်၊ ပါနီ မရောတဲ့ အပျိုကြီး။

"နှင့်ကို ဘယ်သူ ဘာများ ... အဲလေ ... စော်ကားမော်ကား
လိုက်လို့လဲ"

စိုးမြိုင်က တစ်ချက်ရှိုက်လိုက်ရင်း ...

"ကျွန်မ မုန်းကြိုးသင်နေတဲ့ ရေခင် ဆိုတဲ့ ကလေး ..."

"ဟဲ့ ရေဘင့်သား မဟုတ်လား"

"ဟုတ်တာမှ သပ်ကိုဟုတ်၊ ဖအေတူသား၊ အော်ကြောလ
လေး။ ဒီကလေးရှိနေသရွေ့ ကျွန်မ မုန်းကြိုးပိုဟ်မယ်၊ အဟင့် ..."





"ဘာဖြစ်လို့တုံး"

"တစ်နည်းမဟုတ်တစ်နည်း ကျွန်မကို သိပ်ဒုက္ခပေးတာ၊ ချော့
...ခဲမရ၊ ရိုက်လို့လဲမရတဲ့ ဖြဟ္မာဦးခေါင်းတံဆိပ်ပါတဲ့ ကလေး၊ ဒီနေ့
...ပုံကိုကြည့်ပါဦး၊ ကျွန်မက ကဗျာတစ်ပုဒ်သင်ပေးတယ်၊ ကျွန်မ
... တစ်ကြောင်းဆိုရင် ကလေးတွေအားလုံးကို တစ်ကြောင်း လိုက်
...ခိုင်းတာပေါ့"

"ဘာကဗျာလဲ၊ ဆိုပြပါဦး"

ကျွန်တော် ဝင်မေးမှ ပိုဆိုးသည်။

"မဆိုချင်ပါဘူး၊ အဟင့် ..."

ကိုလှစိန်ကလည်း သိချင်နေပုံကြောင့် ...

"ဆိုပြစမ်းပါဟာ၊ ကလေးကို ငါတို့ ဆိုဆုံးမလို့ရအောင်"

"မရယ်ရဘူးနော်"

အိညောင်အိညောင်အသံလေးနဲ့ ရှိုက်ရင်းပြောသည်။

"အေးပါဟာ"

"ကျွန်မက ကဗျာတစ်ကြောင်း စ,ဆိုတာပေါ့ ...၊ အိပ်ရေးဝ
...အောင်အိပ်တဲ့အခါ ကျန်းမာရေးလည်းကောင်းမွန်မှာ"

ကိုလှစိန်က စိုးမြို့ ကဗျာဆုံးတော့ ...

"အဲဒီတော့ ..."

"ဒါပြင်ကလေးတွေ မဆိုခင် ဒီမျောက်မူးလဲလေးက... အိပ်ရေးဝ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အောင်အိပ်တဲ့အခါ 'ဝ'လာမှာ တဲ့ .. အီးဟီး"

စိုးမြိုင်က သူ့ကိုယ်လုံးဝဝကြီး လှုပ်သည်အထိ၊ ... ၊ ကျွန်တော်က ရယ် ...။

"နောက်တစ်ကြောင်း ဆိုသေးတယ်"

"ပြောပါဦး"

"ကျွန်မက ...၊ အစားစားရင် ချင့်ချိန်စားမှ ကျန်းမာမှာလို့ ဆိုရော .. ဒီကလေးက ချိန်ခွင်လေးနဲ့ချိန်စားပါ .. 'ဝ'လာမှာတဲ့ အီး .. ဟီး .. ဟီး"

စိုးမြိုင် စကားလည်းဆုံးရော အလှူခံကြတဲ့အဖွဲ့တွေ ရယ်လို့ မဆုံးတော့။

"ကဲ ... မရယ်ကြပါနဲ့တော့။ ကဲ ... စိုးမြိုင် နင် အိမ်ကိုပြန် ... ညနေကျရင် အော်လံခင်တင့်တို့လင်မယားကို ရုံးခန်းခေါ်ပြီး သေသေချာချာဆုံးမခိုင်းပါ့မယ်"

"ကလေးကိုတော့ မရိုက်နဲ့နော်၊ ဒါပေမယ့် ဒီကလေး ကျွန်မ မှတ်ကြိုမှာဆိုရင် မှတ်ကြိုဝိတ်တယ်"

"သေသေချာချာဆွေးနွေးပါဦးမယ်ဟာ"

စိုးမြိုင် ထွက်သွားတော့ ခွက်ထိုးခွက်လန် ရယ်မိကြပါသည်။ ကျွန်တော်က ...

"တကယ်မလွယ်တဲ့ကလေးပဲဗျာ"





"ဒီကလေးက ညဏ်ရည်သိပ်ကောင်းတဲ့ကလေးဗျ၊ ဖအေတွ ... ညကျရင် သေသေချာချာတော့ ပြောယူရမယ်ဗျ၊ ကဲ ... ခံတာလဲ အိမ်စေလောက်ရှိပြီ၊ ဘုန်းကြီးကျောင်းပဲတန်းသွား ...င်"

အားလုံး ဘုန်းကြီးကျောင်းရှိရာသို့ လျှောက်လာခဲ့ပါသည်။

✿✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ထွင့်ထွင့် လက်ဖက်ရည်သောက်ပါဦးဟ"

သတ္တုကြက ကိုချစ်ညိုတို့ဝိုင်းကို ရေနွေးအိုးထပ်ဖြည့်ပေးရင်း ဆိုင်ရှေ့ကဖြတ်လျှောက်သွားတဲ့ အခြောက်ထွင့်ထွင့်ကို လှမ်းအော်ပြောတော့ ...

"တုတု .. နင်က ဒို့ကို အလကားတိုက်မှာမို့လို့လား"

"တိုက်ရမှာပေါ့ဟာ"

ထွင့်ထွင့် က ဆိုင်ထဲဝင်လာတော့ သတ္တု က ဝိုင်းတစ်ဝိုင်းကိုရှင်းပြီး နေရာထိုင်ခင်းပေးပါသည်။

"လုပ်ပါဦးဟေ့ .. အကောင်းဆုံးလက်ဖက်ရည်တစ်ခွက်"

"ခြောက်မိနစ်အတွင်းလုပ်ပေးနော်၊ လက်ဖက်ခြောက်နုပ်ထားတာလေးနဲ့ ..."





ထွင့်ထွင့် စကားကြောင့် သတ္တုက နားမလည်တာကြောင့်...

"ဟဲ့ .. ဘာဖြစ်လို့လဲ"

ထွင့်ထွင့်က တစ်သျှူးစနဲ့ နှုတ်ခမ်းနီကို ခပ်ဖွဖွဂျိုရင်း ...

"သြော် .. ဒီရက်ပိုင်းအတွင်း ဖာတာက မကောင်းတော့ ဗေဒင်ဆရာက ယတြာချေခိုင်းလို့ဟ ..."

စားပွဲထိုးလေးက လက်ဖက်ရည်ချပေးပြီး ရေနွေးအိုးကို မခြည်ကာ ရေနွေးမရှိမှန်းသိ၍ ရေနွေးအိုးထပ်ဖြည့်ရန် ယူမယ်လုပ်တော့...

"သားသား .. လက်ဖက်ခြောက်များများနော်"

ထွင့်ထွင့် က သတ္တုဘက်လှည့်ရယ်ရင်း ...

"ခြောက် ပါအောင်လို့လေ"

"ထမင်းစားပြီးပြီလား"

"စားခဲ့တယ်၊ ငါးခြောက်နဲ့"

သတ္တု ရယ်ချင်မိပါသည်။

"အခု ဘယ်လဲ"

"ဘုရား"

"တိုင်စီဂွားမှာလား၊ ကိုလှအေးကားရှိတယ်"

"ဟင့်အင်း .. ခြောက်ဆယ့်ခြောက် လိုင်းကားစီးမှာ"

ထွင့်ထွင့်စကားကြောင့် သတ္တု က သဘောကျစွာရယ်အတာ...



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဟာကလည်း ထွင့်ထွင့် ..."

"မလုပ်လို့မဖြစ်လို့လုပ်ရတာ ခြောက်ခြောက်ရေ ... အဲ
တုတုရေ ...၊ ဟိုနေ့က ငါတို့အခြောက်တွေ ငါ့အိမ်မှာ အစည်းအ
လုပ်တုန်း ဟို ပဲလင်းမြွေရုပ်နဲ့အကောင် ငါ့ကိုမွှေသွားတယ်လေ"

"ဟဲ့..."

"အဟီး ... ပြဿနာတွေမွှေသွားတယ်လေ"

"ဘယ်သူလဲ ..၊ ရောင်လား"

သတ္တုကြ ရောင်ပဲဖြစ်နိုင်တာမို့ပြောတော့ ထွင့်ထွင့်
မျက်နှာ ကို မဲ့ရွဲ့ပြီး ..

"ဘယ်သူရှိရမှာလဲ၊ နှင့်ရဲ့အချစ်တော် 'အလေးအိန်စေး'ပေါ့
"ဘာကြီး ... အလေးအိန်စေး"

ထွင့်ထွင့်က သတ္တုကြကို မျက်စောင်းထိုးရင်း ...

"ဟဲ့ .. အခြောက်ဘာသာစကားနဲ့ပြောတာ၊ 'အလေးအိန်စေး'
ဆိုတာ လုစိန်လို့ပြောတာ"

လုစိန် ဆိုတဲ့ နာမည်ကြားတာနဲ့ ဖင်က ဒဏ်ရာဟောင်း
(ဆောရီး)ရင်က ဒဏ်ရာဟောင်းက စစ်ခနဲလို ...

"တော် တော် ...၊ ဒီကောင့်နာမည် ငါ့ဆိုင်ရှေ့မှာ လာမပြော
စိန် ဆိုရင် ငစိန်တောင်မစားဘူး"

ထွင့်ထွင့် ပါးပါးနပ်နပ်လေးပြုံးလိုက်ပါသည်။ အခွင့်ရေးရတု





လုစိန် ဆိုတဲ့ကောင်ကိုတီးဖို့ သတ္တုကြနဲ့ သုမ အဲ .. အခြောက် စည်းလုံး
ရမည်။

"နင်ကသာ မကြားချင် မပတ်သက်ချင်ဖြစ်နေ .. ဟိုကောင်
ဆားရည်စိမ်က ..."

"လုစိန် ပါဟာ"

"နင်ပဲ ဒီကောင့်နာမည် မကြားချင်ဘူးဆို ..."

"အေး ဟုတ်သားပဲ"

"ဒီကောင်က နင်နဲ့ အမျိုးတော်ချင်နေတာ"

"ဘာ ..."

"ဟုတ်တယ် တုတုရဲ့ ...၊ ဒီကောင်က မေရီကို ကျိတ်ပိုးနေတာ"

"ဘာ ..."

"ဒုန်း"

"အောင်မလေး .. ဖြည်းဖြည်းလုပ်ပါ၊ အမေဂျမ်း လက်တစ်ကမ်း
မှာ ကပ်ဝေါလ်လျှောက်နေတာကျနေတာပါဟယ်"

ရေနွေးခွက်က မှောက်ပြီး ထွင့်ထွင့်ပေါင်ပေါ်စီးတော့ ထွင့်ထွင့်
မျက်စောင်းလေးခွဲ့ခွဲ့ထိုးကာ ပြောပါသည်။

"နင်ပြောတာ အဟုတ်ပဲနော် ထွင့်ထွင့်"

သတ္တုကြ ဒေါသနဲ့ပြောတော့ ...

"ထွင့်ထွင့်တို့က ခြောက်ပေမယ့် ခြောက်ပါးသီလ လုံပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါးပါးသီလ ပြောစမ်းပါဟာ"

"ဩော် ... လူများသားသမီးကို မဖျက်ဆီးဘူးလေ .. ကိုယ်

အဖျက်ဆီးခံတာ"

သတ္တုကြ "အရေးထဲ"လို့ပြောမိရင်း လှစိန်ကို စိတ်နာတာ

အခြောက်ကို မျက်စောင်းလှိမ့်ထိုးမိသည်။

"ကဲ ကဲ .. ငါလည်း လိပ်ဦသွားတူးဦးမယ်၊ အဲလေ .. ဘုရာ

သွားဖူးဦးမယ်၊ သတ္တု ဒီကိစ္စဆိုတာ ညင်ညင်သာသာကိုင်တွယ်

တယ်"

"ဟဲ့ ..."

"ပြဿနာကိုပြောတာဟဲ့ ... သွားပြီ"

ထွင့်ထွင့် ထွက်သွားပြီးတော့ သတ္တု စိတ်ထဲက ကြိမ်းဝါးမိ

သည်။

"သတ္တု ဆိုတဲ့ကောင်က ဖယောင်းမဟုတ်ဘူး၊ သတ္တုကျ

သတ္တု မာတာမှ တောင်ခနဲ ... စိတ်ကွစိတ် .."

✿✿✿✿✿✿✿✿✿✿✿





ဒိုင်ရှေ့မှာ ဆိုက်ကားတစ်စီးနဲ့ လူနှစ်ယောက် အငြင်းအခုံဖြစ်-

...ကြောင့် ကျွန်တော် အမြန်လျှောက်လာခဲ့ရပါတယ်။ ကျွန်တော့်

...မခိုင် က လူကြီးတစ်ဦးကို ဆွဲထားပါတယ်။ ဆိုက်ကားဆရာ

...င်ရတဲ့လူကလည်း လက်ကာကာ စကားတွေပြောနေတာ

...ည်။ မေခိုင် ဆွဲထားတဲ့လူကြီးကိုကြည့်တော့ ...

"အိုးမိုင်ဂေါ့ ... ဘုရားသခင်... ဘကြီး ..."

ကျွန်တော့်ရှာက ဘကြီးသာစိန်လှ။ အနားရောက်တော့ ...

"သာစိန်လှကွ သာစိန်လှ ... အလိမ်ခံရမှာမို့လို့ မုန့်ကြိုးလိမ်

...င်မစားတဲ့ကောင်၊ မကြောက်လို့ တစ်ယောက်တည်းလာတာ"

"ကျုပ်ကလိုလိမ်ရအောင် စပယ်လိမ်မဟုတ်ဘူး၊ ဝင်းသိမ်...

– ဟုတ်ပါဘူး၊ ဝင်းသိန်းဗျ ... ဝင်းသိန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်ကြတာလဲ ဘကြီး"

"ဟာ စာရေးဆရာ"

ဆိုက်ကားနင်းတဲ့ ကိုဝင်းသိန်း က ကျွန်တော့်ကိုမြင်
အားနာဟန်ရှိသည်။ ဘကြီးက သူ့လက်ထဲကစာရွက်ကိုပြပြီး

"ငါကွာ စာမတတ်လို့ အဝေးပြေးဂိတ်ကနေ ဒီရပ်ကွက်
ဟိုလူမေး၊ ဒီလူမေးပြီး ဒီအထိ ရောက်လာခဲ့တာ"

ဘကြီးက တကယ်ကပ်စေးနဲ့ကော်တရာ ...။

"ငါက ဒီလမ်းထဲအထိရောက်လာပြီးပြီ မင်းအိမ်ရဲ့နံပါတ်
တွေ့တယ်၊ ဟုတ်၊မဟုတ်တော့ ငါမသိလို့ နည်းနည်းလျှောက်
ရင်း ဒီဆိုက်ကားသမားနဲ့တွေ့တော့ 'ဟေ့ မောင်ရင် ဒီလိပ်
ဟိုအိမ်နံပါတ်နဲ့ပုံစံချင်းတူတယ် ဟုတ်လား' မေးတော့ ဒီကော
ငါ့ကို အိမ်လိပ်စာကိုဖတ်ပြပြီး 'ဘကြီးပြောတဲ့အိမ်က ခုနစ်ရာ
အခု ဘကြီးစာရွက်ထဲကလိပ်စာက ရကောက်ရကောက်နှစ်
ဘူး'လို့ပြောတော့ ငါလဲ နမြောတဲ့ကြားက မင်းအိမ်လိပ်စာကို
ငါ့ကို လိုက်ပြစမ်းပါကွာလို့ အကူအညီတောင်းရတာပေါ့"

ကျွန်တော် ဓာတ်ရည်လည်ပါပြီ။ ကိုဝင်းသိန်းက ရုက်ကို
ကန်းပြုံးပြသည်။

"အဟဲ ..."

ကျွန်တော် ဘကြီးဆက်ပြောမှာစိုးလို့ ပိုက်ဆံနှစ်ရာ ထုတ်





တော့ ကိုဝင်းသိန်းက မယူ။

"အလကား နေပါတယ်ဗျာ၊ ဒီဘကြီးက အရမ်းကပ်စေးနဲ့လို့
နည်းလေးပညာပြမိတာ၊ စာရေးဆရာဘကြီးဆိုတော့ မယူ
ပါဘူး"

ဘကြီးက သိပ်ကျေနပ်ပုံမပေါ်သေးပါ။ ကိုဝင်းသိန်း နှုတ်ဆက်
ထွက်သွားတော့ ဘကြီးအိတ်ကို သယ်လာရင်း ...

"အဲဒါပြောတာပေါ့၊ ဘကြီး နေရာတကာ ကပ်စေးမနဲ့ပါနဲ့၊
သင့်တာသုံးပါဆိုတော့လဲ ..."

"ဟေ့ကောင် ငါ့ကို ဆရာမလုပ်နဲ့၊ အဲဒီလို ဆရာလုပ်လို့ ရွာမှာ
သိုနဲ့ ငါ ပြဿနာတက်ပြီးပြီ"

ဘကြီးချက်ညိုဆိုတာ ဘကြီးရဲ့ညီတစ်ဝမ်းကွဲပါ။

"ဖြစ်ရပြန်ပြီ၊ ဘကြီးတို့ညီအစ်ကိုကလဲ ဘယ်တော့မှ တည့်
သိမရှိဘူး"

"ဟ... ငါ မမှားဘူးကွ၊ ဒီကောင် သက်သက်လွန်တာ"

ဘကြီးက တိုက်ပုံချွတ်တော့ ကျွန်တော်က လှမ်းယူပြီး ချိတ်မှာ
ချိတ်ပေးသည်။

"မင်း စဉ်းစားကြည့်လေ၊ ချက်ညိုက ငါ့ဆီက ရွာစွန်က ငါ့ရဲ့
ခြံကို ဝယ်တယ်၊ ဝယ်ပြီး သုံးလကြာတော့ မရန်းသီးတွေက
တော့ ငါက ငါ့အလုပ်သမားတွေနဲ့ မရန်းသီးတွေ သွားခူးတာပေ့



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့သွားခူးရတာလဲ၊ ဘကြီးနဲ့မှမဆိုင်တော့တာ၊
ချက်ညိုကို ရောင်းပြီးပြီပဲ"

"ဟ ... ငါက ခြံကိုသာရောင်းတာ၊ မရန်းပင်တွေကိုမှ မ
တာ"

"သေပါတော့ ဘကြီးရာ"

"ဘာကွ"

"မဟုတ်ဘူး ယောင်လို့ အဲဒီလိုလုပ်လို့မရဘူး ဘကြီးရ၊
က တကယ်ခွတ်တရွတ်ပဲဗျာ၊ အခုရော ..."

"ဒီကောင်ကို ခြံဖိုးပြန်ရှင်းပေးလိုက်ပြီ"

ကျွန်တော် ဘကြီးကိုကြည့်ပြီး စိတ်ပျက်မိတာ အမှန်ပါ

"ကဲ ... ဘကြီး ခဏနေ အနားယူပြီး ရေချိုးလိုက်၊ ပြီးရင်
စားဖို့ပြင်ကြတာပေါ့"

"အေး ကောင်းတာပေါ့ကွာ၊ ငါလဲ လမ်းမှာ ဒံပေါက်ဆီ
စားဖို့ပဲ ..."

"ဟင် ... ဘာလို့မစားတာလဲ"

"နှမြောလို့ ..."

ကောင်းကွာ ...လို့ မပြောမိအောင် ပါးစပ်ကို ထိန်းချုပ်
သည်။

✿✿✿✿✿✿✿✿✿✿✿





ကပြန်လာတာထင်သည်။ ကိုလှစိန် ကြိတ်ကြိုက်နေတဲ့
အလှူခံခွက်ယဲကို နှစ်ရာတန်တစ်ရွက်ထည့်ကာ ကိုလှစိန်
တုံ့တုံ့လေး တစ်ချက်ကြည့်ကာ တစ်ဖက်ကားလမ်းကို ကူး
တော့ မိုက်ကိုကိုင်ပြီး အော်ဖို့ပြင်နေတဲ့ ဦးဖေသန်း လက်ထဲက
ဖျတ်ခနဲယူလိုက်ပြီး ...

"သာခုပါခင်ဗျာ သာခု၊ အခုလို လှူဒါန်းရတဲ့ အကျိုးကျေးဇူး
နတ်ပြည်ရောက်ရင်လဲ လှပတဲ့ အရပ်ရှည်ရှည်၊ အသားညို
ခင်ဘောခွဲ နတ်သားလေးနဲ့ ဖူးစာဆုံရပါလို၏ခင်ဗျား"

ရီက ရယ်ချင်ဟန်နဲ့ ဆိုင်ထဲဝင်သွားပါသည်။

လှစိန် ကလည်း ဒီ မေရီ ဆိုတဲ့ ယုန်မလေးကိုမြင်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်နဲ့ မျက်စောင်းထိုး သူတို့ပိုင်နယ်ထဲက ဒီနေရာမှာ မဏ္ဍပ်လာ
တားတာပေါ့။

ဆိုင်အပြင်ဝိုင်းကနေ သတ္တုကြ ကိုလှစိန် ကို ဘုရှိုး မှ
သည်။

"မင်းကို သိပ်ကြည်ပုံမရဘူး လှစိန်၊ သတ္တု ပုံကိုကြည့်"

ကိုလှစိန် က သတ္တုကို ကလိချင်တာကြောင့် မိုက်ကိုပြ
ကာ ...

"သဒ္ဒါတရားကိုမှီပြီး တရားတစ်ခုပြောရရင်တော့ ဟိုးရှေး
ပစ္စေသဏီခေတ် ရွှေလက်ရာတိုင်းပြည်ကြီးမှာ မေဝတီရီဆိုတဲ့
သမီးလေးတစ်ပါး ရှိခဲ့တယ်"

လက်ဖက်ရည်ဆိုင်ကလူတွေရော၊ ဖြတ်သွားဖြတ်လာ ရပ်
ထဲကလူတွေက ပြုံးကုန်ကြသည်။ ကိုလှစိန်ကတော့ လွှတ်ပြ

"မေဝတီရီရဲ့အစ်ကိုက ဘီလူးတစ်ကောင်လို ရုပ်ဆိုးပြီး
တစ်ကောင်လိုညစ်ပတ်တဲ့ သတ္တုကုမ္ဘာ ဆိုတဲ့ ဂျပုမင်းသားရှ

သတ္တု သည်းမခံနိုင်တော့။ တစ်ဖက်က လမ်းကိုကူး
သည်။

"သတ္တုကုမ္ဘာ ဂျပုမင်းသားယုတ်ဟာ မေဝတီရီမင်းသမီး
နဲ့ ဘာမှမတော်ဘူး။ သူက မွေးစားသားဆိုတော့ ထီးနန်းကို
ပိုက်ချင်တာပေါ့"





"ဟောကောင် လှစိန် ..."

"ဘာလဲ သတ္တုကုမ္ဘာ ... အဲလေ ... ဘာလဲ တက်ပု"

သတ္တု က မဏ္ဍပ်ရှေ့မှာ ခါးထောက်ပြီး ဒေါသသံနဲ့ ...

"မင်း ... ငါ့ကိုစောင်းပြောနေတာလား"

ကိုလှစိန် က အေးအေးဆေးဆေးပင် ...

"ဩော် ... မင်းတို့ဆိုင်နဲ့ မဏ္ဍပ်က တစောင်းဖြစ်နေတော့
င်းပြောမှ ကြားရမှာကိုး"

"မင်းကွာ ..."

"ကိုကို ဒေါသမကြီးစမ်းပါနဲ့၊ သူတို့က ဘာသာရေးလုပ်နေတာ
"

မေရီ က သူ့အစ်ကိုကို ဖျောင်းဖျရင်း ကိုလှစိန် ကို ...

"ကိုကြီး တစ်မျိုးမထင်ပါနဲ့နော်"

"ကိုကြီးက သဘောထားကြီးပါတယ် မေရီလေးရဲ့ အချစ်ဦး...
စ်ဦး ..."

"ဘာကွ ..."

သတ္တု တဆတ်ဆတ်ဖြစ်နေပါသည်။ မေရီ က ခစ်ခနဲရယ်
ည်။

"မဖြစ်ဘူးလို့ပြောတာကွ၊ ကွမ်းစားနေလို့ လုံးသွားတယ်"

"မင်းကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"လာပါ ကိုကိုရယ်"

"မင်း ကြပ်ကြပ်သတိထား လှစိန်"

"မင်းလဲသတိထား၊ မင်း မေရီ မျက်နှာရှိလို့ ငါ သည်းခံနေတာ"

"ဟော့ကောင် ငါ့ညီမနာမည် ဆွဲမထည့်နဲ့"

"ဟော့ကောင် ဆွဲထည့်ရအောင် ငါက ရဲမှုမဟုတ်တာ"

"ဒီကောင်ကွာ ငါ ဒေါသတွေ ဆွဲမထုတ်ချင်ဘူး"

"မင်း ဆွဲထုတ်လဲ ဒေါသက အရုပ်ဖုပုလေးဖြစ်မှာ"

သတ္တု က ဒေါသဖြစ်ရင်း မေရီ ဆွဲခေါ်ရာနောက်ကို ကန့်လန့်ကန့်လန့်ပါသွားပါသည်။ ကိုကိုကြီးက မဏ္ဍပ်ထဲဝင်လာရင်း ...

"ဘာဖြစ်ကြပြန်တာလဲဗျာ"

"ဟဲ ဟဲ ... ယောက်ဖကို အချစ်စမ်းတာ"

ကိုကိုကြီးက ကွပ်ပျစ်မှာဝင်ထိုင်ရင်း ...

"ခင်ဗျားကရော မေရီကို ဖွင့်ပြောပြီးလို့လား"

"အမ် ..."

ကိုလှစိန် ဘာပြောရမှန်းမသိတော့။ ကိုကိုကြီးက ရယ်ရင်း ...

"ခင်ဗျားက ခေါင်းဝယ်ပြီးမှ လူနာအသက်ပြန်ရှင်သလို ဖြစ်နေပြီ"

ကိုကိုကြီးစကားပုံကြောင့် ကိုလှစိန် လန့်ဖျပ်သွားကာ ...

"ဖွဟဲ့ ခင်ဗျားဥပမာကလဲ ..."





"ဲ့ ... ကိုလှစိန် ဒီပရိဂရမ်ကို ခင်ဗျား ဘယ်လိုအဆုံးသတ်မလဲ၊ ခင်ဗျား အသက်ကကြီးပြီနော်"

ကိုလှစိန် တွေဝေသွားရပါသည်။

"ကျုပ် ဘာလုပ်ရမလဲ စာရေးဆရာ"

"ဒါပေါ့ဗျာ၊ အချစ်နဲ့တွေ့သွားရင် လူတွေဟာ ဖဲ့ရှုံးတဲ့သူတွေလိုပဲ တဲ့"

"ဟာဗျာ ကဗျာဆရာလုပ်စမ်းပါ"

"ခင်ဗျားမျက်နှာက ဖဲရှုံးတဲ့လူလိုဖြစ်နေတာကိုး"

ကိုလှစိန်မျက်နှာ ရှုံ့မဲ့သွားပါသည်။

ပြီးတော့ ...

"ဒီကောင် သတ္တု လွတ်အောင် ဘယ်လိုလိုက်စကားပြောရမလဲ စဉ်းစားနေတာ"

"ဟာ ... အဲဒီအတွက်မပူနဲ့ ရေဘင် ရှိတယ်"

"ဟာ ... ညီလေးရေဘင် ..."

ရေဘင် က သိပ်သောက်ရသေးပုံမပေါ်။

"စာရေးဆရာ မြို့ထဲမသွားဘူးလား"

"တစ်ရက်နှစ်ရက်နေမှ သွားမယ်ဗျ"

"မြို့ထဲရောက်ရင် ကျုပ်အတွက် စာအုပ်တစ်အုပ် ဝယ်ခဲ့စမ်းပါ"

"ဘာစာအုပ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသူရာလုလင် ဆိုတာ ..."

"ဟာ ... ယမကာလုလင် ..."

"အသူရာလဲ အရက်သမားပဲဥစ္စာ"

ဒီလူနဲ့တွေ့ရင်တော့ ခံရစမြဲ၊ ဘာမှမတတ်နိုင်ဘူးလို့ နိုင်းထီး ဆိုင် သီချင်း ညည်းရမလိုလို။

✿✿✿✿✿✿✿✿✿✿✿





"နှင့်စကားနားထောင်ရအောင် ငါက ယုန်မှမဟုတ်တာ"

ဘေးက ကောင်မလေးကို ကက်ကက်လန်အောင်ရန်တွေ့နေတဲ့ ငါးသည်အဒေါ်ကြီးရဲ့စကားကြောင့် မေခိုင် ဝင်ပြောသင့်၊ မပြောသင့် စဉ်းစားမိပါသည်။

"ကျွန်မကိုယ်တိုင် အဒေါ့်လက်ထဲကို တစ်ထောင်တန်အသစ်နှစ်ရွက် ပေးလိုက်တာ"

"ဟဲ့ကောင်မလေး နင် စွတ်ငြင်းမနေနဲ့၊ နင်မပေးတာ ငါ အသိဆုံး၊ ပိုက်ဆံမရှိလို့ဈေးရောင်းစားတာဟဲ့၊ ပိုက်ဆံများရှိလို့ကတော့ ငါးရောင်းရင်း လုံခြုံရေးဗီဒီယိုကင်မရာနဲ့ရိုက်ပြီး နင်လိမ်တာကို ဖော်ထုတ်ပစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကြီးကျယ်ကျယ်ပြောနေတဲ့ ငါးသည်အဒေါ်ကြီး စကားကြောင့် ကောင်မလေးက အတော်ဒေါသဖြစ်သွားပုံရသည်။

"အဒေါ်ဘာသာ ဖဲပဲရိုက်ရိုက်၊ ဗီဒီယိုပဲရိုက်ရိုက် ကျွန်မအလုပ် မဟုတ်ဘူး။ ကျွန်မ အဒေါ့်ကို ပိုက်ဆံပးပြီးသား"

"ဟဲ့ သန်းတင် တဲ့၊ တစ်တင်တည်းရှိတယ်၊ ဘယ်တော့မှ ခေါင်းပေါ်တင်စီးမခံဘူး၊ ငါ့ခေါင်းပေါ်က သန်းတောင် မတတ်သာလို့ အတင်ခံတာ"

မယုံရင် ဒီမိန်းကလေးကိုမေးကြည့်။

ငါးသည်အဒေါ်ကြီးက ငါးဝယ်ဖို့ပြင်နေတဲ့ ကျွန်မကို ရည်ညွှန်းတော့ သူမ အမှန်တရားဘက်လိုက်ကာ ...

"ဟုတ်တယ် အဒေါ်၊ ဒီကညီမ အဒေါ့်ကို ပိုက်ဆံပေးလိုက်တာ ကျွန်မ မြင်လိုက်တယ်"

"ဘာ ..."

ငါးသည်အဒေါ်ကြီး ကြုံးအော်လိုက်ပုံက ကြောက်စရာ။

"အံမယ် အလိုတူအလိုပါတွေပါလား၊ နင်က သူ့ဘက်ကပါရအောင် နင်က ဘာကောင်မမို့လဲ"

မေခိုင် ဒေါသထွက်သွားပါတယ်။ ကောင်မလေးက မေခိုင့်ကို အားနာဟန်ရှိသည်။

"ဒေါသတွေသိပ်ထွက်မနေနဲ့၊ ထိုင်နေရင်း လိပ်ခေါင်းပါထွက်





သွားမယ်"

"နင်တို့လို မလောက်လေးမလောက်စားတွေကများ ငါ့ကို ..."

ငါးသည်အဒေါ်ကြီးက နည်းတဲ့ခန္ဓာကိုယ်ကြီးမဟုတ်ပါဘူး။ အကြမ်းလျှာကြမ်းကြီးနဲ့ ဈေးခင်းနေရာမှ ထဖို့ပြင်တော့ သူမတို့ နှစ်ယောက် တုန်လှုပ်သွားပါတယ်။ ကောင်မလေးကတော့ ခပ်တည်တည်ပါပဲ။

"ရှင်နော် ကျွန်မအစ်ကိုနဲ့ တိုင်လိုက်ရမလား"

"ဟဲ့ကောင်မ နင့်အစ်ကိုက ဘာမို့လို့လဲ"

"ကျွန်မအစ်ကိုက မူးယစ်ကရှင် ..."

အဒေါ်ကြီး နည်းနည်းတော့တွန့်သွားပါသည်။

"တစ်ဈေးလုံး ဆူညံပွက်နေတာပဲ၊ ဒေါ်သန်းတင် ခင်ဗျား ဘာဖြစ်ပြန်ပြီလဲ"

စည်ပင်ရဲတွေရောက်လာတော့ သူမတို့ အားရှိသွားပါသည်။ ကောင်မလေးက ဖြစ်ပုံတွေကို ပြောပြတော့ ...

"လာ ဈေးရုံးခန်းကို သုံးယောက် လိုက်ခဲ့ကြ"

ပတ်ဝန်းကျင် ဈေးရောင်းသူအချင်းချင်းက ကျွန်မတို့ကို အားပေးပါတယ်။ ကန်စွန်းရွက်သည်ကောင်မလေးဆိုရင် ...

"အစ်မ အမှန်အတိုင်းပြော၊ ဒီအဘွားကြီး အာကျယ်အာကျယ်နဲ့ အလိမ်ကကျစ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဟိုတစ်နေ့ကလဲ ငါးရောင်းတဲ့ဒေါ်မြင့်နဲ့ နပန်းလုံးကြသေးတယ်၊ နေရာလုကြလို့လေ"

"ဒေါ်မြင့် အလေးနဲ့ဆော်လိုက်တာ အသွားကြီး ငိုကြီးချက်မ ဖြစ်သွားတာပဲ၊ ကောင်းတယ်"

ဒီအဒေါ်ကြီးက တစ်ဈေးလုံးနဲ့ တစ်ယောက်ဖြစ်ပုံရပါသည်။ ကောင်မလေးက မေခိုင်ကို ကျေးဇူးတင်နေပါသည်။

"မမ အမှန်အတိုင်းပြောတာ သိပ်ကျေးဇူးတင်တာပဲ"

"မလိုပါဘူး ညီမလေးရယ်၊ အမှန်ကိုအမှန်အတိုင်းပြောတာပဲ ကဲ ဆက်ပြီးရှင်းလိုက်ရုံပေါ့"

ဈေးရုံးခန်းရောက်တော့ ဖြစ်ပျက်ပုံကိုကြားရတော့ အရာရှိက ...

"ဘယ်သူမှားတယ်၊ ဘယ်သူမှန်တယ် ကျွန်တော် မပြောချင်ဘူး ဒီကညီမတွေကို ခင်ဗျား ဝယ်ပြီးသားငါး ပေးလိုက်"

"ဩော်... ရှင်တို့က ကောင်မလေး နနုထွတ်ထွတ်လေးတွေမို့ သူတို့ဘက်လိုက်တာလား"

ဈေးအရာရှိ ဒီစကားကြောင့် မျက်နှာရဲတွတ်သွားပြီး ...

"ခင်ဗျား ဘာစကားပြောတာလဲ ဒေါ်သန်းတင်၊ ခင်ဗျား အကြောင်း ကျုပ် မသိဘူးမှတ်လို့လား၊ ဈေးခတောင်းတာတောင် ခင်ဗျားက ကလိမ်ကကျစ်နဲ့ တွန့်တိုနေတာ အားလုံးအသိပဲ၊ ဘာလဲ ခင်ဗျားက ဈေးဆက်မရောင်းချင်ဘူးနဲ့တူတယ်"





"ဟို ... ဟို မဟုတ်ပါဘူး၊ ကျွန်မ စကားမှားသွားလို့ပါ၊ စိတ်မရှိပါနဲ့နော်၊ ကိုချစ်ခင် က သမာသမတ်ကျတာပါ၊ သမာဓိရှိန်ခွင်ကြီးလိုပဲ တည်တည်တံ့တံ့နဲ့ ..."

"ခင်ဗျား ကြပ်ကြပ်သတိထား ဒေါ်သန်းတင်၊ အောင်စိန် ဒေါ်သန်းတင်ဆိုင်လိုက်သွားပြီး ဒီကညီမတွေငါးထုပ်တွေ သွားယူပေးလိုက်"

ဒေါ်သန်းတင်က ပေစောင်းစောင်းနဲ့ ကျွန်မတို့ကို ကြည့်ကာ သွားတော့ စည်ပင်အရာရှိ ကိုချစ်ခင် ဆိုသူက ...

"ဘယ်သူမှားလဲ၊ ဘယ်သူမှန်လဲ ဒေါ်သန်းတင်နဲ့ဖြစ်ပြီဆိုကတည်းက ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ညီမတို့ဘက်ကပါရင် ရော ဒေါ်သန်းတင်ပြောတဲ့စကားမျိုးဖြစ်မှာစိုးလို့ ကျွန်တော် ပြဿနာကို ပြေလည်အောင်ဖြေရှင်းလိုက်ပါမှ ..."

"ရပါတယ် ဆရာရဲ့၊ ကျေးဇူးလဲအရမ်းတင်ပါတယ်"

"မေရီ ဆိုရင် ဒီအဒေါ်ကြီး အော်လိုက်တာ လန့်သွားတာပဲ၊ ကြောက်တယ်ပဲ ဆရာရဲ့"

မေရီလို့ ရည်ညွှန်းတဲ့မိန်းကလေးကြောင့် ကိုလှစိန်ရဲ့ကောင်မလေးမှန်း သိလိုက်ပါသည်။ ကိုချစ်ခင် က မေရီ ဆိုတဲ့ ကောင်မလေးကို မှတ်မိပုံနဲ့ ...

"ညီမလေးက 'ရွှေလက်ရာ'ဆိုင်က သတ္တုရဲ့ညီမ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မေရီ က ရယ်ရင်း ...

"ကျွန်မ သတ္တု ရဲ့ ညီမပါ"

"ဟင် ခုနပြောတော့ ညီမအစ်ကိုက မူးရစ်ကဆို ..."

"ဟုတ်တယ်လေ၊ အစ်ကို သောက်လို့ကတော့ မူးပြီး ရစ်လွ
အားကြီးလို့ တချို့က မူးယစ်လို့ပဲ အစ်ကို့ကို ခေါ်တာပဲ ဆရာ"

"သေလိုက်ပါတော့"

"ရှင် ..."

"ဟာ မဟုတ်ပါဘူး ယောင်လို့၊ ဒါနဲ့ ဒီကညီမက ..."

မေခိုင်ကို ရည်ညွှန်းပြီး မေးတော့ ...

"ကျွန်မက မီးပွားလေးရပ်ကွက်၊ အောင်သစ္စာလမ်းကို မကြ
ခင်ကပြောင်းလာတဲ့ လင်မယားပါ"

"ဒါဆို ညီမယောက်ျားက စာရေးဆရာ ကိုကိုကြီး မဟုတ်လား"

"ဟုတ်ကဲ့"

ကိုချစ်က ဝမ်းသာအားရနဲ့ ...

"တွေ့ရတာ ဝမ်းသာတယ်ဗျာ၊ ဆရာ့စာအုပ်တွေကို ကျွန်တော်
သိပ်ကြိုက်တာဗျ၊ အခွင့်သင့်တာပဲ၊ ကိုလှစိန်ဆီလာမှ ဝင်ပြီး မိတ်
ဆက်ဦးမယ်"

"ဩော် ... ကိုလှစိန်နဲ့ သိတာပေါ့"

ကျွန်မက မေရီ ရှိမှန်းသိလို့ပြောမိတော့ မေရီ က ရှက်ကိုးရှက်





နဲ့ ခေါင်းငုံ့သွားပါသည်။

"သိပ်သိတာပေါ့ ဒီကောင်ကြီးနဲ့ကျွန်တော်က ငယ်ပေါင်းတွေဗျ၊
...သောကောင်းတာ၊ အရမ်းလဲရက်တတ်တယ်လေ၊ ပြီးတော့
...ကြည်တုံ့တုံ့နေတတ်တဲ့ကောင်၊ ယောက်ျားယူပါဆို ... အဲ ...
...ယူပါဆို ဟိုဟာမကြိုက်၊ ဒီဟာမကြိုက်နဲ့ ကြေးကများသေး"

...အတွက်ထဲဝင်ပြီမို့ မေခိုင်ကလည်း ...

"ထိုကိုနဲ့က အရမ်းခင်တာ၊ ကိုကိုပြောပုံအရတော့ သူ ကောင်မ
...တစ်ယောက်ကို သိပ်ကြိုက်နေတယ်တဲ့၊ ဒါပေမယ့် မပြောရဲလို့
...း"

"ဟာ ဒီကောင်ကတော့ လုပ်ပြီ အဲဒါတွေကြောင့် မစွံတာ၊ တွေ့
...ဆေးတီးပေးရမယ်"

...သွားယူတဲ့ အောင်စိန်လည်း လာပြီမို့ ငါးထုပ်တွေကို ခြင်းထဲ
...ပြီး ...

"သွားဦးမယ် ကိုချစ်ခင်၊ နောက် ကိုလှစိန်အိမ် လာလဲ ဝင်ခဲ့ပေါ့"

"စိတ်ချ၊ ဆရာနဲ့တွေ့ဖို့ လာဖြစ်အောင်လာဦးမယ်"

"သွားမယ်နော်"

မေရီ ကလည်း နှုတ်ဆက်ပြီး အတူထွက်လာတော့ ...

"အစ်မ အမျိုးသားက ဆရာကိုကိုကြီးကိုး"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မေရီ က ရယ်သည်။ မေခိုင် စဉ်းစားမိပါသည်။ ကိုလှစိန်ရဲ့
ကို တွေ့မြင်ရရင် ကလန်ကလားဖျိုင်းကြီးတစ်ကောင်နဲ့ ခိုဖြူ
တစ်ကောင်လို တစ်ယောက်တခြားစီ ဒါပေမယ့် မိန်းကလေး
ချင်းမို့ ကိုလှစိန်အပေါ် ညွတ်ကျနေမှန်း သိပါသည်။

"ဆရာ့စာအုပ်တွေဆို မေရီတို့တစ်အုပ်စုလုံး အသေကြိုက်
ကိုလှစိန် ဆိုတဲ့လူက ရုပ်ကွက်အတွင်းရေးမှူးဆိုလား ..."

မေခိုင် ရယ်ချင်တာကိုထိန်းရင်း အစ်အောက်မေးနေတဲ့
ကို သာသာလေးပိုပြောမိပါသည်။

"တကယ်ပဲ မေရီရယ်၊ ကိုလှစိန်က အရမ်းသဘောကောင်း
ရပ်ကွက်ထဲမှာဆို ကိုလှစိန်ရဲ့လုပ်ပုံကိုင်ပုံတွေကြည့်ပြီး သမက်
ချင်သူတွေက အများကြီး။ စဉ်းစားကြည့်လေ ..."

မသိမသာ မေရီ ကို အကဲခတ်တော့ မေရီ က စိတ်ဝင်စား
နားထောင်နေပါတယ်။

"ဘဏ်မှာအပ်ထားတဲ့ပိုက်ဆံရယ်၊ သူ့အိမ်ကြီးမှာ အဆော
ထားတဲ့ လခရယ်၊ နယ်က အမွေပိုင် ဆန်စက်တွေနဲ့ ဥစ္စာပေါ
မချောပေမယ့် ကြည့်ကောင်းတဲ့ရုပ်ရည်လေးတော့ရှိပါတယ်"

"သူက ကြင်နာတတ်လားဟင်"

"ဘာဖြစ်လို့လဲ ညီမ"

မေခိုင့်အမေးကြောင့် မေရီ က အယောင်ယောင်အမှား





ဖြန်ဆယ်ရင်း ...

"အသိအဖျိုကြီးနဲ့ အောင်သွယ်ပေးမလို့"

"ဖြစ်မယ်မထင်ပါဘူးကွယ်"

"ဘာဖြစ်လို့လဲဟင်"

"သူ ကောင်မလေးတစ်ယောက်ကို ကြိတ်ကြိုက်နေတယ်လေ"

မေရီ ငိုင်သွားပါသည်။

"တော်တော်စွဲလမ်းပုံရတာပဲ၊ မနေ့က အိမ်ရောက်လာတုန်း
တယ်၊ သူ မနေနိုင်တော့ဘူးတဲ့"

"ရှင် ..."

"ဟုတ်တယ်၊ အဲဒီနေ့က သူ ဝမ်းပျော်နေတယ်"

"ရှင် ..."

မေခိုင် ရယ်ချင်တာကို ထိန်းရင်း ...

"အဲဒီကောင်မလေးအကြောင်းကို ထမင်းစားနေရင်း တွေး
တဲ့"

"ဘာဆိုင်လို့လဲ အစ်မရယ်"

"စဉ်းစားရင်း ရှောက်သီးသုပ်ချဉ်ပေါင်ဟင်းကို အများကြီးစား
တဲ့"

ကောင်မလေးက နှုတ်ခမ်းစူသည်။

"ကဲ အစ်မ ညီမလေး သွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကို အလည်လာဦးလေ"

မေရီ က ပြုံးရင်း ...

"မနက်ဖြန်ညနေဘက်ထွက်ခဲ့မယ်"

"အစ်မ စောင့်နေမယ်နော်၊ လက်ဖက်သုပ်ထားမယ်"

မေရီ က ခေါင်းညိတ်ပြီးထွက်သွားပါသည်။ ဒီသတင်းကို ကိုလှ
စိန် သိရင်တော့ အတော်ပျော်မှာ။

အိမ်ရောက်တော့ ကိုကို့ကိုပြောပြတော့ ကိုကိုက ရယ်သည်

"ငါ့မိန်းမကတော့လေ စာရေးဆရာမိန်းမလို့ မပြောရဘူး အကွ
ကိုစေ့နေတာပဲ၊ ဒီလူကြီးကို ဒီည ညှဉ်းရမယ်"

"ဟော ... အသက်ရှည်ဦးမယ် ကိုကို ...၊ ကိုလှစိန် ..."

မေခိုင် စကားမဆုံးခင် အိမ်ပေါ်တက်လာတဲ့ ကိုလှစိန်
ရေဘင်။

"ဘာတွေ ငယ်မူပြန်နေတာလဲဗျ ဒီလင်မယား ..."

"ခင်ဗျားကို ဒီည တစ်ဝိုင်းတိုက်ခိုင်းမလို့ဗျ"

"တိုက်ဆို တိုက်ပါမယ်ဗျာ"

ကိုလှစိန် က ဘာရယ်မဟုတ်ဘူး သာမန်လိုပြောပေမယ့် ကိုက
က အဓိပ္ပာယ်ပါပါ ပြုံးရင်း ...

"ကျွန်တော့်မိန်းမကို ခင်ဗျား ကျေးရွာရှင်စာရင်းမှာ ထည့်သ
တယ်"





"ဘာဖြစ်လို့လဲဗျ"

အကြောင်းကြောင်းနဲ့ ကိုလှစိန် မေးတော့ မေခိုင် က ဈေးထဲမှာ
တွေ့ကပုံတွေကို ပြောပြပါသည်။ မေခိုင် အကြောင်းစုံကိုပြောပြ
တော့ ကိုလှစိန်ရဲ့ မျက်နှာ လမင်းကြီးလို ဝင်းပသွားသည်။

"တကယ်ဝမ်းသာလိုက်တာ မေခိုင်ရာ၊ နင့်ကိုလေ ဆွဲမွှေ့ရမ်း
ချင်တယ်"

ကိုလှစိန် ဖြစ်ပုံကြောင့် ကျွန်တော်တို့ ရယ်ရင်း ရေဘင် က ...

"ခင်ဗျား ဆွဲမွှေ့ရမ်းရင် စာရေးဆရာကလဲ မေရီ ကို ဆွဲမွှေ့ရမ်း
ပဲဗျ"

"ဟာ ဒါတော့ မဖြစ်ဘူး"

ကိုလှစိန်ကိုကြည့်၍ ကျွန်တော်တို့ပါ ပျော်ရွှင်နေကြပါသည်။

"ဒီအတိုင်းဆို ကျေးရွာတင်ထိုက်သူတွေထဲမှာ ငါးသည်ဒေါ်သန်း
က ထိပ်ဆုံးကပါရမယ်ကွ"

"ဟုတ်တယ်"

ရေဘင် ကပါ ထောက်ခံစကားဆိုသည်။

"နောက်တစ်ယောက်က ငါ့သူငယ်ချင်း သူဌော်ကောင်းကြီး
ခင်၊ ဒီကောင်လာမှ မင်းနဲ့မိတ်ဆက်ပေးရဦးမယ်"

"အေးပါ၊ ကဲ ... အစီအစဉ် ..."

ကျွန်တော်က အဓိပ္ပာယ်ပါပါပြောတော့ ရေဘင် က အ တော်



www.burmeseclassic.com

www.burmeseclassic.com



မျိုးကြီး လေသံနဲ့ ...

"ကဲ ... ဆက်ဆွဲလိုက်ကြရအောင် ကိုလှစိန်"

ကိုလှစိန်ကလည်း Rစာနည်လေသံနဲ့ ...

"အဆင်ပြေတယ်မဟုတ်လား"

ဒါပေမယ့် မေခိုင် က ...

"ဆိုင်မှာမနေသောက်ရဘူးနော်"

မေခိုင့် စကားကြောင့် ကိုလှစိန် က ...

"စိတ်ချ၊ သွားဝယ်ပြီး ဒီမှာပဲသောက်မှာ၊ ကဲ ရေဘင် .. ပိုက်ဆံ ခေါက်ဆွဲကြော်နဲ့ ငါတို့သောက်ဖို့စားဖို့သွားဝယ်၊ ရော့ ... ပိုက် ပြော် ... ဒါနဲ့ မင်း မိုးကြီး ကို ဝင်ခေါ်ခဲ့ကွာ"

"ယက်စ် ... ဘော့စ်"

ရေဘင် တို့က မြန်သလားမမေးနဲ့ လှစ်ခနဲပျောက်ကွယ်သွား သည်။ ရေဘင် ထွက်သွားပြီး သိပ်မကြာပါ အိမ်ရှေ့က ခေါ်သံတ ကြားရပါတယ်။

"မေခိုင် ... ညီမလေး ..."

"ဒါ ခင်တင့်အသံထင်တယ်၊ အိမ်ထဲခေါ်လိုက်ဟာ မေခိုင်"

"ဟုတ်ကဲ့ ကိုလှစိန်"

မေခိုင် အပြင်ထွက်ပြီး ခင်တင့်ကို သွားခေါ်ပါတယ်။ ခဏ တော့ မေခိုင်နဲ့အတူ ခင်တင့် ပါလာပါတယ်။





"ကိုလှစိန်ပါ ရောက်နေတာကိုး၊ အိမ်ကတစ်ယောက်ရော..."

"ဆိုင်စမ်းပါဟာ၊ နှင့်ယောကျ်ား ငါတို့ စားဖို့သောက်ဖို့ သွားဝယ် နင်ပါ တစ်ခါတည်းစားသွား"

"အစားအသောက်ဆို အားပေးရမှာပေါ့၊ ဘာပွဲလဲ၊ ကေန္တ စာရေး ဘကြီး လာလည်တဲ့အထိမ်းအမှတ်လား"

ခင်တင့်စကားကြောင့် ကိုကိုကြီးရဲ့မျက်နှာ ရှုံ့မဲ့သွားပါသည်။

"ဒီဘကြီးလောက်ကပ်စေးနှဲတာ ငါ အသိဆုံးပါဟာ"

"ဒါနဲ့ ဘကြီးလဲ မတွေ့ပါလား"

"သူ့အမျိုးအိမ် တစ်ရက်နှစ်ရက် သွားနေရဲ့"

မေခိုင် က ခင်တင့်ကို ရှင်းပြရပါတယ်။

"ဒီလို မခင်တင့်၊ ကိုလှစိန်ရဲ့ ကြင်ရာတော်ရွေးချယ်ရေးစီမံကိန်း ကွက် အကြံအခါဘော်ပေးသူက ဒီက ကိုကိုလေး၊ အစီအစဉ် ပြောက်ဖို့က ကိုလှစိန်၊ အကြံပေးအရာရှိက ကိုရေဘင်နဲ့ကိုမိုး ဝိုင်းပြီးစားသောက်ပေးရမှာက ကျွန်မနဲ့ မခင်တင့်"

"အို... ဟုတ်တာပေါ့၊ မေခိုင်ပြောတဲ့အစီအစဉ် ကောင်းတယ်၊ ယ် စားမယ်"

ကိုလှစိန် က ပြုံးတဖြီးဖြီး ...။

✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"ဂါ ခုနပြောမယ်ဆိုတာ ဆက်ပါဦး"

ဖန်ခွက်ချင်း ချီးယားစ်လို့အော်တိုက်ကြသည်။ ကိုလှစိန်

"မြန်းမြန်းလုပ်ပါဟ၊ ကွဲကုန်ဦးမယ်"

တစ်ကျိုက်စီသောက်ကြပြီး ဖန်ခွက်ကိုချကာ ရောင် က ကပေးလိုက်တဲ့အရက်ပိုစတာကိုဖြန့်သည်။ အရက်ပိုစတာထဲ မော်ဒယ်လ်ကောင်မလေးက မိုက်နာသလိုလို၊ လေထိုးသလို ကော့လိမ်တွန့်ပျံနေပုံက ဘာကိုကြေညာမှန်းမသိ။

"တစ်နှစ်တာ အသောက်နိုင်ဆုံးသု ဆိုပြီး အရက်ဆိုင်က လိုက်တာဗျ"

မေနိုင်နှစ်တင့်ကတော့ ခေါက်ဆွဲကြော်စားနှင့်ကြပြီ။ စင် က ခေါက်ဆွဲကြော်စားတာကိုရပ်ပြီး ...





"ရှင်ပဲ မအိုဆေး ဆို ..."

"ဘာလဲ မအိုဆေး ..."

ကိုကိုကြီးက မသိလို့လှမ်းမေးတာကြောင့် ရောင် က စပ်ဖြဲဖြဲ —

"ဒီအရက်သောက်မှတော့ မအိုခင် သေသွားကြတော့ အိုချိန် ရလိုက်ဘူးလေ စာရေးဆရာ"

ရောင့်စကားကို သဘောကျစွာရယ်မိကြသည်။

"ဟုတ်ပါ့ဗျာ၊ ကြော်ငြာတွေထဲမှာ အရက်ကြော်ငြာနဲ့ ထီကြော် ငြာက တော်တော်စိတ်ပျက်ဖို့အကောင်းဆုံး"

"ဘာဖြစ်လို့လဲ မိုးကြီး"

"ဘာဖြစ်ရမှာလဲ ကိုလှစိန်၊ အဓိကကုန်ပစ္စည်းကို မကြော်ငြာတဲ့ သူတို့ကြော်ငြာချင်တဲ့ဟာကို ကော့ပျံလန်နေအောင် ကြော်ငြာပြနေ တဲ့ဟာကိုး ..."

ကိုမိုးကြီးစကားကြောင့် အားလုံး ရယ်ကြသည်။ ရောင် က စကားဆက်ပါသည်။

"ဒါတင်မဟုတ်သေးဘူးဗျ၊ လမ်းဆုံလမ်းခွမှာ ကြော်ငြာတစ်ခုရှိ သေးတယ်"

"လုပ်စမ်းပါဦး"

"ကြော်ငြာရဲ့ ရည်ရွယ်ချက်အိုင်ကျူမေးခွန်းလေးက ကောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဟိုကြော်ငြာလေဗျာ ... ဒီနေ့ဟာ ဗုဒ္ဓဟူးဖြစ်ပြီး မနက်ဖြန်ဟာ
ဘာဖြစ်တယ် ညာဖြစ်တယ်ဆိုတဲ့ ကြော်ငြာလေ၊ လူတွေက ကား
လမ်းဖြတ်ပြီး ကြော်ငြာကိုကြည့်ပြီး စဉ်းစား၊ ကားသမားကလဲ ဈေး
ကြည့်ပြီးစဉ်းစား။ ဘယ်တော့ မသာပေါ်မလဲမသိဘူး"

ရေဘင် ပြောပုံအမူအရာကြောင့် ရယ်လိုက်ကြရတာ။ ကိုမိုးကြိုး
ကဆို ...

"မင်းတို့ဟာကလဲ အရက်သောက်ပြီး ရယ်ရတာ အမူးတော်
ပြေတယ်"

"အဲဒါလဲ နည်းစနစ်ပဲ"

ပုလင်းတစ်ဝက်ကျိုးပါပြီ စကားအရှိန်ကလည်းကောင်းစပြုလေ
သည်။ မေခိုင်နဲ့ခင်တင့်က စကားဝိုင်းမှာနားထောင်သူသက်သက်
"ကိုလှစိန်ကြီးတစ်ယောက် မနှင်းအေးကိုပိုးရင်း ကိုလှစိန်
အဆောင်က ဟိုချာတိတ်မျောက်မူးလဲသုံးကောင်နဲ့ ကျွန်တော်
သရဲဆိုပြီး ခဲနဲ့ထုကြသေးတယ်နော်"

ရေဘင် စကားကြောင့် ကိုလှစိန် က အမာရွတ်ကိုစမ်းတိုင်း
မဟော်သဓာကို သတိရတဲ့ ကေဝဋ္ဋပုဏ္ဏားလို သူ့ဂျိုစောင်းက အမာ
ရွတ်စမ်းရင်း လွမ်းချင်နေသေးသည်။ ဒါကို ကိုကိုကြီးက ရိပ်မိကာ

"သရဲဆိုလို့ အဖြစ်အပျက်လေးတစ်ခု ပြောပြမယ်၊ နယ်မှာ
ဗျာ .. လူတစ်ယောက်က ငါးအင်းတွေပိုင်တယ်ဗျ။ သူက သရဲနဲ့





တယ်၊ ညတိုင်း သရဲနဲ့အတူ ငါးသွားဖမ်းတာပေါ့။ ပြီးရင် သရဲ
အညီနဲ့ ငါးဖမ်းပြီးပြန်လာပေါ့။ တစ်နေ့ သရဲနဲ့အတူ ငါးသွားဖမ်း
သရဲက ရှေ့က၊ သူက နောက်ကပေါ့။ သရဲက ချုံဖုတ်တစ်ခုကို
ပြီး မသက်ာတာနဲ့ ချုံဖုတ်ထဲကိုဝင်ကြည့်တယ်၊ ချုံဖုတ်ထဲက
ရှူးမှုတစ်ခုလဲမြင်ရော သရဲက နောက်လှည့်ပြေးပါတော့တယ်၊
မေးတဲ့လူက မောကြီးပန်းကြီးနဲ့ "ဟေ့ကောင် ဘာဖြစ်တာလဲ"
မေးတော့ သရဲက မောသံကြီးနဲ့ "ခင်ဗျား မတွေ့ဖူးလား သရဲ
ခြောက်လို့ဗျ" တဲ့၊ ကဲ ... အဲဒါပဲ"

ကိုကို့စကားကြောင့် ရယ်လိုက်ကြတာ ဆူညံသွားပါသည်။

"သရဲကို သရဲ ပြန်ခြောက်တာပေါ့"

မခင်တင့်က မျက်ရည်ထွက်အောင်ရယ်ရင်း ပြောသည်။ ဒီ
ခါ ကိုလှစိန် ဝင်ပြောပါတယ်။

"ဒါဆို ကျုပ်လဲပြောရမယ်၊ တစ်နေ့ ဟိုကောင် စည်ပင်က
ခင်နဲ့ သူငယ်ချင်းတစ်ယောက်နဲ့အတူ အရက်သောက်ကြပါလေ
။ သောက်ကောင်းကောင်းနဲ့ သောက်လိုက်ကြတာ ည ဆယ့်
နာရီကျော်သွားပါလေရော။ ဆိုင်ကလဲ ညလုံးပေါက်ဖွင့်တဲ့ဆိုင်၊
ငယ်ချင်းကလဲ စီးပွားရေးပြေလည်တဲ့သူဆိုတော့ ပြန်ခါနီး ဈေး
နာလွှန်ပြီး ခေါက်ဆွဲကြော်ငါးချူး ပေးလိုက်တာပေါ့။ ငါ့အတွက်၊
ခင်မိသားစုအတွက်ဆိုပြီး ပေးတာ၊ ဟိုကောင် ချစ်ခင်က ပျော်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့၊ မိန်းမကို မျက်နှာလုပ်လို့ရတယ်ဆိုပြီး ငါကတော့
ကောင်တွေ မင်းတို့ သယ်လို့မဖြစ်ဘူးနော်၊ ကန်ထောင့်ရောက်
အဲဒီမှာ သုံးလောင်းပြိုင်ခေါင်းပြတ်သရဲတွေ အရမ်းသောင်းကျန်း
နော်လို့ ပြောတော့ ချစ်ခင် က အရက်လေးသောက်ထားတော့
သရဲလဲ ညာသရဲလဲ၊ မကြောက်ဘူး၊ ဘာဘူးပေါ့၊ ငါလဲ ပြောမရ
နဲ့ လွှတ်ထားလိုက်ရော။ ပြီးတော့ သူငယ်ချင်းနဲ့လမ်းခွဲပြီး ဆိုက်
တစ်စီးတားပြီးစီးလာတယ်၊ ချစ်ခင် က ရှေ့မှာထိုင်၊ ပေါင်ပေါ်
ခေါက်ဆွဲဘူးငါးဘူးကို ထပ်ပြီးတင်လာတယ်၊ ငါက နောက်ကစီး
ပေါ့၊ တစ်လမ်းလုံး အေးဆေးပဲ၊ မူးမူးနဲ့ သီချင်းတွေအော်ဆိုပေါ့၊ ဒီ
နဲ့ ကန်ကြီးထောင့်လဲရောက်ရော ဆိုက်ကားသမားက "အင်
ဂျွန်တော် ကြက်သီးတွေထ,သလိုဘဲ၊ ချမ်းလို့နဲ့တူတယ်"လို့လဲ ပြော
ရော ငါလဲ အလိုလိုကြက်သီးထ,လာတယ်၊ အဲဒီမှာ ဘာမပြော ည
မပြောနဲ့ ချစ်ခင်ပေါင်ပေါ်က ခေါက်ဆွဲဘူးငါးဘူးထဲက အလ
သုံးဘူးက ရွတ်ခနဲနေပြီး သူ့အလိုလို အောက်ကို ပြုတ်ကျသွား
တယ်။ ချစ်ခင်က သူ့ဘာသာ မှောက်ကျသွားတယ်ထင်တာ
ဆိုက်ကားရပ်ပြီးကြည့်တော့ တစ်ဘူးက ဘူးမပွင့်သေးဘူး၊ နှစ်ဘူး
ကတော့ မရတော့ဘူး၊ ချစ်ခင်က တစ်ဘူးကောင်းသေးတယ် လှမ်း
မင်း ကောက်လိုက်ဆိုလို့ ငါလဲ လှမ်းကောက်ဖို့ပြင်တုန်းရှိသေးတယ်
ချစ်ခင် ပေါင်ပေါ်က နှစ်ဘူးက လူတစ်ယောက်လှမ်းဆွဲလိုက်သလို





တ်ကိုကျသွားတယ်၊ ပထမတော့ ချစ်ခင် ကြောင်သွားပြီး ဆိုက်
သမားကိုကြည့်တယ်၊ ဆိုက်ကားသမားမျက်နှာက သွေးဆုတ်
ဖြူသွားပြီး ဘာပြောကောင်းမလဲ၊ အဲဒီနေရာနဲ့ ငါတို့လမ်းထိပ်
နှင်းရင် မိနစ်နှစ်ဆယ်လောက်ကြာတယ်၊ ဒီကောင် ကြောက်
ကြောက်လန့်လန့်နဲ့နှင်းတာ ငါးမိနစ်တောင်မကြာဘူးထင်ရတယ်။
ဒီလဲရောက်ရော ဆိုက်ကားသမားက တော်ပြီ ကျွန်တော် မပြန်
ဘူး၊ အစ်ကို့အိမ်မှာပဲအိပ်တော့မယ်၊ မနက်မှပြန်မယ်ဆိုပြီး ဝင်
ရတဲ့အဆင့်ကို ရောက်ရော"

ကိုလှစိန် ပြောပြတော့ ရဘောင် က ...

"သရဲခြောက်တယ်ဆိုတာ လူတစ်ယောက်က လူတစ်ယောက်
ချစ်လိုက်သလိုပဲ"

ရဘောင် စကားကြောင့် မခင်တင့်က မေးငေါ့သည်။

"ဘာဆိုင်လို့လဲ၊ ရှင်းစမ်းပါဦး"

"အဟမ်း ..."

ရဘောင် က ဆရာကြီးအထာ ...

"ဟုတ်တယ်လေ၊ ဒီလူက သူ့အချစ်နဲ့ အခြားတစ်ယောက်ကို
ပြီးချစ်လိုက်တာ၊ ရုပ်အကောင်အထည်နဲ့ချစ်ပြတာမဟုတ်ဘူး။
ဒိဉာဉ်လေးနဲ့ မတ်ဆိတ်ပို့လိုက်တာ၊ ဟုတ်တယ်နော်"

သူပြောတော့ ဟုတ်သလိုလို။ ကိုမိုးကြီးက ကိုကိုကြီးကို မေး



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ရှင်း ...

“ခင်ဗျားအတွက် ကုန်ကြမ်းတွေ စာရေးဆရာ”

ကိုကိုက ရယ်သည်။ ကိုလှစိန် က ကိုကို့ကို လှမ်းမေးသည်

“ခင်ဗျား ဘယ်အချိန်ကတည်းက စာပေဝါသနာပါတာ
စာရေးဆရာ”

ကိုလှစိန် အမေးကြောင့် ကိုကိုက ဖန်ခွက်ထဲ အရက်ဖြည့်ရင်း

“ကျွန်တော် ခြောက်တန်းနှစ်က မန္တလေးမှာနေတယ်၊ ကျွန်တော်
တို့အိမ်နားမှာ ကျွန်တော့်ရဲ့အတန်းပိုင်ဆရာမ နေတယ်၊ ဆရာမ
ကျွန်တော့်ကို သိပ်ချစ်တာဗျ၊ ဆရာမက တစ်ယောက်တည်း
တော့ ကျွန်တော့်ကို ခေါ်ခေါ်ထားရော၊ ဒါပေမယ့် ဆရာမက
တနင်္ဂနွေဆို ကျောက်ဆည်က သူ့မိဘတွေဆီပြန်တယ်။ တစ်
ဆရာမကလေ ငှါသားကိုထားထားခဲ့ရတာ ငှါသားလေး ပျင်း
ပဲ၊ ဆရာမ ဒီတစ်ပတ်ပြန်ရင်လိုက်ခဲ့တဲ့။ ကျွန်တော်လဲ ပျော်တာ
ကလေးပီပီ ဆရာမ ပြန်တော့ ကျွန်တော် လိုက်သွားခဲ့တယ်၊ ဆရာ
အဖေက စာရေးဆရာကြီး၊ ကျောက်ဆည်ဖိုးထူး ဆိုတာပေါ့”

“ဪ ...”

ကိုမိုးကြီး သိပုံရသည်။

“ဆရာမအိမ်ရောက်တော့ စာအုပ်တွေများ နည်းတာမဟုတ်
ဘူး”





ကိုလှစိန်က ဖြတ်မေးသည်။

“ဘာလဲ ... ခင်ဗျား အဲဒီမှာနေပြီး စာအုပ်တွေဖတ်ရင်း စာပေ
ဝါသနာပါခဲ့တာပေါ့”

ကျွန်တော်က ရယ်ရင်း ခေါင်းခါကာ ...

“မလောနဲ့လေ လာမယ်၊ ဆရာမအိမ်ရောက်တော့ ဆရာမ
အဖေက မင်း စာရေးဆရာ ကျောက်ဆည်ဖိုးထူးကို သိသလားတဲ့ ငါက
ဲ အမှန်အတိုင်း မသိဘူးလို့ပြောတာပေါ့၊ ဘာပြောကောင်းမလဲ၊
အဘိုးကြီး ဒေါသထွက်ပြီး ဆရာမကို ‘ဟဲ ... ထွေးခိုင် ... နင့်တပည့်
ကို အိမ်ထဲမဝင်စေနဲ့’ လို့ နှင်ထုတ်တာ။ အဲဒီကစပြီး စာပေဝါသနာ
ပါခဲ့တာဗျ”

ကျွန်တော့်စကားကြောင့် ဝိုင်းရယ်လိုက်ကြကာ ...

“မှတ်သားလောက်ပါပေတယ်ဗျာ”

“ကဲ ကဲ မနက်ဖြန်ကျရင် ကိုလှစိန်အတွက် အဆင်ပြေပါစေလို့
သောက်ကြစို့”

ဖန်ခွက်ချင်းတိုက်လိုက်ကြသည်။

မေခိုင် က ...

“ကိုလှစိန် မနက်ဖြန်ကျရင် မပြောရဲမဆိုရဲ လုပ်မနေနဲ့နော်”

“မေခိုင် ငါ လှစိန်ပဟ”

“အပြောကောင်းတယ်၊ အစားကြမ်းတယ်၊ ဈေးပေါက်စကော်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုတာ ခင်ဗျားပဲ ကိုလှစိန်"

ရောဘင် နှိပ်ကွပ်တဲ့စကားကြောင့် ကိုလှစိန် က ...

"မနက်ဖြန် ကြည့်လိုက်ကွာ"

"ခင်ဗျား သေချာတယ်နော်"

ကိုလှစိန် က ရဲဝံ့တဲ့မျက်နှာထားနဲ့ ခေါင်းညိတ်ပါသည်။

✿✿✿✿✿✿✿✿✿✿✿





"ဟာ မေရီ အေးအေးဆေးဆေးပဲမဟုတ်လား"

"အေးအေးဆေးဆေးပဲ"

မေရီက ရေမိုးချိုးပြီး အိမ်နေရင် ဘလောက်အင်္ကျီလေးနဲ့ ခေါင်း
ဘော်ပြီးစံဆံပင်ကို ဘီးကုပ်နဲ့နောက်လှန်ဖြီးတင်ထားသည်။ ပါးပြင်
မှာ ပါးကွက်က ထင်ထင်ရှားရှား။

မင်းသမီးတစ်ယောက်လို အရမ်းချောမောကြီးမဟုတ်ပေမယ့်
မလှထဲမှာ စာရင်းဝင်သည်။

"ကိုကို ဒါ မေခိုင့်သူငယ်ချင်း ..."

မေရီ က ရိုရိုသေသေခါးကိုင်းရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သမီးနာမည်က မေရီမိုးလို့ခေါ်ပါတယ် ဆရာ၊ ဆရာ့ပရိ
တစ်ယောက်ပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ"

"ဆရာကိုကိုကြီးဆိုပြီး အကြီးကြီးထင်နေတာ"

သူမ ပြောပုံကြောင့် ကျွန်တော် လန့်ဖျပ်သွားတော့ သူ
ကမန်းကတန်း ...

"ဟိုလေ ... အသက်ကိုပြောတာ"

"ဟုတ်ကဲ့ ကျွန်တော် သိပ်မကြီးပါဘူး"

"ရှင် ..."

"အသက်ကိုပြောတာ"

မေရီ က သွက်သည်။ နောက်တော့ ရှီးတိုးရှန့်တန့်ဖြစ်မ
လူရင်းတစ်ယောက်လို သူမ စကားပြောနိုင်ခဲ့ပါတယ်။ ကျွန်
ကိုလှစိန်ကို မျှော်နေပေမယ့် ဒီလူက ရောက်မလာ။

"လာ မေရီ၊ မီးဖိုချောင် လိုက်ခဲ့၊ ချက်ရင်းပြုတ်ရင်း စကား
ရတာပေ့ါ၊ အားမနာနဲ့နော်၊ လွတ်လွတ်လပ်လပ်နေ"

"စိတ်ချ မမမေခိုင်"

ကျွန်တော်က စာစောင်တစ်ခုဖတ်ရင်း ကိုလှစိန်ကို မျှော်
သည်။ ဟော ... ပုဂ္ဂိုလ်က လာပါပြီ၊ အိမ်ပေါ် ကုပ်ချောင်းချော
တက်လာတဲ့ ကိုလှစိန်ပုံစံကြောင့် ကျွန်တော် ရယ်ချင်မိပါသ





ပြီး ဝတ်ထားပုံက၊ ပန်းရောင်အင်္ကျီဆိုတာ ဝတ်တဲ့သူ့အတော်
တယ်၊ ကြောင်စီစီနိုင်လွန်းတဲ့အရောင်ကိုး။ အောက်က မင်္ဂလာ
င်တွေမှာဝတ်တဲ့ ပိုးထည်ဝါမှိုင်းမှိုင်းပုဆိုးနဲ့ ခေါင်းမှာ အုန်းဆီ
ဘယ်လောက်တောင်လိမ်းထားသည်မသိ နဖူးပေါ်စီးကျ
သည်။

ကျွန်တော့်ဘေးကခုံမှာ ဝင်ထိုင်တော့ ...

"ဘယ်လိုဖြစ်ရတာလဲ ကိုလှစိန်"

"အဟဲ ... ရောက်ပြီလား"

"ရောက်နေပြီ၊ ခင်ဗျားနဖူးက အုန်းဆီတွေကို သုတ်လိုက်ဦး"

"မေခိုင် ရေ..."

ကျွန်တော် အစီပွာယ်ပါပါနဲ့လှမ်းအော်တော့ မေခိုင် က သိသည်။

"လာပြီ ကိုကို၊ ဒီမှာ ငါးခြောက်ဖုတ်ဆီဆမ်းနေလို့"

တအောင့်နေတော့ မေခိုင်နဲ့အတူ မေရီက ရေနွေးဇန်းကိုကိုင်
ထွက်လာပါတယ်။

"ဟောတော် ..."

ကိုလှစိန်ပုံစံကြောင့် မေခိုင် အံ့သြတဲ့အသံတောင်ထွက်ကျလာ
ခဲ့ပါတယ်။

မေရီက ကိုလှစိန်ကို မိုးကြည့်ရင်း ကျိတ်ရယ်သည်။

"ဘယ်လိုတွေဖြစ်လာတာလဲ ကိုလှစိန်၊ မင်္ဂလာဆောင်နဲ့ မှား



www.burmeseclassic.com

www.burmeseclassic.com



လာတာတော့မဟုတ်ပါဘူးနော်”

“ဟာဂျာ ...”

ကိုလှစိန်တစ်ယောက် စကားတောင်မပီတော့ပါဘူး။

“မေရီ ဒါ မမပြောတဲ့ ကိုလှစိန်”

သူတို့ချင်းသိပေမယ့် မေခိုင် က တမင်မိတ်ဆက်ပေးသည်။

“မေရီ ခဏနေဦးနော်၊ ကိုကို နောက်ဖေးက လျှပ်စစ်မီးဖို ... ဖြစ်လဲမသိဘူးနော်၊ ခဏ ...”

“ကျုပ် လုပ်ပေးမယ်လေ”

အလိုက်ကမ်းဆိုးမသိတဲ့ ကိုလှစိန်ကြောင့် မေခိုင် မသိ... အံကြိတ်ပြရင်း ...

“ဩော် ... ညှော်သည်ကို တစ်ယောက်တည်းထားခဲ့လို့ ဖြ... မလား။ ညှော်ခဦးမှပေါ့”

မေခိုင်နဲ့ကိုကို က နောက်ဖေးမီးဖိုချောင်ထဲ ဝင်သွားပါသည်။

မေရီ က ခေါင်းငုံ့နေပါသည်။

ကိုလှစိန် ဘာပြောရမှန်းမသိဖြစ်ကာ စားပွဲပေါ် ချထားတဲ့ ... ခြောက်ဖုတ်ဆီဆမ်းနဲ့ လက်ဖက်သုပ်ပန်းကန်ကိုကြည့်ကာ ... လုပ်ရာ လက်ဖက်သုပ်တစ်ဇွန်းကို ခပ်စားမိသည်။

ပါးစပ်ထဲ တစ်ချက်၊ နှစ်ချက်စားအပြီး မျက်လုံးပြူးသွားသည်

ငရုတ်သီး ...၊





အမန်းကတန်းနဲ့ အသင့်ငှဲ့ထားတဲ့ရေနွေးပူကို ယူအသောက်...

“ရှူး ...”

ပူလောင်လောင်ရေနွေးကြောင့် လှည့်ထွေးထုတ်လိုက်ရ ...။

မေရီ က စိုးရိမ်စိတ်နဲ့ ပျာပျာသလဲလဲ ...

“အရမ်းပူသွားလား အစ်ကိုကြီး”

“အပူ... ရူး...”

ကိုလှစိန်ဖြေပုံကြောင့် မေရီ က ခေါင်းငုံ့ရယ်ပါသည်။ ကိုလှစိန် ...သည်းတော့ အားတက်သွားပါတယ်။

“မေ ... ရီ”

အသံတွေက တိုက်ဖွိုက်ရောဂါရှင်လို တုန်တုန်ယင်ယင်။ မေရီ ...မကြည့်ဘဲ လက်ကိုင်ပဝါကိုချေနေရင်း ...

“ရှင်”

“အစ်...ကိုကြီး ...လေ ...ထုတ်ပြချင်နေပြီ”

“ဘာကြီး”

မေရီ လန့်ဖျပ်ကာ မော့ကြည့်မိသည်။ ကိုလှစိန် ဘာပြောရမှန်း

“ဟိုလေ အချစ်ဆိုတာကို ထုတ်ပြချင်တယ် ပြောတာ”

“ဘာကွာ ဘာတွေလာပြောနေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ရှက်ရမ်းရမ်းတဲ့အသံလေးက ရင်မောစရာ။

"တကယ်ပြောတာပါ မေရီ မေရီ့အတွက်ဆို ဘုန်းကြီးကျော

က သရက်သီးကို ခိုးပေးရ ခိုးမွေးရ ခိုးပေးရဲပါတယ်"

မေရီက ခစ်ခနဲရယ်သည်။

ကိုလှစိန် စိတ်ထဲမှာ 'ချစ်'ခနဲနေအောင် ရယ်လိုက်သလို

"ဖြေပါဦး မေရီလေးရယ်"

မေရီက မသိမသာခိုးကြည့်ရင်း ...

"စဉ်းစားပါရစေဦး အစ်ကိုကြီးရယ်"

"စဉ်းစားတာ မကောင်းဘူး မေရီရဲ့၊ ကြော်စားတာ ကောင်း

"အစ်ကိုကြီးနော်"

"မေရီလေးနော်"

တစ်ယောက်နဲ့တစ်ယောက် ချစ်ရည်ရွှမ်းတဲ့ တဏှာမျ

လေးတွေနဲ့ အကြည်တော်ဆိုက်နေတုန်း ...

"အဟမ်း ... အဟမ်း"

နောက်ဖေးဆောင်က အသံပြုဝင်လာတဲ့ လင်မယားငြေ

ဓာတ်သိမ်းပိုင်းရောက်ခါနီးမှ မီးပျက်သွားသလို ကိုလှစိန် စိတ

သည်။ မအိမလည်မျက်နှာနဲ့ ကိုလှစိန်ပုံစံကြောင့် မေရီက ပြုံး

"ညှိသည်ကို ကောင်းကောင်းမွန်မွန်ညှိခံရဲ့လား ခေါ်

မေရီ က ကိုလှစိန်ကိုကြည့်ပြီး ခေါင်းညိတ်ပြသည်။





ကိုကိုက ရယ်ချင်ဟန်နဲ့ မသိသလိုပြောသည်။

"ကိုလှစိန် ညှိခံလိုက်တာ ဒီက ညီမတောင် စကားနည်းသွား

လိုပဲ၊ ဘာပြောလိုက်လို့လဲ"

"ဟာဗျာ ခင်ဗျားကလဲ ..."

မေရီ က ခေါင်းငုံ့ရယ်သည်။

ဟိုလူကြီးက အနေရခက်သလိုလို။

"မေရီ ... ညီမလေး စားဦးလေ"

မေခိုင့်အသံကြောင့် မေရီက ခေါင်းမော့ပြီး ...

"မစားတော့ဘူး မမ၊ ညီမလေး ခဏဆိုပြီးထွက်လာတာ၊ ဆိုင်

ိုင်ပေးရဦးမယ်"

ပြန်တော့မယ်ဆိုတော့ ကိုလှစိန် ပျာပျာသလဲ ...

"အစ်ကိုကြီး လိုက်ပို့ပေးမယ် မေရီလေး"

"မပို့နဲ့ အစ်ကိုကြီး၊ မေရီလေး ကိုယ့်ဘာသာပြန်တော့မယ်၊

ာ်ကြာ ကိုသတ္တု မြင်ရင် မကောင်းဘူး"

သူ့ဘာသာ မေရီလေးလို့ရည်ညွှန်းပြီးမှ မေရီ ရှက်နေမိပါသည်။

ခိုင် က မေရီ အရှက်ပြေစေရန် ...

"မမ လမ်းထိပ်အထိ လိုက်ပို့ပေးမယ် မေရီ"

"ကျေးဇူးပဲ မမ"

မေရီနဲ့မေခိုင် အိမ်ပေါ်ကဆင်းသွားတော့ ကိုလှစိန် ဂနာမငြိမ်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပုံစံက ဘာဖြစ်နေတာလဲ"

"ဟဲဟဲ ဘာမှမဖြစ်ပါဘူးကွ"

"မသိပါဘူး၊ ခင်ဗျားပုံစံက လဒ်ကြီး အစာရှာသလိုဖြစ်နေတဲ့
ပေါက်နေလို့"

ကိုလှစိန်မျက်နှာ ရှုံ့မဲ့သွားပါသည်။

✿✿✿✿✿✿✿✿✿✿✿





"ကျုပ်တို့ ဘာဆက်လုပ်ကြရင်ကောင်းမလဲ"

"မလောပါနဲ့ ကိုလှစိန်ရယ်"

ကိုကို့စကားကြောင့် လမ်းလျှောက်နေရာမှ ရောင် က ...

"မေခိုင်လဲ ဝိုင်းပို့ပေးထားတာပဲ ကိုလှစိန်ရယ်"

ကိုလှစိန် က လာနေတဲ့ဆိုက်ကားကို လမ်းဖယ်ပေးရင်း ...

"ဟာဗျာ ခင်ဗျားတို့ကလဲ ကျုပ်က မေရီ့အကြောင်းကို ပြောနေ
ာမဟုတ်ဘူးဗျ၊ ဒီတစ်ခါ ဘုံကထိန်ပြိုင်ပွဲဝင်ရင် ဘာအရုပ်ချိုးရင်
ာင်းမလဲလို့ ခင်ဗျားကို အကြံဉာဏ်တောင်းတာ စာရေးဆရာ"

"ဩော် ... ဒါလား"



www.burmeseclassic.com

www.burmeseclassic.com



“အော်ဒါမမှာဘူးဗျ။ ကျုပ်တို့ကိုယ်တိုင်ပဲလုပ်မှာ”

ပြောတာကတစ်မျိုး၊ ကြားတာကတစ်မျိုးဖြစ်နေတာကြော ကိုကို ရယ်မိပါသည်။ သုံးယောက်သား အလှူခံမဏ္ဍပ်ဆီလျှော လာနေရင်း လမ်းမှာ DJ ညိုကြီးတို့နဲ့တွေ့ပါတယ်။ DJညိုကြီးရဲ စပ်စုမသုံးယောက်ရယ်က စာရွက်တစ်ရွက်ကိုကိုင်ရင်း အငြင်းပွာ နေကြပါတယ်။

“ဟဲ့ အတိတ်က ‘ပန်းဆိုးတန်းသို့ခြေတစ်လှမ်း’ ”

အကြီးမမြွတ်မြွတ်ဆွေရဲ့စကားကြောင့် မညိုကြီး က ...

“ပန်းဆိုးတန်းဆိုတော့ အတော်ပဲ၊ ကိုလှစိန် ...”

မညိုကြီးက သူတို့သုံးယောက်ကိုမြင်တော့ အားရဝမ်းသာ လှမ်းခေါ်ပါတယ်။

ပြီးတော့ ...

“ဒီအတိတ်လေး ကောက်ကြည့်ပါလား၊ ဒီစာရွက်က သိမ်း တာ၊ မနေ့က မအုန်းသန်းဓောင် သုံးရာဖိုးရှုံးသွားတယ်တော့်”

မညိုကြီး စကားကြောင့် ရေဘင် က နှာခေါင်းရှုံ့ရှင်း ...

“နင်တို့ ဒီအလုံးတွေပဲ အာရုံရောက်၊ နင်တို့စာရွက်ထဲက အတိတ် စိမ်းလို အဲဒီခြေတစ်လှမ်းက ရိုးရိုးမဟုတ်ဘူး၊ ဖာတန်းက စာကမ်း လို့ ခြေလှမ်းတစ်လှမ်းပဲလိုတာလို့ပြောတာ”

ရေဘင် စကားကြောင့် မြွတ်မြွတ်ဆွေ က ...





“သေနာကျကြီး လူကိုများ ပိုးစိုးပက်စက်”

“အေးလေ၊ သူသာ သေမင်းသို့ ခြေလှမ်းလှမ်းနေတာ”

ပိုင်းပြောကြတဲ့စကားကြောင့် ရေဘင် က တဟားဟားရယ် ရင်း ...

“ဟဲ့ သေမင်းကို ငါ သွားလို့မရဘူး”

“အံမယ် ကြီးကြီးကျယ်ကျယ်”

“ဟုတ်တယ်လေ၊ ငါ့ခြေလှမ်းကယိုင်နေလို့ သေမင်းခံတွင်းဆီ မရောက်ဘဲ ဟိုကွေ့လိုက်၊ ဒီကွေ့လိုက်နဲ့ သေမင်း ဖမ်းမရဖြစ်နေ တာ”

သူတို့ကိုကျော်လာရင်း ...

“ခုနကစကား ဆက်စမ်းပါဦး၊ ဘာအရုပ်ချိုးမလဲ၊ ဘယ်လိုပြိုင်ပွဲ ဝင်မလဲ”

“ကျွန်တော် စဉ်းစားထားတာ တစ်ခုတော့ရှိတယ်”

“လုပ်စမ်းပါဦး စာရေးဆရာရဲ့”

“ခင်ဗျားတို့ကားက ဘာကားလဲ၊ သစ်တင်တဲ့ကားမျိုးလား”

“အဲဒီကားလိုလဲရတယ်၊ ဘာဖြစ်လို့လဲ”

“ကျွန်တော် အဲဒီလိုပက်လက်ကား ရရင် ကားရဲ့နောက်ပိုင်း အစွန်းမှာ မြို့ရိုးပြာသာဒ်လို ဘုံခုနစ်ဆင့်ထားမယ်ဗျာ”

“ဟာ ဇွတ်အိုင်ဒီယာပဲဗျ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြောင့်လဲ စာရေးဆရာဖြစ်တာပေါ့ဗျ၊ ဒါနဲ့ ဒီအရုပ်ကို ဘယ်သူချိုးတာလဲ၊ ခင်ဗျား ချိုးမှာလား"

"ဟာ ကျွန်တော်တစ်ယောက်တည်းတော့ ဘယ်ဖြစ်မလဲဗျ ကိုမိုးနဲ့ပေါင်းပြီးလုပ်ရမှာပဲ"

ကိုကိုကြီး စကားကြောင့် ကိုလှစိန်က ခေါင်းတညိတ်ညိတ်နဲ့ —

"ကိုမိုးက ပန်းချီသမားဆိုတော့ သူလဲ လုပ်တတ်ကိုင်တတ်မှာပေါ့"

သူတို့သုံးယောက် မဏ္ဍာပ်ထဲဝင်တော့ ဥက္ကဋ္ဌက …

"ဘယ်လိုလဲ ကိုယ့်လူတို့ သွပ်ပုံးလေးရုပ်ကွက်ကတော့ ကျွဲရုပ်ကြီးချိုးထားတာ လှမှလှဗျာ။ ကျွဲရှေ့ခြေနှစ်ချောင်းကွေးပြီး ရုန်းထွက်နေတဲ့ပုံက ကောင်းကင်ကို ပျံတက်တော့မလားအောက်မေ့ရတယ်ဗျို့"

သွပ်ပုံးလေးဆိုတော့ ကိုလှစိန် မခံချင်ဖြစ်သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီ သွပ်ပုံးလေးရပ်ကွက်ရဲ့ ဘုံကထိန်ဦးစီးဦးဆောင်က သတ္တုု ကိုယ်တိုင်လေ။

"ကျုပ်တို့ အစီအစဉ်ကို ပြီးအောင်ကြည့်လိုက်ပါဦး"

"ဘယ်လိုစီစဉ်ထားလို့လဲ"

"မြန်မာ့အလှ၊ မြန်မာ့အမွေ၊ မြန်မာ့စိတ်ဓာတ်"

"မောင်လှစိန်ရယ် ပြောမယ့်အရေးကို …"





ဥက္ကဋ္ဌစကားကြောင့် ကိုလှစိန် က ရယ်သည်။

"ခမ်းနားတောက်ပတဲ့မြို့ရိုးပြာသာဒ် ဘုံခုနစ်ဆင့်ကို ကျုပ်တို့ဘာ လူတွေပါးစပ်အဟောင်းသားဖြစ်အောင် လုပ်ပြမှာဗျ"

ကိုလှစိန် စကားကြောင့် ဥက္ကဋ္ဌ မျက်နှာကြီး ဝင်းထိန်သွားပါတယ်။

✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"အမ်ကိုကြီး ညီလေးကို မကယ်နိုင်တော့ဘူးလား"

တင်မောင်မောင်တင်က ငိုတော့မလို ပြုံးတော့မလိုမျက်နှာနဲ့ ပြောတော့ သတ္တုရဲ့တပည့်ကျော်နှစ်ဦးထဲက တစ်ဦးဖြစ်တဲ့ ပုံပျက် က ...

"မင်းအာစရိ စိတ်ညစ်အောင်မလုပ်နဲ့လေ၊ ပုံပျက် သိတယ် ပုံပျက် အဆင်ပြေအောင် အာစရိ သိအောင်ပြောပြပေးမယ်"

သတ္တု က မာဖီးယားဂိုဏ်းခေါင်းဆောင်လို ဒူးရိုက်ထိုင်ပြီး တင်မောင်မောင်တင် တိုက်တဲ့ ဘီယာပုလင်းကို ပုလင်းလိုက် မော့သောက်နေပါသည်။ ပုံပျက်ရဲ့ညီဖြစ်သူ ပန်းပျက် က အလိုက်သိစွာ အာလူးကြော်တစ်ခုကို ခွံ့ကျွေးပါသည်။





"ဟုတ်တယ် အာစရိ၊ ရေဘင်နဲ့ပေစ်က သူတို့ဆရာလှစိန်နဲ့ ...ပြီး မေရီ ကို ခိုးပြေးဖို့ကြိုးစားနေတယ်လို့ သတင်းရတယ်"

"ဘာ ... မင်းကို ဘယ်သူပြောလဲ"

ပန်းပျက် က ပုံပျက် ကို မင်းပြောလိုက် အမူအရာနဲ့ ကြည့်...ည်။

"အဲဒီရပ်ကွက်ထဲကသတင်းကို လိုချင်ရင် အတို့အထောင် ...မောင်ဆီသွား ..."

"သေချာတယ်နော်"

"သိပ်သေချာတာပေါ့ အာစရိရာ"

"အစ်ကိုကြီး ..."

"ဟာ ဒီကောင်က တစ်မော့်ကွာ၊ မင်းစိတ်ချ၊ ငါ့ညီမ မင်းရင်ခွင် ...ဲ ရောက်ကိုရောက်စေရမယ်၊ တင်မောင်မောင်တင် ... တောက်... ...ရေးထဲ ဒီကောင့်နာမည်က တစ်မျိုး"

တင်မောင်မောင်တင် ဆိုတာ သွပ်ပုံးလေးရပ်ကွက်မှာ သံဖြူ...ပ်ရေပုံးလုပ်ငန်းဖြင့် ကြီးပွားချမ်းသာနေသူ၊ အလုပ်မရှိအကိုင်မရှိ ...ချမ်းသာမှုဖြင့် ယောင်ဝါးလျှောက်လုပ်နေသူ၊ ဒါပေမယ့် သတ္တု ...ဒါလိုချင်တယ်ဆိုရင် တစ်ခွန်းပဲ၊ သတ္တုရဲ့ငယ်မွေးကျွန်ယုံတော် ...ဖြ...

"မင်းတို့ လှစိန်နဲ့ အပေါင်းအပါတို့ရဲ့သတင်းကို မျက်ခြည်မပြတ်



www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေ မှာတဲ့လား"

"စိတ်ချ အာစရိ၊ ဒီကောင်တွေအကြောင်းသိချင်ရင် အခြေ
ထွင့်ထွင့်နဲ့ အတို့အထောင်အုန်းမောင်ကို အပီပေါင်းထားရုံပဲ"

"ငါ့တပည့်နှစ်ကောင် သိပ်တော်တယ်"

ပုံပျက်နဲ့ပန်းပျက် သူတို့ဆရာစကားကြောင့် ကျေနပ်သွား
သည်။

တင်မောင်မောင်တင် က ...

"အစ်ကိုကြီး အလိုရှိသလို ပြော၊ ကုန်ချင်သလောက်ကုန်ပါစေ
စေ၊ ညီလေးတင်မောင်မောင်တင် ရှိတယ်"

"အေး... အဲဒီစကားပဲ ကြားချင်တယ်၊ ကဲ ... ချီးယားစ်"

ဖန်ခွက်တွေအားလုံး မြှောက်လိုက်ကြသည်။

✿✿✿✿✿✿✿✿✿✿





"ဖြီးလိုက်၊ အိပ်လိုက်နဲ့ လူက ဝတောင်ဝချင်နေပြီကွ"

ဘကြီးက ထမင်းကို လက်စသတ်လိုက်ပါသည်။ မခိုင် က
က်ဆေးဇလုံကို ထိုးပေးရင်း ...

"ဘကြီး အေးအေးဆေးဆေးနေဦးပေါ့"

လောကွတ်ချော်နေတဲ့မိန်းမကြောင့် ကိုကို စိတ်ညစ်ရပါသည်။
လို့သောက်လို့ကတော့ ကြိုက်သလောက်စားပလေ့စေ၊ ဒါပေ
ဲ့ ရပ်ကွက်ထဲမှာ လူငယ်တွေနဲ့ လှည့်ပြသနာဖြစ်တာကတော့
ိုးဆုံးပါ။ ဟိုနေ့က ဦးဖေသန်းနှင့်လည်း စကားများပြီးပြီ ဘကြီး
ကိုယ့်ဘာသာကိုယ်မနေ၊ ခမ္မာရုံရှေ့လမ်းလျှောက်ရင်း ခမ္မာရုံကို
ည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ထာဝရမမွာရုံဆိုတဲ့အမိပ္ပာယ်က ဆယ့်နှစ်ရာသီ အလှ ကောက်ခံတဲ့အဓိပ္ပာယ်ကို ဆိုလိုတာလား"

ဦးဖေသန်းက ကိုကိုဘကြီးဆိုတော့ အရေးပေးပါတယ်။

"မဟုတ်ဘူး ဦးလေးရ၊ ထာဝရဆိုတာ ဘုရားရဲ့တရား တွေကို တည်မြဲရှင်သန်တဲ့အထိကို ဆိုလိုတာပါ"

"မသိပါဘူးကွာ၊ ထာဝရနှိပ်စက်နေတဲ့ ကိုဖေသန်းရဲ့အ ဆိုလိုတာလားလို့"

အဲဒီလို အသေးအမွှားတွေ ပြဿနာရှာတတ်တဲ့ ဘကြီးအ မယ့် ဘကြီးက ရေဘင်နဲ့တော့ တော်တော်ကိုတည့်သည်။ လူ သပ်နှစ်ယောက် ပေါင်းမိတယ်လို့ ပြောရမှာပဲ။

ရေဘင်နဲ့ဘကြီးလမ်းအတူလျှောက်ရင်း မိန်းမလျာ ထွန်း လှိုင်နဲ့ လမ်းမှာဆုံတော့ ရေဘင် က ...

"ဟဲ့ အချောတကောက် လည်စလုတ်ကြီးခပ်ကြီးကြီးနဲ့ လည်လှည့်ဖြီး မီးရှို့ပြီးလို့ အထုပ်ကြီးနဲ့ပြန်လာသလား"

ထွန်းထွန်းလှိုင် က စိတ်ဆိုးမာန်ဆိုးဖြင့် ...

"မှင်စာသရဲမကြောက်လဲ မသာရေဘင် ဖင်တုန်ချင်၊ လည် ကိုနင်း သောက်ကမြင်း ..."

ထွန်းထွန်းလှိုင်က ဤသို့ဆိုတော့ ဘကြီးက ကောက်ကာ ကာ စာချိုးပါ၏။





"အရပ်ကရှည် ပဲလင်းမြွေ၊ အသားမည်းမည်း အခြောက်သရဲ"

ထွန်းထွန်းလှိုင် ခုန်ဆွဆုန်ဆွနဲ့ ကျန်နေခဲ့ပါသည်။ ဘကြီးကို အဲဒီ း‌နဲ့ မေခိုင် ကုန်းချောပါတော့သည်။

"ညည်းမို့လို့အေ ကပ်ဖေးကလဲနဲ့ လူ့ငွစာကြီးကို အိမ်ပေါ် ခေါ် ထားရတယ်လို့"

"ဒါကတော့ ကိုကို့ဘကြီးကို အထွင့်ရဲ့"

မေခိုင့်စကားကြောင့် ထွန်းထွန်းက မဲ့ကာရွဲ့ကာနဲ့ပြောပါတော့ ည်။

"ခြေနှစ်ချောင်းဆိုတာ ကယ်ကောင်းတာမဟုတ်ဘူးအေ့၊ ပြီး ဘာ့ စားလိုက်သောက်လိုက်တာ မဆုံမပြဲဆို"

"အထွင့်ကို ဘယ်သူပြောလဲ"

"ဒီလိုပဲကြားနေရတာပေါ့အေ့၊ နင့်ယောက်ျားကလဲ အခု တစ် ဘာ စာမရေးဘူးဆို၊ ဟို ... လှစိန် ဆိုတဲ့ ကုလားအုပ်မီးဖုတ်ထား ကောင်နဲ့တွဲ ရပ်ကွက်ထဲမှာ ဟိုယောင်ယောင် ဒီယောင်ယောင် နေတယ်မဟုတ်လား"

"ဟင် ... အထွင့် သိတယ်"

"အထွင့်မသိတာ ဒီရပ်ကွက်ထဲမှာ ဘာမှမရှိဘူး၊ ကိုယ်တော် တွေက အထွင့်ကို ညည ..."

"ဘာလဲဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"အိပ်မက်ပေးတယ်ပြောတာပါ အနိုင်ရယ်"

ဘေးမှာနားထောင်နေတဲ့ အတို့အထောင်အုန်းမောင်ကလ
အစွမ်းပြသည်။

"ဟုတ်တယ် မေခိုင်ရဲ၊ ရေဘင်တို့, လှစိန်တို့နဲ့ပေါင်းတာ စာ
ဆရာအတွက် စီးပွားပျက်တယ်"

"ဘာဖြစ်လို့လဲ"

"ရေဘင် ဆိုရင် အလုပ်လုပ်တာမဟုတ်ဘူး။ တစ်နေ
သောက်နေတာ၊ သူ့မိန်းမက စီးပွားရှာတဲ့သူလေ၊ ဘာထူးလဲ၊ ထို
စိန်ဆိုရင် ဘဏ်တိုးနဲ့အဆောင်လခနဲ့ သူ့ဟာသူ အဆင်ပြေနေ
စာရေးဆရာဆိုတာ ကိုယ့်လက်လှုပ်မှ ကိုယ်စားရတာ၊ အ
ကြည့်၊ ဘကြီးဆိုတဲ့ ဒီလူကြီးကို ဆေးခန်းပို့ရ၊ ဟိုပို့ရ ဒီပို့ရနဲ့ စာ
ချိန် ဘယ်မှာလဲ၊ နောက်ပြီး ဘုံကထိန်မှာလဲ ဆရာက ပါလိုက်
တယ်"

သူတို့ပြောတာလည်း ဟုတ်တော့ဟုတ်နေပါတယ်။

✿✿✿✿✿✿✿✿✿✿✿





"ဒီခြေအနေကတော့ မလွယ်ဘူး အစ်ကိုကြီး"

ဘုန်းကြီးကျောင်းနောက်က ရေကန်မှာ ချိန်းတွေ့ကြရင်း မေရီ
ကိုလှစိန်ကို ပြောသည်။

"ဘာဖြစ်လို့လဲ မေရီ"

"ကိုကိုက တင်မောင်မောင်တင် ဆိုတဲ့လူနဲ့ ပေးစားဖို့ အားထုတ်
တယ် အစ်ကိုကြီး"

"ဟာကွာ ..."

ကိုလှစိန်ရဲ့ စိုးရိမ်သွားတဲ့ဟန်ပန်ကြောင့် မေရီ က မျက်စောင်း
ရင်း ...

"တကတဲ ဖြစ်နေလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မေရီလေးရယ် အစ်ကိုကြီးက မေရီတစ်ယောက်တည်း
ချစ်ဖူးတာ"

"သွားပါ၊ ဒါဆိုရင် မနှင်းအေးနဲ့တုန်းက ..."

ကိုလှစိန် ပြုံးဖြီးဖြီးနဲ့ ...

"အဲဒီတုန်းက အစမ်းမောင်းကာလ၊ လိုင်စင်နက်ကြီးပါ မေ
လေးရယ် ..."

"ဟွန်း ... ပြောတတ်လိုက်တာ"

"ဘယ်လိုရှေ့ဆက်ကြမလဲ မေရီ"

ကိုလှစိန်က တုန်တုန်ယင်ယင်နဲ့ မေရီ့လက်သန်းကိုကိုင်ချ
မယ့် မေရီ စိတ်ဆိုးမှာစိုးလို့ မထိတထိ လှမ်းကိုင်နေတော့ မေရီ
တော်တော်အမြင်ကတ်သွားပါတယ်။ ပြီးတော့ အကြံရသွားပါသည်
မေရီ ကိုလှစိန် ခြေထောက်အောက်ကိုကြည့်ကာ ...

"ဟင် .. မြွေလားမသိဘူး"

"ဟင် .. ဘယ်မှာလဲ"

ကိုလှစိန် ကြောက်ပြီးဖက်မယ်ထင်လို့ သူမကပြောပေမယ့်
အာဂသူရဲကောင်းကြီးက မကြောက်တဲ့အပြင် မြွေလိုလိုသဏ္ဍာန်ရှ
တဲ့ အုန်းဆံကြိုးကြီးကို မြေကြီးထဲကဆွဲထုတ်ပြီး ရမ်းကာ ...

"ဟား ဟား .. အုန်းဆံကြိုးကြီးပါ မေရီရယ်"

မေရီကိုယ်တိုင်က မိန်းကလေးပေမယ့် မြွေတို့ ဘာတို့ မကြောက်





... မေရီ က ကိုလှစိန်လက်ထဲက အုန်းဆံကြိုးကို လှမ်းယူကြည့်
... —

"မြွေအတိုင်းပဲနော်၊ ဟင် .. တီကောင် .. အောင်မလေးတော့"

မေရီ ကြောက်ကြောက်နဲ့ ကိုလှစိန်ကို အားကုန်ဖက်ထားပါ
...သည်။ ကိုလှစိန်က တဟားဟားရယ်ပြီး ...

"မြွေတော့မကြောက်တတ်ဘဲ တီကောင်မှ လာကြောက်နေရ
... မေရီလေးရယ်"

မေရီက ရှက်ရှက်နဲ့ ကိုလှစိန်ကိုဖက်ထားရင်း ...

"မေရီ ... မေရီ့တပည့်တွေဆီက ကိုကိုတို့ရဲ့အကြောင်းတွေ
...ခိုင်းထားတယ်"

"ဟော့ကောင် လှစိန် မင်း ငါ့ညီမကိုလွှတ်"

အနားနားက ဟိန်းထွက်လာတဲ့အသံကြောင့် နှစ်ယောက်သား
...န်သွားကြပါတယ်။ သတ္တုနဲ့ အပေါင်းအပါတွေက ကန်ပေါင်ရိုး
...မှာ မတ်တတ်ရပ်ပြီး ခါးထောက်ကြည့်နေပါတယ်။

"ဟော့ကောင် ငါ့ညီမကို လွှတ်စမ်း"

"မဟုတ်ဘူးလေ၊ သူက ငါ့ကိုဖက်ထားတာ"

သတ္တု ဘာပြောရမှန်းမသိတော့ပါ။ မထူးပြီမို့ ...

"ဘာဖြစ်ဖြစ် မင်း ငါ့ညီမကိုလွှတ်လိုက်ကွာ"

"မေရီလေး ခဏလွှတ်ပေးလိုက်၊ ယောက်ဖစကားကို နား



www.burmeseclassic.com

www.burmeseclassic.com



ထောင်တဲ့အနေနဲ့ အစ်ကိုကြီး ပြန်ဖက်မယ်"

"ဟော့ကောင် ... မင်း နောက်ဆုတ်"

သတ္တုစကားကြောင့် ကိုလှစိန် နောက်ကိုကြည့်ပြီး ...

"နောက်ဆုတ်လို့တော့မဖြစ်ဘူးထင်တယ်"

"ဘာဖြစ်လို့ ..."

"နောက်ဆုတ်ရင် ငါ ရေထဲကျသွားမှာပေါ့"

"ဩော် ... မင်းက ငါ့ကို ပမာမခန့် ..."

"မဟုတ်ဘူးလေ"

"ဟော့ကောင်တွေ ငါ့ညီမကို ဆွဲခေါ်ခဲ့"

ပုံပျက်နဲ့ပန်းပျက် က ဒီဇာတ်ထုပ်မှာ လူကြမ်းအဖြစ် သရု ဆောင်ရမှာမို့ ရုပ်ရှင်ကားထဲကလူဆိုးတွေလို အတင်းအဓမ္မ မေ ကို ဝင်ဆွဲပါတယ်။ သို့ပေမယ့် မေရီနားရောက်ခါနီးမှ ခုနက ခေါ မုန့်ဟင်းခါးရောင်းဖို့ခုတ်ပိုင်းထားတဲ့ ငှက်ပျောပင်ပိုင်းကို တက်နင် ကာ အရှိန်မထိန်းနိုင်တော့ဘဲ တစ်ယောက်နဲ့တစ်ယောက် တိုက် ကာ ဒိုက်ထိုးသလိုအဖြစ်၊ မေရီ ကလည်း ကိုယ်လေးကို ယို အရှောင် ...

"ဟား ဟား ကျပြီ၊ ကျ ... ကျ..."

"ဝုန်း"

ရေထဲကို နှစ်ယောက်သား ဝရုန်းသုန်းကား ကျသွားတော





သတ္တု အတော်တင်းသွားပါတယ်။

"နှမလေးတွေ ပြောလိုက်ရင်တော့ အရေခွံဆွဲခွာပြီး အသားကို ချက်သီးနဲ့ဖျန်းမယ်လေး ဘာလေးနဲ့ တင်..မောင်မောင်..တင်.."

တင်မောင်မောင်တင် က သတ္တု လက်ညှိုးထိုးပြတဲ့ ကိုလှစိန်ကို ခက်သီးနဲ့ထိုးဖို့ ပြေးသွားသည်။

"ကျား ..."

"ဝုန်း"

ကိုလှစိန်နားရောက်ခါနီးမှ သစ်ကိုင်းနဲ့မလွတ်ဘဲ နဖူးကိုရိုက်မိ ကာ သူလည်း ပုံပျက်နဲ့ပန်းပျက်နောက်ကို လိုက်သွားပါတယ်။

"မင်း ... မင်း ... ငါ့လူတွေကို ..."

လက်ညှိုးကြီးထိုးပြီး ဒေါသကြီးထွက်ပြနေတဲ့ သတ္တုကြောင့် ကိုလှစိန်က ...

"သူငယ်ချင်း ငါ ဘာမှမလုပ်ဘူးလေ"

"မခေါ်နဲ့၊ လုံးလုံးမခေါ်နဲ့"

စိတ်ဆိုးမာန်ဆိုးနဲ့ သတ္တုက အော်ပြီး ...

"နင် တက်ခဲ့စမ်း မေရီ၊ ဒီကုလားအုပ်ကြပ်တိုက်ထားတဲ့ ဒီ ကောင်ကို နင် ဘာကြည့်ကြိုက်တာလဲ"

"လည်စီ"

မေရီ့အပြောကြောင့် ကိုလှစိန် သူ့လည်စိကိုစမ်းကြည့်တာ



www.burmeseclassic.com

www.burmeseclassic.com



စပ်ဖြိုးဖြိုး။

"ယောက်ျားမှန်ရင် လည်စိကြီးရမယ်ဆိုလို့ ..."

"အေး ကြီးစေရမယ်၊ နင့်ကို ဒီနေ့ကစပြီး အပြင်မထွက်စေရ ဘူး။ နင့်ကို ကထိန်ပွဲပြီးရင် တင်မောင်မောင်တင် ...၊ သောက်ကောင် နှာမည်ကလဲ ရှည်လိုက်တာ၊ ဒီကောင်နဲ့ပေးစားမယ်၊ လာ လိုက်ခဲ့"

"ခဏလေး ကိုကို"

"အေး..."

သတ္တု က ယောင်ပြီး ခေါင်းညိတ်မိပြီးမှ ...

"အခုချက်ချင်း လာခဲ့"

မေရီက ဟန်းနီးမွန်းအပန်းဖြေထွက်တဲ့စတိုင်နဲ့ ကိုလှစိန်ကို ဖလိုင်းကစ် လုပ်ပြပါတယ်။ ကိုလှစိန်ကလည်း ထို့အတူ ...

"နင်တို့နော် ... ဟင်း ဟင်း"

သတ္တု တပည့်ကျော်ကြီးတွေက ရေထဲက ကုန်းတက်လာကြ သည်။

✿✿✿✿✿✿✿✿✿✿





"ဒါ သွေးရိုးသားရိုးမဟုတ်ဘူး ကိုလှစိန်"

"ဘာဖြစ်လို့လဲ စာရေးဆရာ"

ကိုမိုးက ဝါးတွေနဲ့ ဘုံခုနစ်ဆင့်ကို အရုပ်ချိုးနေပါပြီ၊ အခုတော့ တစ်ဆင့်တောင်မပြီးသေး။

"ကျွန်တော့်မိန်းမနဲ့ကျွန်တော် ညက အိပ်ရာထဲမှာ ..."

"ပြောလှူ ..."

"ဆုံးအောင်နားထောင်ပါဦးဗျ၊ ကြိတ်ပြီး စကားများကြတယ်၊ မေနိုင် အစက အဲဒီလိုမဟုတ်ပါဘူး"

"ဟုတ်လား"

"အဲဒီကိစ္စတွေ ရေဘင် သိတယ်၊ ဘာလုပ်ရမလဲ၊ ဘာလုပ်ရမလဲ ရေဘင် တွေးပြီ"



www.burmeseclassic.com

www.burmeseclassic.com



ပညာရှိသုထဘီ ရှောင် က စတိုင်ကျကျ ခါးတောင်းကျိုက်ရင်း ဝါးတွေကိုနှုခနေရာမှ ပြောသည်။

"ကျုပ်တို့မှာ အတွင်းရန်သူတွေရှိနေပြီ"

"ဘယ်သူတွေလဲ"

"ထွန့်ထွန့်လှိုင်နဲ့ အုန်းမောင်"

"ဟေ ..."

ကိုမိုးကြီး လုပ်လက်စကို ခဏရပ်ပြီး နားထောင်ပါတယ်။

"ကျုပ်လွှတ်ထားတဲ့ ဂျိုးသားတွေအရ ..."

"ဆတ်သားတွေပြောစမ်းပါ ရှောင် ရာ"

"ထားပါတော့ဗျာ၊ ထွန့်ထွန့်လှိုင်နဲ့အုန်းမောင်က သတ္တု လွှတ်ထားတဲ့ အတွင်းသူလျှို၊ ဒါပေမယ့် မေရီရဲ့ချာတိတ်တွေက ကျွန်တော့်ကို လာပြောတယ်၊ မေရီကို အိမ်ထဲကအိမ်ပြင် ပေးမထွက်တော့ဘူးတဲ့ဗျ"

"ဟာဗျာ ..."

ကိုလှစိန်အသံကြီး ညောင်နာနာနဲ့ထွက်လာပါသည်။ ထိုင်လိုက်ထ,လိုက်နဲ့ ဂနာမငြိမ်ဖြစ်နေတဲ့ပုံကြောင့် ကိုကိုက ...

"ဘာဖြစ်နေတာလဲ၊ မျက်စိကို နောက်နေတာပဲ"

"လွမ်းနေတာလေဗျာ"

ကိုလှစိန် စကားကြောင့် ရှောင် က ...

"ခင်ဗျားလွမ်းတာ ငှက်ကြီးဝန်ပို ကင်ဆာဖြစ်နေတဲ့ပုံစံပဲ၊ ငြိမ်





ငြိမ်ထိုင်နေပါဗျာ"

ကိုလှစိန် ပြန်ထိုင်နေရပါသည်။ ရှောင် က ကိုကိုကြီးကို ကြည့်ကာ ...

"ဒီပွဲက ထရိုဂျင်စစ်ပွဲလို ဗျူဟာခင်းရမယ် စာရေးဆရာ"

"ဘာတွေစစ်ပွဲဖြစ်နေလို့လဲ"

"လာ ဘကြီး"

ဘကြီးကို ရှောင် က မတ်တတ်ရပ်ပြီး ကြိုဆိုကာ နေရာပေးသည်။ ဘကြီးက ထိုင်ရင်း ...

"ငါလဲ ညနေ ရွာပြန်မလို့ မင်းတို့ကို လာနှုတ်ဆက်တာ"

"ဟ ... မြန်လှချည်လား ဘကြီးရာ၊ ကထိန်ပွဲပြီးမှ ပြန်ပါလား"

ဘကြီး ရေနွေးကြမ်းငုံ့သောက်ရင်း ...

"မဖြစ်ဘူးကွ၊ မင်းအဘွား မယ်လှ တစ်ယောက်တည်း စိတ်မချဘူး၊ ငါမရှိတုန်း ကိုရီးယားကားတွေကြည့်ပြီး မော်ဒယ်လ်ရှိုးလျှောက်နေမှ ထိန်းရခက်နေဦးမယ်"

"အင်းပေါ့လေ၊ ဘခုခေတ် အဘိုးကြီးတွေက ခပ်ကဲကဲ ဆိုတော့ ..."

"ခွေးမသား ရှောင် ..."

ဘကြီး ဆဲတော့ အားလုံး ရယ်ကြမိသည်။ ဘကြီးက ...

"နေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သွားမလို့လဲ ဘကြီးရဲ့”

ရောင့်စကားကြောင့် ဘကြီးက တုတ်ကောက်နဲ့ ရောင့်ခေါင်းကို ရိုက်သည်။

“ခုနပြောတဲ့စကားလေး ဆက်ကြပါဦး”

ရေဘင် က ကိုလှစိန်ရဲ့ပြဿနာကို ချတော့မပြောဘူး။ ပါးစပ်နဲ့ပြောပြပါတယ်။

“အဲဒါပဲ ဘကြီး၊ ကျွန်တော်တို့ ဘာဆုပ်လုပ်ရမလဲ”

ဘကြီးက ပြုံးသည်။

“ကဲ ဝမ်းသာတော့”

“ဘာဖြစ်လို့လဲ ဘကြီး

“ခုနက နောက်ဖေးမှာ မေခိုင် ချော်လဲတာ ခေါင်းပေါက်သွားတယ်၊ တံတောင်ဆစ်လဲစုတ်သွားတယ်”

“ဗျာ ... ဟာ ဘကြီးဟာ ကျွန်တော့်မိန်းမချော်လဲတာ ကျွန်တော်က ဝမ်းသာရမလား။ မဖြစ်ဘူး ပြန်မှဖြစ်မယ်”

“နေပါဦးဟ၊ ငါ့စကားဆုံးအောင်နားထောင်ဦး”

“အေးလေဗျာ၊ ဘကြီးစကားလဲ ဆုံးအောင်နားထောင်ဦး”

“အဲဒါ အကွက်ပဲ”

ဘကြီးစကားကြောင့် ကိုမိုးက လှမ်းပြောသည်။

“ဘာဆိုင်လို့လဲ ဘကြီးရ”





ဘကြီးက ခေါင်းတညိတ်ညိတ်နဲ့ရယ်သည်။

“မင်းတို့ပြဿနာတွေ ရောင့်ဆီက ငါ ကြားပြီးလို့ တမင် မင်းကို့ဆီ လာတာ၊ မင်းတို့ကိစ္စကို အချောင့်ထုတ်တာ ထွင့်ထွင့်လှိုင်နဲ့ အုန်းမောင် နော်”

“ဟုတ်ကဲ့ ဘကြီး”

“ဒီလိုလုပ် ...”

ဘကြီးက အစီအစဉ်တွေခွဲပြပါတယ်။ ဘကြီးဗျူဟာက အကွက်စေ့လောက်ပါသည်။ ကျွန်တော်ကတော့ ...

“ဟာ ဘကြီးရ ကျွန်တော်နဲ့မေခိုင်က ...’

“ခဏလေးပဲ ငါ့တူရာ”

ကိုလှစိန်ကလည်း မျက်နှာငယ်လေးနဲ့ ...

“ကျုပ်ကိစ္စအတွက် ဒီလောက်တော့ ကူညီဗျာ၊ ဟုတ်လား”

“ရေဘင် ... မင်းက ဟိုဘက်ခြမ်းကို အပီလုပ်”

“စိတ်ချ၊ သွပ်ပုံးလေးအဖွဲ့က ကျွန်တော့်လူတွေချည်းပဲ”

“ကဲ ငါ့တူ မင်း အရင်ပြန်”

ကျွန်တော် ကိုလှစိန်အတွက် ရင်ကော့လို့ အိမ်ပြန်လာခဲ့ရပါသည်။

✿✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား ကိုကိုရဲ့၊ မေခိုင်မှ ရန်မဖြစ်ဖူးတာ"

မေခိုင် က ခုန ခလုတ်တိုက်ထားလို့ မခြောက်သေးတဲ့သွေးစေ့ကို အသာစမ်းရင်းပြောသည်။

"အရက်ပြန်ပုလင်း သေချာထောင်ထားနော်၊ အဲဒါမှ အနာက လောလောလတ်လတ်လို့ထင်ရမှာ"

မေခိုင် က ကြိတ်ရယ်သည်။

"ကဲ စ,တော့လေ ငါ့မိန်းမကလဲ ..."

"ဟီး ဟီး"

မေခိုင် က ရန်ဖြစ်ဟန်ဆောင်ခိုင်းကာမှ ရယ်နေတာကြောင့် ကိုကို စိတ်အတော်ညစ်သွားပါတယ်။

"မလုပ်တတ်ဘူး ကိုကို"





"ဟာ မိန်းမကလဲကွာ၊ မုန်သွင်း"

"သွင်းတတ်ဘူး"

"ဟိုတစ်ခါ ကိုကို သွင်းပေးတယ်လေ"

"ဟိုကိုနော် ..."

"ဟာ... မိန်းမကို စာအုပ်ထဲကအမူအရာကို သွင်းပြတာလေ"

မေခိုင် က မျက်စောင်းထိုးရင်း မျက်လုံး ခဏမှိတ်လိုက်ပါသည်။ ပြီးတော့ ထဘီကို တိုတိုဝတ်လိုက်သည်။ ပြီးတော့ အသံကို ကီးမြှင့်ရင်း ...

"အွန်မက မိန်းမလေ၊ ရှင်က အလုပ်မလုပ်ဘဲ လမ်းသလားနေတာင် ရှင့်ကိုယ့်ရှင် ..."

အရေးထဲ မေခိုင် က နာမည်မေ့နေတာကြောင့် ခပ်တိုးတိုး ထောက်ပေးရသည်။

"ကုဋေရှစ်ဆယ်"

မေခိုင်က နားစွန်နားဖျား ကြားကာ ...

"ကုဋေခြောက်ကျပ်သူဌေးသားများမှတ်နေလို့လား"

"မင်းပါးစပ် ပိတ်ထားစမ်း၊ ငါတယ် လုပ်လိုက်ရ ..."

ဘေးအိမ်ကလူတွေ အံ့သြသွားပါသည်။ ရေဘင် ကလည်း အိမ် DJညိုကြီးကို သူ့မိန်းမကတစ်ဆင့် ကိုကိုကြီးတို့ဘေး မလှအိမ်ကို အကြွေးကောက်ခိုင်းထားတဲ့အချိန် ကံကောင်းချင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဝ်ရမှ အကြီးဆုံး မြတ်မြတ်ဆွေကလည်း ရောက်တဲ့အချိန် ကွ

"ဒီလင်မယားတွေ တစ်ခါမှ ရန်မဖြစ်ဖူးပါဘူး"

ညိုကြီးစကားကြောင့် မြတ်မြတ်ဆွေကလည်း ...

"ဒီလောက်အေးတဲ့လင်မယား ဘာဖြစ်ကြပါလိမ့် ဟော

အသံ ..."

သူတို့ နားစွင့်နေကြပါသည်။

"ဘာအကျိုးမှမပြုဘဲ ကိုယ့်တူအိမ်ပေါ်တက်ပြီး ထမင်းစား

တော့ ရှာထဲ ပြဿနာလိုက်ရှာတဲ့ ရှင့်ဘကြီးကိုလဲ ကျွန်မ မသ

တော့ဘူး"

"မင်း ဘာပြောတယ်ကွ၊ ငါ့ဘကြီးက ငါ ဒီဘဝရောက်အော

ကျောင်းထားပေးထားတာကွ"

"ရှင့်ကို ကျောင်းပဲထားပေးပေး၊ ထောင်ထဲပဲထားပေးပေး

ဘကြီးကို ဒီမှာမထားနိုင်ဘူး"

"မင်း မိုက်ရိုင်းလှချည်လား"

"မိုက်ရိုင်းတော့ ဘာဖြစ်လဲ"

"မိုင်းနာမ ..."

ကိုကိုက ရယ်ရင်း လက်ထဲက ရေတ်ကျည်ပွေ့နဲ့ နံရံကို အ

ကုန်ပေါက်လိုက်သည်။ မေခိုင် က မရယ်မိအောင်ထိန်းရင်း အော

တော့သည်။





"အား သေပါပြီ၊ ရှင် ... ရှင် ..."

ခုန်ဒိုင်းဝုန်းဒိုင်းအသံတွေကြားရပြီး မေခိုင်ရဲ့အသံပြကြီးနဲ့ အော်

အသံကို ကြားရပါသည်။ မေခိုင် က နဂိုပြောထားတဲ့အတိုင်း

ကြီးနဲ့အော်ပါတော့သည်။

"တော်ပြီ ရှင်နဲ့ မပေါင်းနိုင်ဘူး၊ ကျွန်မ သတင်းကြားတဲ့အတိုင်း

ဟာမကို ပေါင်းချင်လို့ ကျွန်မကိုရိုက်တာမဟုတ်လား"

"မင်း ထင်ချင်သလိုထင်ကွာ"

"ကွာမယ်၊ အခုကိုကွာ ..."

"အေး ...၊ မင်းကို ငါ မနှင်ဘဲ မင်းသဘောနဲ့မင်း ဆင်းသွားတာ

ပြီးတော့မှ အိမ်ပေါ်တက်မလာနဲ့"

"ဒီမှာကိုကိုကြီး ...၊ မေခိုင်တို့က ပြတ်ပြီဆိုရင် အီးတောင်

စ်တုံးပဲပါတယ်၊ ရှင် ကျွန်မပို့လိုက်တဲ့ ကွာရှင်းစာချုပ်မှာ လက်

တ်ထိုးဖို့ပြင်ထား"

အသံတွေရဲ့ပီပြင်မှုကြောင့် မညိုကြီး မျက်လုံးပြူးရပါသည်။

"ဟဲ့ တားကြပါဦး၊ သွား ကိုလှစိန်ကိုသွားခေါ်၊ ကိုလှစိန် ပြော

င် ရလောက်တယ်"

မြတ်မြတ်ဆွေကလည်း ဒီသတင်းကို ဖောင်ပိတ်အမီ အရင်

ဦးဆုံးဖြန့်ဖို့အတွက် လစ်ဖို့ကြံစည်နေပါသည်။

"ဟော ..., ကိုလှစိန်တို့အုပ်စု ရောက်လာပြီ၊ ကိုကိုကြီး ဘကြီး



www.burmeseclassic.com

www.burmeseclassic.com



ပါ ပါလာသလား"

မြတ်မြတ်ဆွေ သွားခါနီးမှ နောက်ဆုံးပိတ်သတင်းလေး ကြား ချင်နေတာနဲ့ ခဏစောင့်နေလိုက်ပါတယ်။

အိမ်ပေါ် ကနေ ပထမဦးဆုံးဆင်းလာသူက အဝတ်အိတ်ကိုကိုင် ပြီး အကျီလက်မောင်းတစ်ဖက် စုတ်ပြဲနေတဲ့ မေခိုင်။ ဆံပင်က ဖိုးရိုး ဖားယား၊ ခေါင်းမှာလည်း ဒဏ်ရာ၊ တံတောင်ဆစ်မှာလည်း ဒဏ်ရာ နဲ့၊ ကိုလှစိန်တို့အုပ်စုနဲ့ ခြံထိပ်မှာဆုံတော့ ...

"ဘာတွေဖြစ်ကြတာလဲ မေခိုင်ရယ်"

မေခိုင် က ကိုလှစိန်ကိုမြင်တော့ ဒေါသပိုဖြစ်သွားပုံနဲ့ ...

"ရှင်တို့လဲ အလိုတူအလိုပါ"

"ဟဲ့ ငါတို့က ဘယ်ကပါလာရတာလဲ"

"ကျွန်မ မသိဘူးလို့ထင်နေလို့လား ကိုလှစိန်၊ ရှင်တို့အချင်းချင်း ပြောနေကြတာ ကျွန်မ အကုန်ကြားပြီးသား၊ ရှင် ကျွန်မယောကျ်ား နောက်မီးလင်းတဲ့ကိစ္စ ရှင်တို့အုပ်စု မြှောက်ပေးတာအကုန်သိတယ်"

မေခိုင့်စကားကြောင့် မြတ်မြတ်ဆွေက မညိုကို ...

"ဒါကြောင့်မို့ မေခိုင် ပေါက်ကွဲတာကိုး၊ အေးလေ ... ကိုလှစိန် ကလဲ လူကြီးဖြစ်ပြီး ..."

"သမီးရယ် စိတ်လျှော့လိုက်ပါကွာ"

"ရှင်ကြီးလဲ ကျွန်မကို ဆုံးမစရာမလိုဘူး၊ လူများအိမ်မှာ သထာ





းမသိ၊ အလိုက်ကမ်းဆိုးမသိ စားချင်တိုင်းစား၊ လွှလိုမသိတဲ့ အဘိုးကြီး ...'

"နင် ... နင်နော် ..."

အဘိုးကြီးကို ထိန်းရ ဆွဲရပါသေးသည်။ ကိုကိုက အိမ်ပေါက်ဝ နေ ပုဆိုးတိုတိုနဲ့ ...

"ကျက်သရေမရှိတဲ့ ဒီမိန်းမကို လွှတ်ပေးလိုက်စမ်းပါဗျာ၊ ရွံလွန်း ဘူး"

မေခိုင်က တောက်ခေါက်ပြီး အထုပ်ဆွဲထွက်သွားတော့ မညို ...

"ဟဲ့ မြတ်မြတ်ဆွေ မေခိုင် ကို လိုက်ဆွဲပါဦးတဲ့"

"သြော်... ဟုတ်သားပဲ"

မညိုနဲ့ မြတ်မြတ်ဆွေ မေခိုင်နောက်လိုက်ပြီး အတင်းချော့မော့ ပါတယ်။

"ဒီလို လူမှုရေးဖောက်ပြန်မှုကို မေခိုင် အရွံဆုံးပဲ"

"သေချာလို့လား မေခိုင်ရယ်"

"အေးလေ၊ စုံစမ်းကြည့်ပါဦးဟယ်"

မညိုနဲ့ မြတ်မြတ်ဆွေတို့ရဲ့ စကားကြောင့် မေခိုင်က မျက်လုံးထဲ ကို ပရုတ်စီသုတ်ထားတဲ့အရှိန်နဲ့ မျက်ရည်က ဝေါခနဲ ...

"သိပ်သေချာတာပေါ့၊ သူကိုယ်တိုင်ဝန်ခံထားတာ"



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်တွေသုတ်နေစဉ်မှာ ထွဋ်ထွဋ်လှိုင်နဲ့တိုးပါတော့တ

"ဟယ် အနိုင် ဘာဖြစ်လာလို့လဲ"

မြတ်မြတ်ဆွေ က သတင်းဟုး သတင်းဦး ပြောချင်လွန်း လူရှာနေတာနဲ့ ကွက်တိ။ မြတ်မြတ်ဆွေက ပြောပြလိုက်၊ မေ ထွ ငိုလိုက်နဲ့ အဖြစ်အပျက်တွေဆုံးတော့ ထွဋ်ထွဋ်က ထဘီ မ,ကာ ...

"ယောကျ်ားတွေများ ဖောက်ပြန်တတ်လိုက်ကြတာ ဖောက်ပြန်ဖို့ လူမရှိရင် ဘဲဥ,ကြက်ဥ ဖောက်ပြီး ရောင်းစားမယ့် တွေ၊ အနိုင် ဝမ်းမနည်းနဲ့ အလှိုင်ရှိတယ်၊ အခု ဘာလုပ်မယ်စဉ်း လဲ၊ ဒဏ်ရာတွေကလဲဟယ် ..."

ထွဋ်ထွဋ်လှိုင်က ဒဏ်ရာတွေကို မသက်မသာကြည့် မေခိုင် က နှုတ်ခမ်းစေ့ရင်း ငိုပါတော့သည်။

"မေခိုင် အမေ့ဆီ မပြန်ချင်သေးဘူး၊ မေခိုင် ဒီရပ်ကွက်မှာ မနေချင်ဘူး"

"ဘယ်ထွက်သွားမလို့လဲ မေခိုင်ရယ်"

မေခိုင်က ဆုံးဖြတ်ချက်ချလိုက်ပုံနဲ့ ...

"မေခိုင်နဲ့သိတဲ့ ဟိုဘက်ရပ်ကွက် လက်ဖက်ရည်ဆိုင် ကောင်မလေးအိမ်မှာ သွားနေချင်တယ်၊ သူ့အိမ်မှာ သူ့အစ်ကို သူနဲ့ နှစ်ယောက်တည်းနေတာတဲ့"





"ဘယ်ဆိုင်လဲ"

"ရွှေလက်ရာ"

ထွဋ်ထွဋ်လှိုင် စဉ်းစားမိပါသည်။ သတ္တု ဆိုတာ သူ့လူ၊ မေခိုင့် အဲဒီအိမ်မှာထားပြီး သူ့ယောကျ်ားမကောင်းကြောင်း၊ ကိုလှစိန် ကောင်းကြောင်း မေခိုင်က သွေးပူပူနဲ့ပြောမှာပဲ၊ အဲဒီလိုဆိုရင် ဟို ကောင်မလေး ကိုလှစိန် ကို စိတ်နာနိုင်သည်။

"ညီမလေး ဘာမှမပူနဲ့၊ သူ့အစ်ကို သတ္တုနဲ့ အလှိုင်နဲ့က လုပ်ငန်းတူ အကျိုးတူတွေ"

ထွဋ်ထွဋ်လှိုင် စိတ်ထဲမှာ တွေ့ကြသေးတာပေါ့ လှစိန်ရာလို့ ကြုံးဝါးနေခဲ့ပါသည်။

☆☆☆☆☆☆☆☆☆☆



www.burmeseclassic.com

www.burmeseclassic.com



"နိုင် မျက်စိမှိတ်ပြလို့သာ ငါက ခေါင်းညိတ်လိုက်ရတာ
လုစိန် သူငယ်ချင်း၊ စာရေးဆရာရဲ့ မိန်းမ မဟုတ်လား၊ ခေါင်းမှာ
ဒဏ်ရာတွေနဲ့"

သတ္တာ့ အပါအဝင် သူ့တပည့်တွေက ထွင့်ထွင့်လိုင်ရဲ့စကား
နားစွင့်မိသည်။

"သတ္တာ ..."

"ပြော အလိုင်"

"နိုင် အလိုင် အခါပေးရင် ဘယ်နှစ်ခါများ မအောင်မြင်တာရှိလဲ"

အလိုင် က သတ္တာ ရဲ့စီးပွားရေးအကြံပေးအရာရှိ။ အခုလည်း
မေရီနဲ့လုစိန် မကွဲကွဲအောင် ဇာတ်ပြဟာချမှတ်အခါပေးသူ။





"အောင်မြင်ရင် ပြီးတာပဲဟာ၊ ငါလဲ အခုဖြစ်တဲ့ကိစ္စတွေ ရှင်းရှင်းလင်းလင်းသိအောင် ပြောပြပါဦးဟ"

သတ္တာ ဘာမှမသိ။ ရုပ်ပျက်ဆင်းပျက်ငိုကြီးချက်မနဲ့ခေါ်လာတဲ့ မေခိုင်ကို အလိုင်က ခေါ်လာပြီး သူ နှင့်အိမ်မှာနေလိမ့်မယ်၊ စောင့်ရှောက်ထား ပြောသွားတာတစ်ခုပဲရှိသည်။ ညီမလေးက မေခိုင်နဲ့သိကြသည်မို့ မေခိုင်ကို နှစ်သိမ့်ပြီး ဆေးလိမ်းပတ်တီးစည်းပေးရန် သူမအခန်းကို ခေါ်သွားပါသည်။

"မေခိုင်နဲ့ သူ့ယောကျ်ား ကွာရှင်းလောက်တဲ့အထိ ပြဿနာဖြစ်ကြတယ်၊ အခုဆို သူတို့ဘကြီးလဲ သူ့ကြောင့်ဆိုပြီး ရွာပြန်သွားပြီ သတ္တာ"

အလိုင် က ကြားသမျှ သိသမျှ ဖြစ်ပျက်ခဲ့သမျှတွေကို ပြောပြတော့ သတ္တာ က အဓိပ္ပာယ်သိပ်မပေါက်သေး။

"ဟုတ်ပါပြီ၊ အဲဒါ ငါတို့နဲ့ ဘာဆိုင်လို့လဲ"

အလိုင်က ကန့်ကလျနဲ့ မျက်စောင်းထိုးကာ သတ္တာပေါင်ကို ရိုက်ရင်း ...

"နိုင် သိပ်တုံးတာပဲ သတ္တာရယ်၊ အခုအချိန်မှာ မေခိုင်က သူ့ယောကျ်ားရော လုစိန်ရောပါ သိပ်စိတ်နာနေတာ၊ နှင့်ညီမနဲ့ သူတော်ကောင်းကြီးလုစိန်အကြောင်းကို နင်ပြောတာထက် မေခိုင်သာပြောလိုက်ရင် ..."



www.burmeseclassic.com

www.burmeseclassic.com



သတ္တု၊ တဖြည်းဖြည်းပြုံးလာပါသည်။ နောက်မှ ဝမ်းသားအား နဲ့ ...

"ဟာ... ကောင်းလိုက်တဲ့အကြံ၊ ငှက်ကမပစ်ရဘဲ သူ့အလိုလို အောက်ကိုပြုတ်ကျလာတာကွ၊ အလှိုင် ... အလှိုင် ... ကောင်းလိုက် တဲ့ဦးနှောက်၊ တန်ဖိုးဖြတ်လို့မရတဲ့ဦးနှောက်၊ သတ္တုရဲ့ ချစ်စရာ ဦးနှောက်လေး ..."

သတ္တု စကားကြောင့် အလှိုင် ကနွဲ့ကလျနဲ့ ...

"သူနော် နောက်မှ အလှိုင့် ကို ပစ်မသွားရဘူး။ အလှိုင့်ဘဝမှာ သတ္တု ကလွဲပြီး အားကိုးစရာရှိတာမဟုတ်ဘူး"

"စိတ်ချပါ အလှိုင်လေးရယ်၊ ဒီကုလားအုပ်သရဲရုပ်နဲ့ကောင်နဲ့ ငါ့ညီမ လွဲရင်ပြီးရော"

"အစ်ကိုကြီးညီမလေးရော"

"မင်းကတော့ ငါ့ညီမ မရရင်တောင် အလှိုင်နဲ့တော့ သေချာ ပေါက် ရရမှာပေါ့ကွာ"

သတ္တု၊ စကားကြောင့် တင်မောင်မောင်တင် မျက်နှာကြီး ရှုံ့မဲ့ သွားရပါတယ်။ အလှိုင်က မခို့တရို့အပြုံးလေးနဲ့ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ...

"တို့ ရင်တွေပန်းတွေတုန်လိုက်တာ သူရယ်၊ တို့က သဘော ထားကြီးတယ်နော်၊ ဘယ်သူလာလာ ..."





အလှိုင့်ပုံစံကြောင့် ပုံပျက်နဲ့ပန်းပျက်က ရယ်သည်။

"မင်းတို့ သတိဝီရိယနဲ့နေ အလှိုင်"

"ရှန် ..."

"အုန်းမောင်ကို ကမ်းစရာရှိတာ ကမ်းလိုက်နော်၊ မနှမြောနဲ့"

"စိတ်ချပါ သတ္တုရဲ့၊ အဲဒီအပိုင်းအတွက်စိတ်ချ။ ဒါနဲ့ ကောင်မ လေးရဲ့အခြေအနေကရော ..."

သတ္တုက စဉ်းစားဟန်နဲ့ ...

"ငါ့ညီမပုံစံက တစ်မျိုးပဲ"

"ဘာဖြစ်လို့လဲ၊ ငိုကြီးချက်မနဲ့ သေကြောင်းကြံမယ် ပြောလို့ လား"

တင်မောင်မောင်တင့်အမေးကြောင့် သတ္တု က ဒီကောင့်ခေါင်း ကို တစ်ချက်ခေါက်လိုက်ရင်း ...

"မင်းအမေကြီးတော် သေကြောင်းကြံရမှာလား။ ငါ စကားပြော ရင် အလှိုင်ကလွဲရင် ဘယ်သူမှ ဖြတ်မပြောနဲ့"

အလှိုင် က သတ္တု အရေးပေးတော့ ကျေနပ်နေပါသည်။

"အစားအသောက်လဲမပျက်ဘူး၊ ဗီဒီယိုခွေကြည့်တောင် မပျက် ဘူး။ အခန်းအောင်းပြီး အိပ်လိုက် စားလိုက်နဲ့ ဝ,တောင်ဝ,လာသလို ပဲ"

"ဗုဒ္ဓေါ"



www.burmeseclassic.com

www.burmeseclassic.com



တင်ခောင်ခောင်တင် မျက်လုံးပြူးရပါသည်။

"ကြည့်လဲလုပ်ဦးနော်၊ ရိုးရိုးဝ,တာမှ ဟုတ်ရဲ့လားဗျ"

"ဟုတ်ပါတယ်ကွာ"

"တော်သေးတာပေါ့ဗျာ"

အလှိုင် က တွေးတွေးဆဆနဲ့ ...

"သတိ ဆိုတာတော့ အမြဲရှိမှကောင်းမယ်နော်၊ တော်[illegible] ကိုယ့်ကို အချိုသတ်သလို ဖြစ်နေဦးမယ်"

"စိတ်ချပါ အလှိုင်ရယ်"

✿✿✿✿✿✿✿✿✿✿✿





"ဒါဒါပဲပေါ့"

မေရီ က မေခိုင့်ခေါင်းကို ပတ်တီးစည်းနေရာမှ ဟက်ဟက်ပက်[illegible]ရယ်တော့ မေခိုင် စိုးရိမ်သွားကာ ...

"တိုးတိုးလုပ်ပါဟဲ့"

မေရီ လျှာလေးထုတ်ကာ ဇက်ကလေးပုရင်း သတိနဲ့ပြန်ထိန်း[illegible]ရပါတယ်။

"ဆရာတို့ကတော့ စာရေးဆရာလို့မပြောရဘူး၊ ဉာဏ်ချည်းပဲ"

"ဟဲ့ အဲဒါ ကိုကို့စိတ်ကူးမဟုတ်ဘူး၊ ဘကြီးစိတ်ကူး"

"ဆရာ့ဘကြီး ဆိုတာလား ..."

"အေးဟဲ့၊ နင်နဲ့တောင် မတွေ့လိုက်ရဘူးနော်"

မေရီ က ခေါင်းညိတ်ပြီး ...

"ဆက်သွယ်ဖို့ကိစ္စကရော ..."



www.burmeseclassic.com

www.burmeseclassic.com



မေခိုင် က မျက်ခုံးရှုံ့ရင်း ...

"ကိုကိုပြောတာတော့ နှင့်လူရှိတယ်ဆို၊ ရှောင်ရဲ့တပည့်ပဲ ဟာ ..."

မေရီ စဉ်းစားရင်း သတိရသွားပုံနဲ့ လက်ဖျောက်တစ်ချက်တီး ကာ ...

"ဪ .. သိပြီ၊ စိန်ဦး.. ဟုတ်တယ်၊ ရှောင်နဲ့ တော်တော်ခင် တယ်ပြောတယ်"

"ပြီးတော့ ဘုံကထိန်ကော်မတီအဖွဲ့ထဲက ကိုညီစိုး ဆိုတာ ရှိ တယ်ဆို၊ ကိုလှစိန်နဲ့ တော်တော်ခင်တာတဲ့"

"ကိုညီစိုးကို မေရီ သိတယ်"

မေခိုင့်ခေါင်းမှာ ပတ်တီးချည်နှောင်ပေးပြီး ဆေးပစ္စည်းတွေကို မေရီ သိမ်းနေစဉ် မေခိုင် က မေးသည်။

"ဒါနဲ့ အဲဒီကျွဲရုပ်က တော်တော်ကြီးလား"

"ကြီးတာပေါ့ မမေခိုင်ရယ်၊ လူနှစ်ဖက်စာလောက်ကိုကြီးတာ"

"ပြီးပြီလား"

မေရီ က စဉ်းစားရင်း ...

"နှစ်ရက်၊ သုံးရက်ဆို ပြီးပြီ တဲ့"

မေခိုင် က ပိုင်ပိုင်နိုင်နိုင်ပြုံးသည်။

"အဲဒါပြီးရင် ဒီအရုပ်ကြီးကို ဘယ်မှာထားမှာလဲ"





"အခုလက်ရှိကတော့ စံပြထဲက လက်သမားဆရာအိမ်မှာထား တယ်၊ ရက်နီးပြီဆိုမှ ကားနဲ့တင်ပြီး အိမ်ရှေ့မှာ ကားပေါ်တင်ထားမယ် လို့ ကိုကို ပြောသံကိုတော့ ကြားမိတယ်၊ ဘာဖြစ်လို့လဲ မမေခိုင်"

"ပြီးရင် ညီမ သိရပါလိမ့်မယ်၊ စောသေးတယ်"

သူတို့ဆွေးနွေးနေကြတုန်း တံခါးခေါက်သံကြားရပြီး ...

"ညီမလေး မေရီ တံခါးဖွင့်ပါဦး"

"ဟော ... ကိုကို့အသံကြားတယ်၊ မမ အမူအရာ ..."

မေရီ တံခါးဂျက်ဖွင့်ခါနီး မေခိုင်ကိုကြည့်လိုက်တော့ မေခိုင် က ကျုံ့ကျုံ့လေးထိုင်ပြီး လက်ကိုင်ပဝါနဲ့ မျက်ရည်သုတ်နေဟန်လုပ်ပါ တယ်။ မေရီက စိတ်ချပြီဆိုမှ တံခါးဖွင့်ပေးသည်။

"ဘာလဲ ကိုကို"

သဏ္ဍာန် က အခန်းထဲက ခုတင်ပေါ်မှာ ငိုရှိုက်နေဟန်ရှိတဲ့ မေခိုင် ကို ကြည့်ကာ ဝမ်းနည်းဟန်နဲ့ ...

"မမေခိုင်ကို စိုးရိမ်လို့ လာကြည့်တာဟ၊ အားမငယ်နဲ့လို့ နှင်လဲ ခိုင်းအားပေးလိုက်ဦး၊ လိုတာရှိရင်ပြောနော်၊ ဟဲ ဟဲ အားမနာနဲ့"

"ဟုတ်ကဲ့ ကိုကို"

မေရီ က မေခိုင့်အတွက် စိတ်မကောင်းပုံနဲ့ မေခိုင်ကိုကြည့်ကာ သက်ပြင်းချပါသည်။

"ဒီစာရေးဆရာကလဲကွာ ကိုယ့်မိန်းမ ဒီလောက်ချောချောလှလှ



www.burmeseclassic.com

www.burmeseclassic.com



လေးရှိတာတောင် ဖောက်ပြန်ရတယ်လို့။ အေးလေ ...၊ လှစိန် ဆိုတဲ့ ကောင်ကလဲ အကျင့်မှမကောင်းတာ၊ ဒီလူတွေ မြှောက်ပေးမှတော့ နဂို စိတ်မပါလဲ စိတ်က အလိုလိုညွတ်ပြီပေါ့"

"ဒီလူတွေနာမည် ထည့်မပြောစမ်းပါနဲ့ ကိုကို၊ နာမည်တောင် မကြားချင်ဘူး၊ ရွံလို့"

မေရီ့စကားကြောင့် မေခိုင် က ...

"ငါ့ဘဝမှာ ငါ့ယောကျ်ားရော၊ လှစိန် ဆိုတဲ့ကောင်ရဲ့ ရုပ်ရော နာမည်ရော မကြားပါရစေနဲ့လို့ ဆုတောင်းတယ် မေရီ၊ မေရီ ..."

"ရှင် မမ"

မေခိုင် က အဝေးကိုငေးကြည့်ရင်း အံကိုကြိတ်သည်။ နာကျင်ခြင်းတစ်ဖက်ကမ်းရောက်နေတဲ့လေသံက သဏ္ဍာ ကိုယ်တိုင်တောင် မေခိုင့်အပေါ် ကရုဏာသက်မိပါသည်။

"ကိုသဏ္ဍာနဲ့မေရီ မမနဲ့ သူ ကွာရှင်းတဲ့နေ့ကျရင် အသိသက်သေအဖြစ် လိုက်ခဲ့ပေးပါလို့ မမလေ အခုအချိန်မှာ ဘယ်သူ့ကို အားကိုးရမယ်မှန်းတောင် မသိနိုင်ပါဘူးကွယ်"

"သြော်... မမေခိုင်ရယ် ကျွန်တော်တို့ရှိပါတယ်ဗျာ"

မေရီ ကတော့ မရယ်မိအောင် နှုတ်ခမ်းကိုကိုက်ထားရပါသည်။

✿✿✿✿✿✿✿✿✿✿✿





"လွှမ်းလိုက်တာဗျာ"

ကိုကိုကြီးက ပြောလည်းပြော မိန်းမ မရှိပြီမို့ အခွင့်အရေးရကာ ဘယ်မှာထောင်ထားတဲ့ပုလင်းကို ဖွင့်သည်။ ရေဘင် က ...

"ခင်ဗျားလွမ်းတာလဲ တစ်မျိုးပဲနော်"

ငပစ် က သူ့ဆရာ ရေဘင်ကိုမှီပြီး ..

"စာရေးဆရာအလွမ်း ဘီအီးကမ်း

ပုဆိုးမနိုင် ဘီယာဆိုင်

အလွမ်းကိုယ်ကျိုး နည်းလှသည် တဲ့"

"ဘယ်သူရေးတာလဲ ဒီစာ ..."

ကိုလှစိန် က တစ်ကျိုက်မော့ပြီး မေးတော့ ငပစ် က ...

"တောင်တွင်းကြီးဆရာဖျော်"

"ဆရာဖျော် ဆိုတာ နာမည်ကြီးပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ပေစ် က ရယ်ရင်း ...

"အဲဒီ ဆရာဖျော် မဟုတ်ဘူး၊ တောင်တွင်းကြီးကလာပြီး
ဘီးအိုးစပ်တဲ့ ကိုဖျော်ကိုပြောတာ"

"ကောင်းကွာ"

ကိုမိုးကြီးက ငပစ် စကားကို သဘောကျစွာရယ်သည်။

ကိုလှစိန် က အသံနိမ့်ရင်း ...

"ညနေက မေခိုင်ရဲ့ရိုက်ချက်ကတော့ အကယ်ဒမီရှော့ပဲ"

ကိုလှစိန် စကားကြောင့် ကိုကိုကြီးက ...

"အဲဒါ အရေးမကြီးဘူး၊ ကျွန်တော့်ဂုဏ်ပုဒ်လဲ မြောင်းထဲရော
နေပြီဗျ"

"စာရေးဆရာရယ် ပွဲပြီးရင် အဖြေထွက်လာမှာပါ၊ အခု
အောင့်ထားလိုက်"

"အောင့်ရအောင် ကျုပ်က ဗိုက်နာနေတာမဟုတ်ဘူးဗျ
တော့ မိန်းမကိုလဲ အလွမ်းသား ..."

ကိုကိုကြီးစကားကြောင့် ကိုလှစိန် က ...

"ခင်ဗျားပြောတော့ မိန်းမ အိမ်မှာရှိတာ မလွှတ်လပ်ဘူးဆို
ရက်၊ သုံးရက်လောက် ယောက္ခမအိမ် ပို့ထားချင်တယ်ဆို"

ကိုကိုကြီးက မျက်နှာငယ်လေးနဲ့ ...

"ရှိနေချိန်ကတော့ နားငြီးတယ်ဗျ၊ မရှိတော့လဲ ကျုပ်တစ်ယော





ညည်းနေရတာ ဟာတာတာနဲ့ ..."

"အဲဒါပေါ့၊ မရှိမကောင်း , ရှိမကောင်း ဆိုတာ"

အားလုံး ဝိုင်းရယ်ကြတော့ ရဘောင် က ခြံဝကိုကြည့်ပြီး ...

"တိုးတိုးရယ်စမ်းပါ၊ ခြံထဲ ဟိုကောင် အတို့အထောင်အုန်းမောင်
လာပြီ၊ ခင်ဗျား အမှုအရာမပျက်စေနဲ့နော်"

"စိတ်ချ၊ ကိုကိုကြီးဗျ၊ မင်းသားဖြစ်မှာစိုးလို့ ဟောလီဝုဒ်တောင်
သွားဘူး"

အုန်းမောင် အိမ်ပေါ်တက်တက်ချင်း ကိုကိုကြီးက ရင်ဘတ်က
ကြယ်သီးကို ဖွင့်ပြီးသား ...။

"သောက်ကြဗျာ ...၊ ကျွန်တော့်ရဲ့ ချစ်စရာကောင်းသော လေဒီ
သစ်စက်စက်လေးအတွက် သောက်ကြ၊ ချော့ ... ကိုအုန်းကြောင်
ခင်ဗျာ"

"အုန်းမောင်ပါဗျ"

"ဆောရီး လောသွားလို့"

အုန်းမောင်က အမြည်းကိုကြည့်ကာ သွားရေကျနေပါသည်။

"အမြည်းတွေက ကောင်းလှချည်လားဟာ၊ သွားရေတောင်ကျ
တယ်"

"သွားရည်ကျတာ ဘယ်ပွဲလဲ၊ မန်ယူနဲ့ချဲလ်ဆီးလား"

ရဘောင့်စကားကြောင့် အုန်းမောင် စိတ်ညစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်းတို့ မူးနေပြီလား"

ရောဘင် က အုန်းမောင် အင်္ကျီစကို ကိုင်ပြီး ...

"ဘာ ငါ့သိက္ခာကို စော်ကားတာလား"

"သားက ဘာပြောလို့လဲ"

"အရက်သမား အရက်သောက်ပြီးမမူးလို့ ရေသောက်ပြီး မူး မှာလား"

"သား စကားမှားသွားလို့ပါ ကိုကိုရောဘင်ရယ်"

"အဲလိုပြော"

ရောဘင် က အင်္ကျီစကိုလွှတ်ပြီး ဆောင့်တွန်းလိုက်ပါသည်။ အချိန်မှာ အုန်းမောင် ဒီက ဘာပဲလုပ်လုပ် ပေကပ်နေရမှာပါ။ တစ် က သတင်း၊ တစ်ခုက အရက်နဲ့အမြည်း၊ ကိုကို က ရောဘင် ပြောပါသည်။

"ဟာ ကျုပ် မင်္ဂလာယူနေတဲ့အချိန်မှာ သွေးထွက်သံယို မမြင်ချင်ဘူးဗျာ"

"ဟာ ဆောရီး စာရေးဆရာ"

အုန်းမောင် က ဒီသတင်းကိုသိချင်တာကြောင့် အရက်ငှဲ့ရင်း

"ဘာသတင်းလဲဗျ"

ကိုကိုကြီးက ကိုလှစိန်ကို ပြောလိုက်လို့ မေးဆတ်ပြတော့ ကိုလှစိန်က ကိုကိုကြီးကို အားကျတဲ့ပုံစံနဲ့ ...





"ဒီလူ တကယ် ကံကောင်းတယ်ဗျာ၊ သူနဲ့ငြိနေတဲ့ကောင်မလေး မခိုင်ထက်တောင်ငယ်ဦးမယ်"

"ထပ်သရီး ...၊ အိမ်က ကျီးကန်းမီးလောင်ထားတဲ့ဟာမကြီးကို ညှို့မပြောစမ်းပါနဲ့ဗျာ"

"နာမည်က ဘယ်လိုခေါ်လဲ"

အုန်းမောင် က အစအဆုံး ပြည့်ပြည့်စုံစုံ သိချင်တာမို့ စပ်စုတော့ ကိုကြီး က ဘာဆက်ပြောရမှန်းမသိကာ နံရံကိုကြည့်မိတော့ တာတစ်ခုမှာ ရှာရှာပိုဗာ က ရက်ကပ်ကိုင်ပြီး ပြုံးစေ့စေ့။

"အဲ ... ပိုပိုဗာ ..."

"ဗျာ ... ပိုပိုဗာ... နာမည်ကြီးကလဲဗျာ အဓိပ္ပာယ်မရှိတာ"

အုန်းမောင် က ခေါင်းခါရင်းပြောတော့ ကိုမိုးကြီး က ...

"ဟ ... ခေတ်မီသူတွေက အဲဒီလို အဓိပ္ပာယ်မရှိတာ မှည့်တတ် ကြတယ်ဗျ၊ အဲဒီကောင်မလေးက မော်ဒယ်လ်ဂဲလ်လေးဆို"

"ဟာ သူက မော်ဒယ်လ်ဂဲလ်ထက် မြင့်တယ်၊ မော်ဒယ်လ် ကျောက်တုံးဗျ"

ကိုလှစိန် စကားကြောင့် အုန်းမောင် က နားမလည်ဟန်နဲ့ ...

"ဘာလဲဗျ မော်ဒယ်လ်ကျောက်တုံး ဆိုတာ ..."

ကိုကိုကြီး က ဒုန်းဝေးရန်ကောလို့ အထင်သေးဟန်ကြည့်ပြီး...

"၂၀၀၉ ခုနှစ်က စပြီး မော်ဒယ်လ်ဂဲလ်ဆိုတာ ခေတ်နောက်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ၊ အသစ်တီထွင်ထားတဲ့ ရင်ခုန်သံစည်းချက်တွေနဲ့ လှေ
လှမ်းပေါ်မှာ မော်ဒယ်လ်ကျောက်တုံးတွေ ကြည့်သူတွေရင်ထဲ
ကျောက်တုံးတွေ တဝုန်းဝုန်းပြိုကျသလို ဆွဲဆောင်မယ့် အိုင်ဒီ
အသစ်တွေနဲ့ မဝွမ်းစေဘဲ လန်းနေရမယ်"

"ဟာ … ကြည့်ဖူးချင်လိုက်တာဗျာ"

"ကြည့်စေရမယ်၊ ကဲ အိမ်ကဟာမကြီးကို နှင်ထုတ်နိုင်
အတွက်ရယ်၊ မကြာခင်ရောက်လာမယ့် ကျွန်တော့်ရဲ့ကျောက်
လေးအတွက်ရယ် ချီးယားစ် …"

ခွက်တွေမြှောက်လိုက်ကြသည်။ အုန်းမောင်အတွက် ဒီနေ့
ချက်ခုတ် သုံးချက်ပြတ်ပဲ။

✿✿✿✿✿✿✿✿✿✿





"ဦးကြွယ်နွှ ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

ဦးကြွယ်နွှအိမ်ရှေ့ကတော့ ကိုလှစိန် က သူ့ကိုခေါ်ရခြင်းအကြောင်း
ရင်းကိုမေးသည်။ ဦးကြွယ်နွှမိန်းမ ဒေါ်လေးစိန်ကြည် က ရေနွေးအိုးနဲ့
လက်ဖက်သုပ်ပန်းကန် ချပေးပြီး အိမ်ထဲ ပြန်ဝင်သွားသည်။

"ဟုတ်တယ် မောင်လှစိန်၊ ကဲ ရေနွေးကြမ်းသောက်ဦး၊ လက်
လက်သုပ်စားကွာ၊ မင်းတို့ ဘုံခုနစ်ဆင့်အခြေအနေက ဘယ်လိုလဲ
မောင်လှစိန်"

"စ,တော့နေပါပြီ ဦးကြွယ်နွှ"

ဦးကြွယ်နွှ က ခေါင်းညိတ်ရင်း …

"ဦးလေးလဲ မင်းတို့ကို ပြောသင့်၊ မပြောသင့် စဉ်းစားနေတာ
တစ်ခုရှိတယ် မောင်လှစိန်"

"ဘာများလဲ ဦးလေး၊ အားမနာပါနဲ့ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုကွာ၊ ဦးလေးသိချင်တာ ဟိုစာရေးဆရာသတင်းကြားလို့ ကိုလှစိန် သိလိုက်ပါပြီ ပြဿနာရဲ့အရင်းအမြစ်ကို။

"စာရေးဆရာရဲ့ လူမှုရေးဖောက်ပြန်မှုက ဦးလေးတို့နဲ့မဆိုင်ပေမယ့် ရပ်ကွက် သာရေး၊ နာရေး အဖွဲ့အစည်းကို ထိခိုက်လာမှု ကိုတော့ စိုးရိမ်တယ် မောင်လှစိန်"

ကိုလှစိန် စကားဆုံးအောင် နားထောင်မိပါသည်။

"ရပ်ကွက်ထဲမှာကြားရတဲ့သတင်းက စာရေးဆရာတင်မဟုတ်ဘူး မောင်လှစိန်၊ မောင်ရင်ပါ သူနဲ့ကြံရာပါလိုလို သတင်းက ထွက်လာတယ်လေ"

ကိုလှစိန် ပြုံးနေမိပါသည်။ သူတို့လိုချင်တဲ့ပြဿနာရဲ့ အထွက် အထိပ်ကို ကွက်တိရောက်လာတယ်ဆိုချင်ပေမယ့် သူတို့ရဲ့ဂုဏ်သိက္ခာတွေ အနည်းနဲ့အများ ထိခိုက်လာတာကို သိပါသည်။

"အဲဒီကိစ္စကို ဘာဆက်လုပ်မလဲ တိုင်ပင်ချင်လို့ မောင်လှစိန်ကို ခေါ်လိုက်တာကွယ့်"

ကိုလှစိန် သက်ပြင်းချမိပါသည်။

"ဒီအချိန်မှာ ဦးလေးကို မတိုင်ပင်လို့ မဖြစ်တော့ဘူးဆိုတာ ကျွန်တော် သိပါတယ်"

ဥက္ကဋ္ဌက နားမလည်ဟန်ရှိသည်။

"ဦးလေးကြားသမျှအတိုင်း ကျွန်တော်တို့ ဂုဏ်သိက္ခာတွေ





အဲလောက်မဆိုးသွမ်းပါဘူး"

ဥက္ကဋ္ဌက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"ဦးလေးလဲ ထင်တော့ထင်သားကွ"

ကိုလှစိန် ပြဿနာရဲ့ဇာစ်မြစ်ကို အစအဆုံး ရှင်းပြပါသည်။ စကားဆုံးတော့ ...

"စောစောကတည်းက ဦးလေးကို တိုင်ပင်မှာပေါ့ကွာ၊ တကယ်လို့ ပြဿနာက ပိုကြီးကျယ်လာမယ်ဆိုရင် ဦးလေးလဲ ကူညီလို့ရတာပေါ့"

ဥက္ကဋ္ဌက အခုမှ စိတ်အေးသွားဟန်ရှိပါသည်။

"ကဲ ဘာအခက်ရှိကြလဲ"

"အခုလက်ရှိထိတော့ ဘာမှမရှိသေးဘူး ဦးလေး"

"အေးအေး၊ ကိစ္စကတော့ ဒါပါပဲ မောင်လှစိန်၊ ငွေရေးကြေးရေး အခက်အခဲရှိရင်လဲ ပြော"

"ဦးလေး ထုတ်ပေးမလို့လား"

ကိုလှစိန် စကားကြောင့် ဥက္ကဋ္ဌက ရယ်ပြီး ...

"ဘယ်ကလာ၊ အလှူငွေ ကောက်မှာပေါ့"

ဥက္ကဋ္ဌစကားကြောင့် ရယ်မိကြပါသည်။

✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"ဒီကျတော့ရောက်ပြီ"

"ဘာဖြစ်လို့လဲ ကိုမိုးကြီး"

ဘုံခုနစ်ဆင့်ပြာသာဒ်က ဘုံသုံးဆင့်အထိ ပြီးနေပါပြီ။

"ဘာဖြစ်ရမလဲ ကိုကို၊ ဘုံခုနစ်ဆင့်က ဘုံသုံးဆင့်နဲ့တင် ကားမောင်းတဲ့အမိုးပေါ်ကိုတင်လိုက်ရင် လမ်းပေါ်က ဓာတ်ကြိုးတွေနဲ့ လွတ်မှာမဟုတ်တော့ဘူး"

ကိုမိုးကြီး စကားကြောင့် စိတ်မှန်းနဲ့တင်တွေးကြည့်မိတော့ ဟုတ်လောက်ပါသည်။

"ဘာဖြစ်ကြလို့လဲဗျ"





ဥက္ကဋ္ဌအိမ်သွားမယ်လို့ ပြောတဲ့ ကိုလှစိန် က ရောက်ရောက်ချင်း မေးသည်။

"ဒီမှာလေ ဘုံခုနစ်ဆင့်၊ အခု ဘုံသုံးဆင့်နဲ့တင် ကားခေါင်းပေါ်တင်လိုက်ရင် လမ်းပေါ်ကဓာတ်ကြိုးတွေနဲ့ လွတ်မှာမဟုတ်တော့ဘူး"

ကိုလှစိန် က လက်ပိုက်ကာ မေးစေ့ပွတ်ပြီး ဘုံသုံးဆင့်ကိုကြည့်ကာ စဉ်းစားနေသည်။

"ကဲ ဖြစ်သလိုပဲလုပ်ကြတာပေါ့"

"ဒါဆိုရင် ကားပေါ်တင်ပြီး ကားမောင်းတဲ့ခေါင်မိုးပေါ် တစ်ဝက်တင်၊ တစ်ဝက်ကို တိုင်နှစ်တိုင်နဲ့မြှောက်ပြီး အောက်က တန်းချုပ်လိုက်၊ ပြီးရင် မြို့ရိုးတံခါးပုံစံ ဆင်လိုက်ရုံပဲ"

ကိုမိုးကြီးစကားကြောင့် ကိုလှစိန် က ...

"ကားရဲ့ဘေးအကာတွေကျတော့ ဘယ်လိုလုပ်မလဲ"

"အောက်ကနေကြည့်ရင် အမြင်ရှင်းအောင် ကားဘော်ဒီ ဘေးအကာတွေကို ဖြုတ်ရမှာပေါ့ဗျ"

ကိုလှစိန် က ခေါင်းတဆတ်ဆတ်ညိတ်သည်။ ကိုကို က ကိုလှစိန် ကို လှမ်းခေါ်သည်။

"ဥက္ကဋ္ဌ ခင်ဗျားကိုခေါ်တာ ဘာကိစ္စလဲ ကိုလှစိန်"

ကိုကို့စကားကြောင့် ကိုလှစိန် က ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိမှာလဲဗျာ၊ ခင်ဗျားရဲ့ပိုပိုဗာကိစ္စပေါ့"

"ဗုဒ္ဓေါ ...!"

ကိုကို အလန့်တကြားရေရွတ်သံကြောင့် ကိုမိုးကြီးက ဘုံ ပြာသာဒ်ကို လှည့်ပတ်ကြည့်နေရာမှ မေးသည်။

"ခင်ဗျား ဘယ်လိုဖြေရှင်းလိုက်လဲ ကိုလှစိန်"

"ဘယ်လိုဖြေရှင်းရမှာလဲဗျ၊ အမှန်အတိုင်းပြောရတော့တာပေါ့"

"ဥက္ကဋ္ဌ ဘာပြောလဲ"

"ဘာပြောရမှာလဲ၊ ဦးလေး သိထားတော့ ကောင်းတာပေါ့ တကယ်လို့ ပြဿနာ ပိုဆိုးလာမယ်ဆိုရင် သူ ဖြေရှင်းသင့်တဲ့အပိုင်း ကျရင် သူ တာဝန်ယူလို့ရတာပေါ့တဲ့ဗျ"

"ဟုတ်တော့ဟုတ်ပါတယ်"

ကိုကိုက မြေကြီးပေါ် ဖင်ထိုင်ချရင်း ...

"ကျုပ်မိန်းမလဲ ဘာတွေဖြစ်နေလဲမသိဘူးဗျာ၊ လူများအိမ်မှာ ထားရတာ စိတ်ပူတယ်ဗျ"

ကိုကို့စကားကြောင့် ကိုလှစိန် ကိုကို့ဘေးမှာ ဖြစ်သလိုဝင်ထိုင် ချရင်း ...

"ခင်ဗျားတို့လင်မယားလဲ ကျုပ်ကြောင့် အတူမနေရတဲ့ဘဝကို ရောက်ရပြီဗျာ"

"ဒါပေါ့၊ ဒေဝဒတ်နဲ့ပေါင်းမှတော့ အဇာတသတ်တော့ ဖြစ်သင့်





တာပေါ့ဗျာ"

"ခင်ဗျားကတော့လေ ..."

ဘုံကထိန်ပွဲတော်ကတော့ သိပ်မလိုတော့ပါ။

ရေဘင်လည်း ဒီနေ့တစ်နေ့လုံး မတွေ့။

ဒီကောင် ဘာတွေ ကျိတ်လုပ်နေလည်းမသိ၊ ဒီနေ့တစ်နေ့လုံး ပျောက်ချက်သားကောင်းနေပါသည်။

✿✿✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို လူမှုရေးဖောက်ပြန်တဲ့လူကို ကျုပ်တို့ သာရေး၊ နာရေး အဖွဲ့အစည်းမှာ မပါဝင်သင့်ဖူးလို့ ကျုပ်ထင်တယ် ဥက္ကဋ္ဌ"

ဦးမြင့်သိမ်း စကားကြောင့် ဦးဖေသန်း က ...

"ဟုတ်တယ်၊ ကျွန်တော်လဲ ဒီကိစ္စကို ပြောချင်နေတာ ကြာပြီဗျ၊ ဘယ်သူ စ,ပြောမလဲ ကြည့်နေတာ"

ဦးဖေသန်း စကားကြောင့် ဦးမြင့်သိမ်း က ...

"အေးပေါ့ဗျာ၊ ရပ်ကွက်အကျိုးအတွက် ကျုပ်တို့ မပြောမချင်း ပြီးမှာမဟုတ်ဘူး"

ကိုလှစိန် က ကိုကို့ပခုံးကိုဖက်ကာ အားနာနေဟန်ရှိသည်။ ကိုကိုက ထူးထူးခြားခြား ဘာမှမဖြစ်၊ ဟုတ်မှမဟုတ်တာ၊ ခေတ်ရှင်





ခေတ်လမ်းရဲ့ နာမည်ခံသရုပ်ဆောင်နေရတာပဲလေ၊ ပွဲပြီးရင် ဘယ်သူဟာ လူကြမ်း၊ ဘယ်သူဟာ မင်းသား ကွဲပြားလာမှာပဲပေါ့။ အစည်းအဝေးမှာ ကျွန်တော် ကိုမိုးကြီး၊ ရေဘင်နဲ့ ကိုလှစိန် က တစ်ဖက်၊ မျက်နှာချင်းဆိုင်မှာ ဦးမြင့်သိမ်း၊ ဦးဖေသန်း၊ ဦးမြဖေ၊ အုန်းမောင်နဲ့ ထွန်းထွန်းလှိုင် အခြောက်တို့က တစ်ဖက်၊ ဥက္ကဋ္ဌက ဆရာတော်ကို လက်အုပ်ချီရင်း ...

"ဒီကိစ္စကို တပည့်တော် ကြီးကြပ်ပြီး ဖြေရှင်းပါ့မယ်ဘုရား"

ဆရာတော်က ခေါင်းညိတ်ရင်း ...

"လူမှုရေးကိစ္စတွေက ဘုန်းကြီးနဲ့မဆိုင်ဘူး ဒကာ၊ ဘုန်းကြီးလဲ မပါသင့်ဘူးလေ"

"တင်ပါ့ဘုရား"

ဆရာတော်က ကျောင်းသင်္ချိုင်းထဲ ဝင်သွားပါသည်။

"ထွန်းထွန်းတို့က အခြောက်ဖြစ်ပေမယ့် အခြောက်သစ္စာ ရှိပါတယ်၊ ရောဂါဝေဒနာကင်းရှင်းအောင် တစ်လင်တစ်မယားစနစ်ပဲ အားပေးတယ်"

ထွန်းထွန်းလှိုင် က ကိုကို့ကို မဲ့ရွဲ့ကာကြည့်ပြီး ...

"လူမှုရေးဖောက်ပြန်တဲ့လူ နာမည်အစွန်းအထင်းရှိတဲ့လူကို ကျွန်မတို့က ရပ်ရွာခေါင်းဆောင်အဖြစ် လေးလေးစားစားမဆက်ဆံ ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူပြောတော့လဲ ဟုတ်သားပဲဗျ"

အတို့အထောင်အုန်းမောင် က လေပြည်လေးနဲ့လာပြောတော့ ရေဘင် က ဝုန်းခနဲထ,ရပ်ကာ ထွင့်ထွင့်ကို လက်ညှိုးငေါက်ငေါက် ထိုးရင်း ...

"အခြောက်ဖြစ်ပြီးတော့ အခြောက်လိုနေစမ်း၊ မိထွင့် ... နင်က ရော ဘယ်လောက်များ သိက္ခာရှိနေလို့လဲ၊ နင့်အကြောင်းမသိရင် ခက်မယ်"

ထွင့်ထွင့် ရေဘင့်စကားကြောင့် ရန်တွေ့တော့သည်။

"ဟဲ့ ... ငါက ဘာအမှားမှမလုပ်ဘူး အရက်သမားရဲ့"

ရေဘင် က တဟားဟားသရော်သလိုလိုရယ်သည်။ ထွင့်ထွင့် က မျက်နှာမဲ့ရွဲ့သည်။

"နင် တစ်နေ့က ဇာတ်ပွဲသွားတယ်လေ၊ ဇာတ်ပွဲနားက ရထား လမ်းမှာ မူးနေတဲ့ကောင်လေးတွေက နင့်ကိုစော်ကားမော်ကားလုပ် မယ်ဆိုတော့ ..."

"ရေဘင် သေချင်းဆိုး မပြော ...နဲ့"

ထွင့်ထွင့် က မျက်နှာကြီးရဲကာ တားသည်။ အားလုံးက ထွင့် ထွင့် တားလေ ပိုပြီးသိချင်လာလေလေ။

"ပြောပါစေ မိထွင့်ရယ်"

အုန်းမောင်ရဲ့စကားကြောင့် မိထွင့် က ...





"ဒီ ကာလနာ လေထိုးလေနာသည်က တမော့င်"

မိထွင့်စကားကြောင့် အုန်းမောင် တွန့်သွားပါသည်။

"နင် ကောင်လေးတွေကိုပြောတယ်လေ၊ မာမီ လာနေတယ် "

ရေဘင့် စကားကြောင့် အားလုံး နားမလည်၊ ယောကျ်ားကြီးဖြစ် သားနဲ့။ ဦးဖေသန်းကဆို ...

"ယောကျ်ားတန်မဲ့ဗျာ ဟို ..."

ရေဘင် က တဟင်းဟင်းရယ်ရင်း စကားကို အဆုံးသတ်သည်။

"ကောင်လေးတွေ ထဘီ ... အဲ .. ပုဆိုးကိုဆွဲချွတ်တော့မှ ဘင်းဘီရဲ့ဖင်မှာ ချိုးပန်းနေတဲ့အရာကြီးဗျ"

"မာမီ လာနေပါတယ်လို့ ပြောတဲ့ဟာ"

မိထွင့်ရဲ့ဇာတ်နာသံနဲ့ ပြောတဲ့စကားကြောင့် တဝါးဝါး။

"တိုးတိုး၊ ဆရာတော် ကြားဦးမယ်"

ဥက္ကဋ္ဌက သတိပေးရင်း ...

"ဒီကိစ္စကိုပြေလည်အောင် ကျုပ် ဖြေရှင်းပေးမယ်၊ အခုတော့ ဟုတ်ဘူး၊ ကဲ ကဲ ပြန်လို့ရပါပြီ"

ဥက္ကဋ္ဌက မတင်မကျပြောတော့ ပြန်သာပြန်သွားကြတယ် သိပ် ကြည်လင်ပုံမပေါ်ကြ။

တစ်ဖက်ကအုပ်စုက ပြန်သွားမှ ဥက္ကဋ္ဌက...



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကို မလွန်ဆန်ရဲလို့သာ ပြန်သွားကြတာ၊ သိပ်ကျေနပ်ပုံ မပေါ်ဘူးဗျ"

အားလုံး သိပါသည်။ ကိုလှစိန် က ရေဘင် ကို လှမ်းမေးသည်။

"ရေဘင် ... မင်းပြောတဲ့ လက်သမားဆီသွားတာ အဆင်ပြေလား"

"ရေဘင်လေ တစ်ဘင်တည်းရှိတယ်"

"ဘာရယ် ... တစ်ဖင်တည်းရှိတယ်"

ကိုမိုးကြီး စကားကြောင့် ရေဘင် မျက်နှာရှုံ့မဲ့သွားပါသည်။

"ကျုပ်လဲ ပြောမြကြဦးလေ"

"ဒီသို့ ဥက္ကဋ္ဌရဲ့၊ သတ္တုတို့ အရုပ်ချိုးအပ်ထားတဲ့ပညာရှင် က ရေဘင် သူငယ်ချင်း ..."

ကိုလှစိန် စကားကြောင့် ဥက္ကဋ္ဌ က စိတ်ဝင်စားသွားသည်။

"သူတို့အပ်ထားတဲ့ကျွဲရုပ်ကို ခိုင်ခိုင်မာမာဖြစ်အောင် ကျွန်တော်တို့က ပိုက်ဆံထပ်ပေးပြီး ခိုင်းထားတာ၊ ဘာဖြစ်လို့လဲဆိုတော့ သတ္တု က သူ့ညီမကို အလွပ်ပေးဘူးလေ၊ ခိုးပြေးဖို့နေနေသာသာ အဲဒီသန်းကျင်ကိုပေဘင် ကျွန်တော်ဘို့ကို အလာခံတာမဟုတ်ဘူး"

"အဲဒီတော့ ..."

"အဲဒီတော့ ရေဘင် သွားတွေ့တဲ့လက်သမားကို ကျွဲရုပ်ထဲ အဲပေါက်နဲ့လုပ်ခိုင်းပြီး ဝင်လို့ထွက်လို့ရတဲ့တံခါးပေါက်ဟို ဗိုက်မှာ လျှို့ဝှက်အောင်လုပ်ခိုင်းထားတာ"

ကိုလှစိန် စကားကြောင့် ဥက္ကဋ္ဌ က ...

"မင်းတို့ဟာကလဲကွာ မိန်းမတစ်ယောက်ခိုးတာ ဂျိမ်းစဘွန်း အရိုက်နေတာကျနေတာပဲ"

"ကျုပ်သူလျှိုရဲ့ပြောပြချက်အရ သတ္တုတို့ကလဲ မေခိုင် ကို ယုံကြည်ကြီးယုံကြည်နေဖြပြီ၊ အားလုံး အဆင်ပြေပါတယ်တဲ့"

"ပွဲတော်က သန်ဘက်ခါဆို စပြီနော်"

ကိုလှစိန် က တွေးတွေးဆဆပြောလာပါသည်။

"ကိစ္စဝိစ္စတွေကို ပိပိရိရိလုပ်မှဖြစ်မယ်နော်၊ အတိမ်းအစောင်း ဆိုမဖြစ်ဘူး"

ကိုမိုးကြီးကလည်း ...

"အဓိက ကတော့ ဟိုကောင်အနံ့မောင် သိသွားလို့မဖြစ်ဘူး"

ရေဘင် က ရယ်ရင်း ...

"ဒါပေါ့၊ မာဓိလာနေတယ် သားရယ်"

ရေဘင့် စကားကြောင့် အားလုံး ရယ်မိကြပါသည်။

✿✿✿✿✿✿✿✿✿✿







www.burmeseclassic.com

www.burmeseclassic.com



"ဘာစားပြီးပြီလဲ ခိုင်လေး"

သတ္တု က နွားပြာကြီးအောက်သွားမရှိလေသံနဲ့ မေခိုင် ကို မေးသည်။

မေခိုင် က ဒီလူ့စကားကို အော့နှလုံးနာပေမယ့် ဒီအချိန်မှာတော့ ...

"စားပြီးသွားပါပြီ ကိုကိုသတ္တုရဲ့"

မေခိုင်ရဲ့ ခပ်နွဲ့နွဲ့လေသံကြောင့် သတ္တု မနေသာခွေ့သွားသည်။ မေရီ က မေခိုင်ရဲ့တိုက်ကွက်ကြောင့် ရယ်ချင်မိပါသည်။

"ကိုကိုတို့ကတော့လေ မမကိုပဲ ဦးစားပေးနေတာပဲ၊ မေရီ့ကျတော့ ရှိတယ်တောင်မထင်ဘူး"

မေခိုင် က သတ္တု မမြင်အောင် မေရီ ကို မျက်စိမှိတ်ပြရင်း –





"ဒါကတော့ မေခိုင် က ချော့သည်ဖြစ်နေလို့နေမှာပေါ့၊ ဟုတ်ဘယ်မဟုတ်လား ကိုကိုသတ္တု"

သတ္တု က သရေမကျရုံတမည်ရယ်ရင်း ...

"အဲဒီလို သူစိမ်းဆန်ဆန်မပြောရဘူးလေ၊ နောက်တော့လဲ ချော့သည်က ..."

ပြိတ်ကိ ရိတိတိစကားကြောင့် မေခိုင် က ရှက်သလိုလို လုပ်ပြနေစဉ် တင်မောင်မောင်တင် ရောက်လာပါသည်။

"အစ်ကိုကြီးတို့ နေကောင်းရဲ့လား"

အရေးကောင်းမှ ဒိန်းဒေါင်းဖျက်တယ်လို့ ဆိုရိုးစကားအတိုင်း ကောင်ရောက်လာတာကြောင့် သတ္တု စိတ်အတော်ညစ်သွားပါသည်။

"ငါ့ကို နေကောင်းတယ်လို့မေးရအောင် ငါက ဒုက္ခိတမှမဟုတ်ဘာ၊ မင်း ဘာလာရှုပ်... ဘာလာလုပ်တာလဲ"

"အစ်ကိုကြီးပဲ ညီညီ့ကို ကွဲရုပ်သွားယူဆို"

"သြော် ... ဟုတ်သားပဲ၊ ဘယ်မှာလဲ ရောက်ပြီလား"

"ရောက်ရှိကြောင်းပါ အံ့ာစရိ"

ပုံပျက်နဲ့ပန်းပျက်က သူတို့ဆရာကို ဂါရဝပြုကာ တက်လာပါသည်။ မေခိုင်နဲ့မေရီ က ကွဲရုပ်ကိုကြည့်ချင်တာကြောင့် အပေါ်ထပ်ချန်တာကို တက်သွားကြပါသည်။ အိမ်ရှေ့က လက်ဖက်ရည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကလူတွေကလည်း ကားပေါ်မှာတင်ထားတဲ့ ကျွဲရုပ်ရဲ့လက်
ကြည့်ကာ တအံ့တသြ ချီးမွမ်းနေကြပါသည်။

"တော်တော်လှတာပဲနော် မမမေနိုင်"

"အေးဟာ"

သတ္တု က ကားပေါ်တက်ကာ ကျွဲရုပ်ကိုလှည့်ပတ်ကြည့်
ဂုဏ်ယူအားရနေပါသည်။ ပြီးတော့ သူ့တပည့်တွေကို ဝမ်းသာ
ပြောပါသည်။

"ဟား ဟား ဟား၊ ဒီပွဲက ငါ့ပွဲကွ၊ လှစိန် ... လှစိန်"

"ဗျာ ... ဆရာ သွားခေါ်ပေးရမှာလား"

ပုံပျက် စကားကြောင့် သတ္တု ခေါကန်ကာ ပုံပျက်ကို နား
ပိတ်တီးလိုက်ရင်း ...

"ကြုံးဝါးတာကွ၊ မင်းပြောတာနဲ့ ဗီလင်အောက်သွားပြီ အ
ပြန်ပြောရမှာပဲ၊ လှစိန် ... လှစိန် ဒီပွဲမှာ မင်း အဖက်ဖက်က ရှုံ
ငါ့ညီမကို မင်း မရသလို ပြိုင်ပွဲမှာလဲ မင်း ငါ့ကိုမကျော်နိုင်
မင်းတို့ရဲ့ ဘုံခုနစ်ဆင့်က သုံးဆင့်နဲ့ရပ်သွားတာ ငါ သိတယ်
တော့ ဒီပွဲမှာ အစစ်လေးတောင် ထပ်ရလိုက်သေးတယ်"

သတ္တု က ဝရန်တာကို မသိမသာကြည့်ကာ သူ့တပည့်
တိုးတိုးပြောတော့ သူ့တပည့်တွေကလည်း သူ့ဆရာကျေနပ်အေ
ဟက်ဟက်ပက်ပက်ပုံစံ ဝိုင်းရယ်ပေးရတာပေါ့။ တင်မောင်





တင် စိတ်ထဲမှာ နှာဘူးကြီးလို့ ပြောမိပါသည်။

"အစီအစဉ်က ဘာဆက်လုပ်ရမှာလဲ မမ"

မေနိုင် က ...

"ဒီည အောင်ပွဲခံတဲ့အနေနဲ့ သူတို့ သောက်ကြမှာပဲ မေရီ"

"သိပ်သေချာတာပေါ့ မမရယ်"

မေနိုင် ကျေကျေနပ်နပ်ပြုံးရင်း ...

"ဒီည ရေဘင် ပြောတဲ့ ထရိုဂျင်စစ်ပွဲ ဇာတ်ရမှာပဲ မေရီ၊ တို့နှစ်
ယောက် ဒီည ဒီကျွဲရုပ်ထဲမှာ ဝင်ပုန်းရမယ်၊ အဆင်သင့်ပြင်ထားပေ
တော့"

မေနိုင်နဲ့ မေရီ လက်ဝါးချင်းရိုက်လိုက်ကြပါသည်။

✿✿✿✿✿✿✿✿✿✿✿



www.burmeseclassic.com

www.burmeseclassic.com



"မိတာက် ..."

ဒေါပုံ ထ,ရုံတင်မက သာကေတပါ သတ္တု ထ,ရပါသည်။

"ဟင်း ဟင်း ဟင်း ဟင်း"

"ဆရာ အဖျားတက်နေတာလားဟင်"

တင်မောင်မောင်တင် က ဘုံကထိန်လှည့်ဖို့အတွက် တိုက်ပုံနဲ့ ကျကျနနဝတ်လာရင်း မေးသည်။

"ခွေးသား ...၊ ငါက ဘာလို့အဖျားတက်ရမှာလဲ၊ ဒေါသထွက်နေတာကွ"

တင်မောင်မောင်တင် က ဒီလူ ဒေါသထွက်တာလည်း ရုပ်ဆိုးလိုက်တာလို့ စိတ်ထဲမှာ တွေးမိပါသည်။





"ငါ့ကို လုပ်သွားတယ်"

သတ္တု့ရဲ့ မချိမဆံ့အော်သံကြောင့် တင်မောင်မောင်တင် သတ္တုရဲ့အောက်ပိုင်းကို အကဲခတ်ကြည့်တော့ သတ္တု မလုံမလဲဖြစ်ကာ...

"ဟော့ကောင် ဘာကြည့်တာလဲ၊ ငါပြောတာ ငါ့ကို ဟိုကောင်မ စာရေးဆရာမိန်းမ ကလိမ်ကျသွားတယ်လို့ ပြောတာကွ၊ အခုတော့ မရှိတော့ဘူး။ သတ်မယ်၊ နှစ်ယောက်လုံးကို တွေ့အောင်ကိုရှာမယ်"

"ဘာတွေရှာမှာလဲ သတ္တုကိုကိုရဲ့"

ထွန်းထွန်းလှိုင် က ပွဲနေပွဲထိုင် ချိတ်ဝတ်စုံကို ဆံထုံးနဲ့ မင်္ဂလာဆောင်သွားမယ့်သတို့သမီးတစ်ယောက်လို စပ်ဖြဲဖြဲအလှနဲ့ တင့်တယ်နေပါသည်။

"သြော် ... အခါတော်ပေးဦးပုညရယ် ... ခင်ဗျားလုပ်လို့ ကျုပ်ညီမ အစစ်ပါသွားပြီဗျ"

"ဘယ်သူကို ဆေးစစ်ပြီးခေါ်သွားလို့လဲ"

ထွန်းထွန်း ပြောမှ ပိုဆိုးသည်။

သတ္တု ခုန်ဆွခုန်ဆွဖြစ်ရင်း ...

"ဘာဖြစ်ရမှာလဲ၊ ခင်ဗျားခေါ်လာတဲ့ ဟိုဟာမ မေခိုင် ... မေရီနဲ့ ပေါင်းပြီး လစ်ပြေးကြပြီဗျ"

ထွန်းထွန်းလှိုင် ပါးစပ်အဟောင်းသား။ တင်မောင်မောင်တင် ငိုသံကြီးနဲ့ ပြောလာပါသည်။



www.burmeseclassic.com

"အမယ်လေး .. အစ်ကိုကြီးရဲ့ ... ညီလေး ဘာလုပ်ရမှာလဲ"

"သေလိုက်၊ မင်း လဲသာသေလိုက်၊ တောက် ..."

ပုံပျက် က မျက်စိမျက်နှာအပျက်ပျက်နဲ့ ...

"ဘာလုပ်ကြမလဲ အာစရိ ဘုံကထိန်အဖွဲ့တွေလဲ စုရပ်ကို သွား ကုန်ကြပြီ"

သတ္တု ဒေါသတွေ ထပ်ဆင့်ထပ်ဆင့် ပေါက်ကွဲနေပါသည်၊ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း နေမရထိုင်မရဖြစ်နေပါ သည်။

"ငါ မနက်မိုးလင်းလို့ ဘာကြောင့်မထ,ပါလိမ့်လို့ သတိထားမ တာ၊ ဘုံကထိန်လှည့်ခါနီးလို့ တံခါးသွားခေါက်တော့မှ တံခါးက ဖွေ့ ဖေ့ထားတာ၊ တောက် ... နင်တို့ပဲ ပြေးနိုင်မလား၊ ငါပဲ လိုက်နိုင် မလား ကြည့်ကြသေးတာပေါ့ကွာ"

"ဒါဆို ဘာဆက်လုပ်ကြမလဲ ဆရာ၊ မေရှိတို့ ပြေးချင်ပြေ လှစိန်ဆီပဲပြေးမှာသေချာတယ်"

သတ္တု လက်သီးကိုဆုပ်ကာ လက်ဝါးပေါ်ကို အံကြိတ် တဆတ် ဆတ်ထိုးရင်း ...

"မင်းနဲ့ငါ တွေ့ကြသေးတာပေါ့ လှစိန်ရာ"

သတ္တု တိုက်ပုံကြီးတကားကားနဲ့ ဟိုကြည့်ဒီကြည့် ကြည့်ပြီး သေးမှာ အဆင်သင့်တွေ့တဲ့ ဝါးရင်းတုတ်တစ်ချောင်းကို ကောက်ယူ





ကာ ဘုံကထိန်တွေထားတဲ့ စုရပ်ရှိရာဆီ အသကုန်ပြေးထွက်သွား သည်။

"ဒုက္ခပဲ၊ ပြဿနာတွေတော့ တက်ကုန်တော့မှာပဲ၊ လိုက်ကြပါ ဟဲ့"

ထွင့်ထွင့်လိုင် က ပြောလည်းပြော သတ္တုနောက်က ကမ်းန်း ကတန်းလိုက်လာရပါသည်။

✿✿✿✿✿✿✿✿✿✿✿

www.burmeseclassic.com



ဒီ၊စည်ဒိုးပတ်သံတွေ၊ လော်စပီကာသံတွေ ဆူညံနေပါသည်။ ရပ်ကွက်အတွင်း လူကြီး၊ လူငယ် မပြောနဲ့ ကလေးတွေပါမကျန် ကိုယ်ရှိသမျှဝတ်စုံအကောင်းဆုံးကို ဝတ်ဆင်ကာ ခြေရှုပ်နေကြပါသည်။

"ကြည့်စမ်း ...၊ ငါ့မိန်းမက ဒီလိုဆိုတော့လဲ မဆိုးပါလားကွ"

ရေဘင် က အော်လံခင်တင့်ကို ကပ်ပြီးချီးမွမ်းနေတာကြောင့် ကိုမိုးကြီး က ...

"ဟောကောင် ... မင်းမိန်းမကို မင်းပဲချီးမွမ်း သိလား"

"ဘာလဲ့ ...၊ ခင်ဗျား မနာလိုတာလား ကိုမိုး၊ ဒါနဲ့ ခင်ဗျားမိန်းမ ရော ..."





"ကျောင်းထဲမှာ ကထိန်လှည့်ပြီးပြန်လာရင် စားလို့သောက်လို့ ချက်ပြုတ်တဲ့အဖွဲ့နဲ့ လုပ်အားပေးနေတယ်"

ကိုမိုးစကားကြောင့် အော်လံခင်တင့် က ...

"ကျုပ်လဲ ဝိုင်းလုပ်စရာရှိတာ ဝိုင်းလုပ်ပေးလိုက်ဦးမယ်။ ယောကျ်ားနားကပ်နေလို့ ဆရာတော်ကြီး ကြိမ်နဲ့လာဆော်နေဦးမယ်"

အော်လံခင်တင့် ထွက်သွားပြီးတဲ့နောက် ကိုမိုးကြီးနဲ့ ရေဘင် သူတို့ပြင်ဆင်ထားတဲ့ကားဆီ လျှောက်လာခဲ့ကြပါသည်။ ကားပေါ်မှာ ကိုလှစိန်နဲ့ ကိုကိုကြီးက နေရာချထားပေးနေပါသည်။ ကားရဲ့ ခေါင်းခန်းမှာ ရွှေရောင်တလက်လက်နဲ့ ကျုံးမြို့ရိုးတံခါးနဲ့ ဘုံသုံးဆင့် ရှေ့မှာက စစ်သူကြီး မဟာဗန္ဓုလဝတ်စုံနဲ့ ဆိုက်ကားဆရာဝင်းသိန်း။ ဝင်းသိန်း က ခန္ဓာကိုယ်ကြီးကြီး၊ အရပ်ကမြင့်မြင့်၊ အတုတပ်ထားတဲ့ နှုတ်ခမ်းမွေးကြီးတကားကား၊ လမ်းထဲက ဓာတ်ဆရာ နန်းအောင်ထွင်ဆီက ငှားထားတဲ့ စစ်သူကြီးဝတ်စုံကိုဝတ်ရင်း အကျေနပ်ကြီး ကျေနပ်နေပါသည်။ ဝင်းသိန်းက လက်ကိုပိုက် မာန်တင်းထားရင်း ဘောက်ရပ်ကြီးလိုနေရပါတယ်။ သူ့ရဲ့နောက်မှာတော့ သူနဲ့တွဲဖော်တွဲဖက် ဆိုက်ကားသမား ဓာတ်တူနာမ်တူ သိန်းဝင်းက ထီးတော်မိုး အဖြစ် သရုပ်ဆောင်ရသည်။ စစ်သူကြီး ဝင်းသိန်းရဲ့ရှေ့မှာတော့ မီးသွေးခြင်းကို စက္ကူပတ်ပြီး ဆိုက်ကားဘီးနှစ်ဘီးနဲ့ ကပ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမြောက်အတုက ခုံခုံညားညား။ စစ်သူကြီးရဲ့ဘေးမှာ ဒူးထောက်လက်အုပ်ချီပြီး ခစားနေတဲ့ မြန်မာတပ်သားနှစ်ယောက်က ရွှေပျင်းကြီး၊ ရွှေပျင်းလေး။ ဒီနှစ်ယောက်က အေးအေးဆေးဆေးပဲ၊ အောက်မှာထိုင်နေရသူမို့လို့ လူက သိပ်မမြင်၊ လစ်ရင်လစ် ကိုလှစိန် ပေးထားတဲ့စီးကရက်ကိုယ်စီမဲကာ ဖိမ်ကျနေပါသည်။ ဒါတင်မကသေးပါ၊ ရှေ့ဘောင်ဆီက ရထားတဲ့မျိုတ်ပိတ်တစ်လုံး၊ ခွက်တစ်ခွက်နဲ့ ငှဲ့လိုက်၊ ဘုန်းကြီးကျောင်းမီးဖိုချောင်က ချက်ပြုတ်ရေးတာဝန်ခံ ဒေါ်မြင့်တို့ဆီက တောင်းထားတဲ့ ယမင်းဂျိုးကြော်လေးနဲ့ စားလိုက်၊ အဆင်ကိုပြေလို့ပေါ့။ သူတို့လုပ်ရပ်တွေကြောင့် စစ်သူကြီးဝင်းသိန်း မနေနိုင်၊ ကျောက်ရုပ်ကြီးလို ဟန်လုပ်နေရပေမယ့် မျက်လုံးက အောက်ဆိုက်ကာ လျှာသပ်နေရပါသည်။

"ဟေ့ကောင်ဇတွေ ငါတို့နှစ်ယောက်လဲ တိုက်ဦးလေ"

နောက်က ထီးတော်မိုးလည်း မနေနိုင်။

"ဟုတ်ကယ်ကွာ၊ မင်းတို့က ဖိမ်ကိုကျလို့"

ထီးတော်မိုးသိန်းဝင်းစကားကြောင့် ရွှေပျင်းကြီးက ညစ်ကျယ်ကျယ်နဲ့ ..

"ဟ ... စစ်သူကြီးဆိုတာ ဣန္ဒြေသိက္ခာ ... ဘယ်ကွာ၊ တိုက်လို့မဖြစ်ဘူး၊ မူးရင် အရှက်ကွဲလိမ့်မယ်၊ ညီလေး ပျကွာ၊ အေ့ ..."

ဒီကောင်တွေ ညစ်မှန်းသိပေမယ့် စစ်သူကြီးဝင်းသိန်း အံကြိတ်





နေရပါသည်။

"ကဲဟေ့ ပဒေသာပင်တွေလဲ စုံပြီ၊ ထွက်ဖို့ပြင်တော့"

ကိုလှစိန်ရဲ့ဆော်ဩမှုကြောင့် ထွက်ဖို့ပြင်ဆင်ကြရင်း လှုပ်လှုပ်ရှရှဖြစ်နေကြပါသည်။ အိုးစည်ဝိုင်းက စ,တီးပါပြီ။

"ဟာ.. ဟိုမှာ သတ္တု တုတ်ကြီးကိုင်ပြီး ပြေးလာပါလား၊ ဘာဖြစ်တာလဲ"

တစ်ယောက်ယောက် ပြောလိုက်တဲ့စကားကြောင့် ကိုလှစိန်အပေါ်ကနေ လှည့်ကြည့်မိသည်။ သတ္တု က အမောတကောပြေးလာရင်း ...

"မသွားနဲ့၊ သွားရဲတဲ့ကောင် ခြေလှမ်းစရဲတဲ့ကောင် ငါနဲ့တွေ့မယ်"

အိုးစည်သံတွေ ရပ်သွားပါတယ်၊ လူတွေက အံ့ဩစွာပင် သတ္တုကို ကြည့်သည်။ သတ္တုရဲ့မျက်လုံးက ဒေါသကြောင့် နီရဲခက်ထန်နေပါသည်။

"ဟေ့ကောင် လှစိန်၊ မင်း ငါ့ညီမကို လက်ပေးစမ်း၊ ဟိုကောင်မအလိမ်ကကျစ်မ မေနိုင် ဘယ်မှာလဲ ထွက်ခဲ့စမ်း"

သတ္တု တို့ရပ်ကွက်က ကျွဲရုပ်ပဒေသာပင်လည်း ရောက်နေပါပြီ။ သွပ်ပုံးလေးအပိုင်ဥက္ကဋ္ဌ ဦးရွှေမြ က ...

"သတ္တု မင်း ဘာဖြစ်တာလဲ၊ ဒါ ဘာသာရေးလုပ်နေတာကွ"



www.burmeseclassic.com

www.burmeseclassic.com



ဦးရွှေမြ စကားကြောင့် သတ္တူ ရမ်းပြီး ...

"ဘာသာရေးတွေ၊ သာရေး ၊ နာရေးတွေ ကျုပ်ကို လာမပြောနဲ့ ကျုပ် သိချင်တာက လှစိန် ခေါင်းကွဲရင်ကွဲ၊ မကွဲချင်ရင် ကျုပ်ညီမကို ထုတ်ပေး၊ ဒါပဲ ..."

"ဒီမှာ သတ္တူ ... မင်းညီမကို ငါ နိုးမပြောဘူး၊ အဲဒါ အမှန်ပဲ ဒီကလူတွေအားလုံးကိုမေးကြည့်၊ ငါ ညကတည်းက ကျောင်းမှာ ဝိုင်းလုပ်ကိုင်ပေးနေတာ တစ်ရေးမှတောင်မအိပ်ရသေးဘူး သတ္တူ"

"ဟုတ်တယ် သတ္တူ၊ လှစိန် ညကတည်းက ဒီမှာရှိနေတာကွ"

ဥက္ကဋ္ဌ ဦးဆယ်ပြားစကားကို သတ္တူ လက်မခံ။

"အို... မလိုချင်ဘူးဗျာ၊ ဒီကောင် ညဏ်နီညဏ်နက်များတာ ကျုပ်အသိဆုံးပဲ၊ ဟိုကောင် စာရေးဆရာလဲ ဒီအကြံထဲမှာပါတယ်"

ကိုကိုကြီး မနေနိုင်တော့။

"ကျုပ်တို့ ညကတည်းက ကျောင်းမှာရှိတယ်လို့ ပြောပြီးပြီပဲ ကိုသတ္တူရယ်"

"ဟား ဟား ဟား ဟား၊ သတ္တူကို ဒီလိုလာဖြီးလို့မရဘူး စာရေးဆရာ၊ ခင်ဗျားမိန်းမ ကျုပ်ဆီလွှတ်လိုက်ကတည်းက စိတ်က တထင်ထင်ဖြစ်နေပြီးသား"

သတ္တူ က ကိုကိုကြီးကို ဝါးလုံးနဲ့လှမ်းညွှန်ပြရင်းပြောသည်။ ကိုကိုကြီးက သက်ပြင်းချကာ ...





"ကျုပ်နဲ့ ကျုပ်မိန်းမ ရန်ဖြစ်ပြီး အိမ်ပေါ်ကဆင်းသွားတာ တစ်ရပ်ကွက်လုံးသိတယ် ကိုသတ္တူ"

"ကျုပ် မယုံဘူးဗျာ၊ ကဲ ကျုပ်ညီမကို ထုတ်ပေးမလား၊ ကျုပ်ဒီဝွဲကိုဖျက်ဆီးရမလား"

သတ္တူ စကားကြောင့် လူငယ်တွေ တင်းမာကုန်ကြပါသည်။ ဘက်ရပ်ကွက် မပြောနဲ့ သူ့ရပ်ကွက်ကလူငယ်တွေကတောင် သည်းမခံနိုင်။ ရှေဘင် က လူအုပ်ကြားထဲက ထွက်ပြီး ...

"ဟော့ကောင် မင်းဘာ လူမိုက်လား၊ လာ မင်းနဲ့ငါနဲ့ချမယ်"

"ရှေဘင် ... ဆွဲပါဦးဟဲ့"

သတ္တူကိုဆွဲ၊ ရှေဘင်ကိုဆွဲနဲ့ ဝရုန်းသုန်းကား ဖြစ်နေကြတာကြောင့် ...

"အားလုံး ငြိမ်ငြိမ်လေးနေပေးကြပါ၊ ဒီပြဿနာကို ကျွန်တော်ကိုယ်တိုင်ရှင်းမယ်"

ကိုလှစိန် က ကားပေါ်ကခုန်ဆင်းပြီး သတ္တူဆီကို လျှောက်လာပါသည်။ ပရိသတ်တွေက သတ္တူနဲ့ ကိုလှစိန်ကိုကြည့်ကာ ရင်တမမ။ ကိုလှစိန်က သတ္တူရဲ့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ပါသည်။

"မင်း ငါ့ခေါင်းကိုခွဲချင်တယ်မဟုတ်လား သတ္တူ၊ ငါ့ခေါင်းကိုခွဲရကျေနပ်ရင်၊ မင်းရဲ့အာဃာတတွေပြေမယ်ဆိုရင် လုပ်စမ်းကွာ"

"အေး ခွဲမယ်၊ မင်းခေါင်းကိုခွဲရမှ ကျေနပ်မယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သတ္တူ ဘီလူးတစ်ကောင်လို ခက်ထန်နေပါသည်။ သတ္တူ ထက်တွေ မြောက်တက်သွားပါသည်။ အော်သံတွေ၊ မျက်လုံးမှိ သူတွေကြားမှာ အသံတစ်သံ ...

"ကိုကို..."

သတ္တူရဲ့လက်က လေထဲမှာ ကျောက်ရုပ်တစ်ရုပ်လို ရပ်တ သွားပါသည်။ ပြီးတော့ အသံလာရာ ကျွဲရုပ်ကြီးကို သတ္တူ အပါအဝ အားလုံး ကြည့်ကြသည်။ ကျွဲရုပ်ဘေးက ဥက္ကဋ္ဌ ဦးရွှေမြ လန့်သွား သည်။ လူ မမြင်ရဘဲ ကျွဲရုပ်ဆီကအသံကြောင့် ...

"ဟာ ... ကျွဲရုပ် အသက်ဝင်လာတာလားမသိဘူး"

အားလုံး ဇဝေဇဝါဖြစ်နေချိန်မှာ ကျွဲရုပ်ဗိုက်အောက်က တံခ ဖွင့်သံနှင့်အတူ မေရီနဲ့မေခိုင် ဆင်းလာကြပါသည်။ မေရီ က မျက် ရည်တွေစီးကျရင်း ကိုလှစိန်နဲ့ သတ္တူ ရှိရာဆီ လာသည်။ မေ က ဒူးထောက်ထိုင်နေတဲ့ ကိုလှစိန်ကိုကြည့်ကာ ...

"မေရီ့ကို ခွင့်လွှတ်ပါ အစ်ကိုကြီး။ ဘုံကထိန်ပွဲ မပျက်ဖို့အတွက် အားလုံး ပျော်ရွှင်ကြဖို့အတွက် မေရီ အစ်ကိုကြီးနောက်ကို မလိုက် နိုင်တော့ဘူး အစ်ကိုကြီးရယ်၊ ညီမလေးကို ခွင့်လွှတ်ပါ"

သတ္တူ လက်ကိုပြန်ရုပ်လိုက်သည်။ ကိုလှစိန် ခေါင်းမော့ကြည့် သည်။ ကိုလှစိန်ရဲ့မျက်နှာက ပြုံတော့မယ့်မိုးလို ဒါမှမဟုတ် ထိနိုက် နာကျင်မှုတစ်ခုခုနဲ့ လတ်တလောကြုံတွေ့လိုက်ရသလိုပါပဲ။





"အစ်ကိုကြီး ခွင့်လွှတ်ပါတယ် ညီမလေးရယ်၊ ညီမလေး လုပ် တာတွေက ကုသိုလ်ကောင်းမှုတစ်ခုလို့ အစ်ကိုကြီး သိပါတယ်၊ အားလုံး ပျော်ရွှင်ဖို့အတွက် ညီမလေးနဲ့အစ်ကိုကြီး အသည်းကွဲတာ၊ ဆက်ချရင် အားလုံး သာဓုခေါ်ကြမှာပါ"

ကိုလှစိန်နဲ့မေရီ အဖြစ်ကို အားလုံး စိတ်မကောင်း။

"ဒကာလေး သတ္တူ ..."

"ဆရာတော် ကြွလာပြီ၊ လမ်းဖယ်ပေးကြဟေ့"

အားလုံး ဒူးထောက် လက်အုပ်ချီသူ၊ ခါင်းပျဉ်ခွေထိုင်ကြရင်း လက်အုပ်ချီသူနဲ့ ဆရာတော်ကို လမ်းရှင်းပေးကြပါတယ်။

"ဘာသာတရားပွဲတော်ကို နှောင့်ယှက်သူ၊ ဘာသာရေးကို စော် ကားရင် အပြစ် ဘယ်လောက်ကြီးတယ်ဆိုတာ ဒကာလေးလဲ ဗုဒ္ဓ ဘာသာပဲ၊ ဘုန်းကြီး ရှင်းပြဖို့လိုမလား"

ဆရာတော့်စကားကြောင့် သတ္တူ ခေါင်းငိုက်စိုက်ကျသွားပါ သည်။

"လူတွေရဲ့ ချစ်ခြင်းမေတ္တာတွေ၊ သံယောဇဉ်တွေဆိုတာ ဘုန်းကြီးနဲ့တော့ မဆိုင်ဘူး ဒကာသတ္တူ၊ ဒါပေမယ့် ချစ်ခြင်းမေတ္တာ ကြောင့် ငြိမ်းချမ်းရေးတွေဖြစ်လာမယ်ဆိုရင်တော့ ဘုန်းကြီး ဝင်ပါ င့်တယ်ထင်လို့ ဘုန်းကြီး လာတွေ့ရတာပဲလေ၊ ဘုန်းကြီး ဝင်ခွ းမယ်၊ ဒကာသတ္တူ က ဒကာလှစိန်နဲ့ ပြိုင်ဘက်ဖြစ်ကြတာနော်၊



www.burmeseclassic.com

www.burmeseclassic.com



ဒီက လှစိန်နဲ့ ဒကာရဲ့ညီမနဲ့ ပြဿနာတက်ကြတာလား"

သတ္တုလက်က ဝါးရင်းတုတ် လွှတ်ကျသွားပါသည်၊ သတ္တု ဆရာတော်ကို လက်အုပ်ချီပြီး ...

"တပည့်တော်နဲ့ဖြစ်တာပါ အရှင်ဘုရား"

"မောင်လှစိန်ကရော လူရှုပ်လူပွေလား"

သတ္တု ခေါင်းခါရင်း ...

"မရှုပ်ပွေပါဘူးဘုရား"

"လူတောထဲတိုးလို့မရတဲ့ရောဂါလက္ခဏာရှိလား"

"မရှိပါဘူးဘုရား"

"ကြေးမြီကင်းရဲ့လား"

သတ္တု ခေါင်းညိတ်ရပါပြီ။

"ငယ်ငယ်ကဖြစ်ခဲ့တဲ့ ဘာမဟုတ်တဲ့ပြဿနာကို နှစ်တွေ လတွေ ကြာတဲ့အထိ ရင်အလေးခံပြီး ဘာလို့ယူချင်ရတာလဲ ဒကာ သတ္တု၊ ဒကာလေးက ကိုယ်စိတ်ချမ်းသာအောင် ဒကာရဲ့ညီမနဲ့ လှစိန်ကို ခွဲလို့အဆင်ပြေတယ်ထား၊ အစ်ကို စိတ်ချမ်းသာအောင် ဒကာ့ညီမက လိုက်လျောတယ်ထား ဒကာလေးညီမက ဒကာလို စိတ်ချမ်းသာပါ့မလား၊ နောက် လှစိန် ကရော စိတ်ချမ်းသာပါ့မလား။ ဒါဆိုရင် ဒကာ လောဘကြီးတာပဲ၊ တစ်နည်းပြောရရင် ဒါဟာ ဝဇီကံနဲ့သတ်တဲ့ လူသတ်မှုလို့ ပြောလို့ရတာပဲ ဒကာ"





သတ္တု မျက်ရည်လည်ပြီ။ ဆရာတော်က သတ္တုကို ကရုဏာ သက်သလိုကြည့်သည်။

"ဘုန်းကြီးတို့ ဗုဒ္ဓဘာသာမှာ ဝဋ်ဆိုတာ အမြဲရှိတယ် ဒကာ၊ ဒကာ နောက်ကြုံလာမယ့် ဝဋ်သံသရာကို စိန်ခေါ်ရဲတဲ့သတ္တိ ရှိလား၊ ဒကာ့အလှည့်ကြုံရင် ခံနိုင်ရည်ရှိလို့လား၊ ဒကာ ငယ်ပါသေးတယ်၊ ကံသေကံမ မပြောနိုင်ပေမယ့် ဒကာ အိမ်ထောင်ပြုလို့ အခုလိုကြုံခဲ့ရင် ..."

ဆရာတော် စကားမဆက်တော့။ မေရီ က ရှိုက်ငိုနေပုံ၊ ကိုလှစိန်ရဲ့ လက်အုပ်ချီ မျက်ဝန်းမိတ်ကဘ ပါးပြင်ပေါ် ကစီးကျလာတဲ့ မျက်ရည်တွေကို သတ္တု မမြင်ဖူးသလို တွေတွေဝေဝေကြည့်ရင်း ဆရာတော်ကို အခုလိုပြောပါတယ်။

"တပည့်တော် မှားပါတယ်ဘုရား၊ တပည့်တော် သူတို့ချစ်ခြင်းကို မခွဲတော့ပါဘူးဘုရား"

ဆရာတော် ကျေကျေနပ်နပ်ပြုံးသည်။ ကိုလှစိန် မထင်မှတ်လောက်အောင် အံ့အားသင့်သွားပါသည်။ မေရီ သတ္တု့ဆီ ပြေးလာရင်း သူ့အစ်ကိုကိုဖက်ကာ ...

"ကိုကို တကယ်ပြောတာနော်"

သတ္တု က သူ့ညီမခေါင်းကိုပွတ်ကာ နှစ်သိမ့်ရင်း ...

"တကယ်ပြောတာပေါ့ ညီမလေးရယ်၊ ကိုကိုတို့ဘုရား ညီမ



www.burmeseclassic.com

www.burmeseclassic.com



လေးနဲ့ ကိုကို နှစ်ယောက်တည်းရှိတာပဲကွာ၊ ညီမလေး စိတ်ဆင်းရဲနေရင် ကိုကို ပျော်မယ်လို့ ညီမလေး ထင်လို့လား၊ လှစိန် ...”

ကိုလှစိန် က မတ်တတ်ရပ်သည်။ သတ္တူ က ကိုလှစိန်လက်ကို ဆွဲကာ ...

“မင်းနဲ့ငါရဲ့ရန်ငြိုးတွေ၊ အာဃာတတရားတွေကို ဒီနေ့ကစပြီး မေ့ပစ်လိုက်တော့”

“မင်း တကယ်ပြောတာနော်”

သတ္တူ က ခေါင်းညိတ်ပါသည်။ လှစိန် က မေရီ ကို လှမ်းဖက်တော့ သတ္တူ က အောင့်သက်သက်နဲ့ ...

“အဲဒီသောက်ချိုးတွေကြောင့် မင်းနဲ့ငါ မတည့်တာ”

သတ္တူ့ရဲ့အသံကြောင့် အားလုံး ရယ်ကြပါသည်။

ရေဘင် က...

“ဟေး ... စ,မယ်၊ ဝမ်း တူး သရီး ...”

အိုးစည်ဝိုင်းက အချက်ပေးလိုက်တာနှင့် စ,တီးပါတော့သည်။ ဆရာတော် အကျေနပ်ကြီးကျေနပ်ကာ ကျောင်းပေါ် တက်သွားပါသည်။ သတ္တူ က ဝါးရင်းတုတ်ကြီး ဖြုန်းဆို ကောက်ကိုင်တော့ ကိုလှစိန် လန့်သွားကာ မေရီ ကို ဖက်ထားရာမှ ခွာလိုက်ပါသည်။ သတ္တူ က သဘောကျရင်း အိုးစည်ဝိုင်းထဲသို့ ဖင်လေးကော့ကာ ကော့ကာ ဝါးရင်းတုတ်မြှောက်ကာ က,ရင်း ထွက်သွားပါသည်။





မေရီ က ကိုလှစိန့်ပုံစံကြောင့် ရယ်ပြီး လှမ်းဖက်သည်။

“ပျော်လိုက်တာ အစ်ကိုကြီးရယ်”

ကိုလှစိန် က ...

“ဖြည်းဖြည်းဖက်ပါ မေရီရယ်”

“ဘာဖြစ်လဲကွာ၊ မေရီ အရမ်းချစ်လို့ဖက်တာပဲဟာ”

ကိုလှစိန် က ဘေးဘီကိုကြည့်ရင်း ...

“လူတွေနဲ့ကွာ”

ကိုလှစိန် ပုံစံကိုကြည့်ပြီး မေခိုင် က ...

“အခုမှပဲ စိတ်ချမ်းသာတော့တယ် ကိုကိုရာ၊ မေခိုင်ဖြင့် ကိုကို့ကိုလွမ်းလိုက်တာ”

ကိုကိုကြီး မေခိုင့်ပခုံးကိုဖက်ရင်း ...

“ကိုကိုလဲ ကိုလှစိန်ကို ကူညီချင်လို့သာ လွှတ်လိုက်ရတာ၊ နေလို့ကိုမရဘူး”

မေခိုင် က မျက်စောင်းထိုးရင်း ...

“သွားပါ၊ အိမ်မှာဝိုင်းဖွဲ့ပြီး မူးရူးနေကြတယ်လို့ သတင်းကြားတယ်နော်”

“ဒါကတော့ လွမ်းလွန်းလို့ မခံနိုင်လို့ သောက်မိရတာပါကွာ”

“ပြောလိုက်ရင်တော့ ဒါပဲ”

မေခိုင့် စကားကြောင့် ကိုကိုကြီး က ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှာတော့ စစ်သူကြီးဝင်းသိန်းက ဆောင့်ကြောင့်ထိုင်ကာ သူ့ရဲ့မက်တွေနဲ့ အရက်ခိုးသောက်နေပါသည်။

DJ ညိုကြီးရဲ့သား နှောင်ကြိုး က ...

"ဟော့ စစ်သူကြီး ကုလားဖြူတွေ လာနေပြီ"

နှောင်ကြိုး စကားကြောင့် စစ်သူကြီးဝင်းသိန်း လှမ်းကြည့်လိုက်ပါတယ်။ ကုလားဖြူ အနဲနဲဆာမီ က သွားတွေပဲမြင်ရပါတယ်။ ကားအောက်တနေ့ လက်ပြလို့ ...

"ဒီကလေးကတော့ကွာ'..."

ရဲမက်နှစ်ဦးကတော့ ခမောက်တွေရွဲ့စောင်းလို့ လက်အုပ်ချီပြီး ရှိရှိသေသေမှုးနေကြပါသည်။

ကျေးဇူးတင်စွာဖြင့် ...

ဓိနှင်းခ



BURMESE CLASSIC .com

www.burmeseclassic.com